http://www.dhamma-download.com

ပြန်လည်ဆန်းစစ်သင့်ပြီ

- ရဟန်းတို့၊ လောကသားအပေါင်းသည် အဝိဇ္ဇာအမှောင်ထုဖြင့် ပိတ်ဖုံးခံနေရ၏။ အဝိဇ္ဇာဥဒွဲတွင်း၌ မွေ့ဖွာဖြစ်ပေါ်နေရ၏။ ကိလေသာနှောင်အိမ်၌ ထည့်သွင်းပိတ်လှောင်ခံနေရ၏။ အဝိဇ္ဇာအမှောင်ထု ဖြင့် ပိတ်ဖုံးခံနေရသော ထိုလောကသားအပေါင်းအား ငါဘုရားမှတစ်ပါး အလင်းရောင်ကို ညွှန်ပြ နိုင်သော အခြားတစ်စုံတစ်ယောက်သောသူသည် လောကဌမရှိ။

- ရဟန်းတို့ လောကသားအပေါင်းသည် လမ်းများမှာ ပြေလျှောနေ၏။ လမ်းလွဲနေသော ထိုလောကသား အပေါင်းအား ငါဘုရားမှတစ်ပါး လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သော အခြားတစ်စုံတစ်ယောက်သော သူသည် လောကဌမရှိ။

- ရဟန်းတို့ လောကသားအပေါင်းမှာ ကိုယ်ပိုင်ပစ္စည်းမရှိ၊ အသက်ရှင်နေစဉ် ငှဲကျောင်း၊ ငါးခြဲ၊ ငှဲအိမ်၊ ငှဲပစ္စည်း၊ ငှဲဇနီး၊ ငှဲယောကျ်ားစသည်ဖြင့် လူ၏စိတ်၌ အမြတ်တနိုးသိမ်းပိုက်ထားသော အရာအားလုံး ကို စွန့်ပစ်ထားခဲ့၍ တမလွန်ဘဝသို့ ပြောင်းရွှေ့သွားရ၏။

- ငှဲရှင်တို့၊ ငှဲရှင်တို့သည် အမှောင်ထဲမှ လွတ်မြောက်လိုသဖြင့် မြတ်ဗုဒ္ဓ၏ ဓမ္မအလင်းရောင်များကို ရှာဖွေလေ့လာပြီး လောကသားအပေါင်းအား ဓမ္မအလင်းရောင်ကို ညွှန်ပြရန် ရှင်ရဟန်းပြုခဲ့ကြ၏။

- ငှဲရှင်တို့ ထိုသို့ရဟန်းပြုပြီးနောက် ပိဓိလက်ရှိဆောင်ရွက်ချက်အပေါ် လမ်းမှန်သလား၊ လမ်းများ နေသလားဆိုတာ အထက်ပါ မြတ်ဗုဒ္ဓစကားနှင့် ချိန်ကိုက်ကြည့်ကြရဲလား။

- ငှဲရှင်တို့သည် လမ်းစပျောက်ပြီး အမှောင်ထဲမှာ မျက်စိမလည်ရအောင် သတိပြုဓိကြရဲလား။

- အလင်းရောင်ကို ညွှန်ပြနိုင်သူ၊ လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သူသည် မြတ်ဗုဒ္ဓတစ်ဆူသာရှိခြင်းကြောင့် ဓိဓိဘဝကို ပြန်လည်ဆန်းစစ်လျက် ဓမ္မအလင်းရောင်များ ဖြစ်ထွန်းလာပြီ။ လမ်းမှန်သို့ ပြန်လည် ရောက်ရှိနိုင်ရေးအတွက် မြတ်ဗုဒ္ဓတရားတော်များကို မဖြစ်မနေ ကြိုးစားရမည်ဆိုတာ သတိထား ဓိကြရဲလား။

- မြတ်ဗုဒ္ဓတရားတော်ကို လေ့လာခွင့်မရကြသော ကမ္ဘာ့လူသားများမှာ ဓိဓိတို့အပြုအမူကို ချိန်ကိုက် ကြည့်ရန် မြတ်ဗုဒ္ဓတရားတော်များမရှိခြင်းကြောင့် လမ်းများမှာ လျှောက်ဓိကြသော်လည်း အပြစ် မဆိုသာ။ ငှဲရှင်တို့မှာ ကုသိုလ်ကံကောင်း၍ မြတ်ဗုဒ္ဓ၏ ဓမ္မအလင်းရောင်များရှိနေကြပါလျက် အမှောင်ထဲမှာ လမ်းများသို့ လိုက်နေကြခြင်းအတွက် ရှက်ဖို့ကောင်းလှ၏။ ငှဲရှင်တို့၏ အပြုအမူ သည် မြတ်ဗုဒ္ဓသာသနာတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပါသည်။

ဗုဒ္ဓဝင်ဆန်းစစ်ပြီး နိဗ္ဗဒေဒွါရ

ပုသိမ်မြို့၊ ပစ္စိမာရုံကျောင်းတိုက်

အရှင်ဓေမိန္ဒ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယဓါဠိပါရဂူ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ



ဗါဠိဝါကျရေးနည်း

(တတိယတွဲ)

http://www.dhammadownload.com

ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်

အရှင်ဓမ္မိန္ဒ

သာသနဓဇ သိရိပဝရ မဟာဓရိယ၊ ဝိနယပါဠိပါရဂူ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

(၈၂)

ပါဠိဝါကျရေးနည်း

(တတိယတွဲ)



စာပေအမှတ် (၂၂)

| ပထမအကြိမ် |

သာသနာ ၂၅၄၉ ကောဇာ ၁၃၆၇

ခရစ် ၂၀၀၅

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

- စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၅၆၀၈၀၉
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၄၃၀၀၈၀၉
- ဒုတိယအကြိမ် - ၂၀၁၀ ခုနှစ်၊ မေလ
- အုပ်ရေ - ၂၀၀၀
- တန်ဖိုး - ၂၂၀၀ ကျပ်
- ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"
  အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ☎ : ၃၈၉၀၂၃
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင်
  ကျူမငေးပုံနှိပ်တိုက် (မြ - ၀၇၃၄၂)
  အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅
- မျက်နှာဖုံးဒီဇိုင်း - ကောင်းမွန်ကွန်ပျူတာ
- ထုတ်ဝေသူ - ဦးကျော်ဟင်း
  ယုံကြည်ချက်စာပေ
  အမှတ် ၁၁၁၊ ၃ထပ်(ယာ)၊
  ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

အရှင်ခေမိန္ဒ ၂၉၄.၃
ပါဠိဝါကျရေးနည်း(တတိယတွဲ)/အရှင်ခေမိန္ဒ - ရန်ကုန်။
ယုံကြည်ချက်စာပေ၊ ၂၀၀၉။
၂၇၀ - စာ၊ ၁၄.၂ × ၂၀.၇ စင်တီ။
(၁) ပါဠိဝါကျရေးနည်း (တတိယတွဲ)

http://www.dhammadownload.com

နိဒါန်း

ပါဠိဝါကျရေးနည်း ပထမတွဲစာအုပ် ထွက်စကပင် ပါဠိဝါကျရေးနည်း ဒုတိယတွဲ၊ တတိယတွဲတို့ကို ပုံနှိပ်ရန် အသင့်ရှိနေခဲ့၏။ သို့သော် ပါဠိပညာရေးစနစ် မတည်ငြိမ်သေးခြင်း၊ ငွေအခက်အခဲရှိခြင်း စသောအကြောင်းများကြောင့် ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ် မထွက်နိုင်ခဲ့ခြင်းဖြစ်၏။

အလှူငွေတစ်သိန်းလှူဒါန်းခြင်း

၁၃၆၅ ခု၊ တပေါင်းလဆန်း (၁၄) ရက်နေ့ ကမ္ဘာအေး၊ ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးပြီးဆုံးသောအခါ ရန်ကုန်မြို့၊ သမ္မတနိဗ္ဗာန်ကုန်ဆိုင်မှာ ရန်ကုန်မှ ဦးဇနကဆိုသူ ရဟန်းတော်တစ်ပါး စာရေးသူကို လာတွေ့ပြီး ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ်ကိစ္စကို လျှောက်ထား၏။

''ဆရာတော်ရေးတဲ့ ရှုပသိဒ္ဓိသင်ကြားနည်း တတိယတွဲနဲ့ ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ်များ ဘယ်တော့ထွက်မှာလဲ၊ ဒီစာအုပ်တွေ ဘာ့ကြောင့် မထွက်နိုင်ပါသလဲ၊ ငွေအခက်အခဲများ ရှိနေလို့လား၊ သာသနာရေး ဦးစီးဌာနက ဒကာတစ်ဦးကို အကူအညီတောင်းပြီး ဆရာတော်ရေးတဲ့စာအုပ်များနဲ့ တပည့်တော် ပါဠိစာပေကို လေ့လာနေပါတယ်။ ဆရာတော်ရဲ့စာအုပ်တွေ စာအုပ်ကောင်းများဖြစ်ပါတယ်၊ တပည့်တော်အတွက် အကျိုးများလှပါတယ်၊ ကျန်နေတဲ့အပိုင်းတွေကို ဆက်လက်လေ့လာလိုပါတယ်၊ ကျန်တဲ့စာအုပ်တွေကို ဆက်လက်ထုတ်ဝေပေးပါ၊ ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် တပည့်တော် အလှူငွေတစ်သိန်း လှူပါ့မယ်''

ဤသို့လျှောက်ထားခဲ့၏။ ထို့နောက် (၂၉-၂-၂၀၀၄) နေ့တွင် မရမ်းကုန်းမြို့နယ်က သူ့အဖွား ဟိုတယ်သို့ပင့်ပြီး ဆွမ်းကျွေး၍ ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ်ပုံနှိပ်ရန် အလှူငွေတစ်သိန်း လှူဒါန်းခဲ့၏။ စာရေးသူက စာအုပ်မထွက်နိုင်ခြင်းကိစ္စကို အောက်ပါအတိုင်း ပြန်လည်ရှင်းပြခဲ့၏။

http://www.dhammadownload.com

''အရှင်ဘုရားကသာ တပည့်တော်ရေးတဲ့စာအုပ်တွေ စာအုပ်ကောင်းများဖြစ်တယ်၊ အရှင်ဘုရားအတွက် အကျိုးများတယ်ပြောတာ၊ တပည့်တော် စာအုပ်တွေ အရောင်းရထိုင်းနေတာကိုထောက်ရင် ခေတ်စာသင်သားအများစုက တပည့်တော်စာအုပ်တွေကို မကြိုက်ဘူးဆိုတာ ခန့်မှန်းလို့ရပါတယ်၊ ဒါ့အပြင် စာအုပ်တစ်အုပ်ကို အုပ်ရတစ်ထောင်လောက်ရိုက်မယ်ဆိုရင်တောင် အနည်းဆုံး ငွေ (၅) သိန်းလောက် ကုန်ကျပါတယ်၊ တပည့်တော်က စာပေဝါသနာပါလို့ စာအုပ်တွေနေရေးနေသော်လည်း တပည့်တော်မှာ အသိုင်းအဝိုင်းမရှိဘူး၊ လိုအပ်တဲ့ငွေကို နောက်က ကူညီပံ့ပိုးပေးမည့်သူမရှိဘူး၊ ဒါ့ကြောင့် ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ်နဲ့ ရူပသိဒ္ဓိသင်ကြားနည်း တတိယတွဲ စာအုပ်များ မထွက်နိုင်ဘဲဖြစ်နေပါတယ်၊ ငွေအရင်းအနှီး အမြောက်အများ အကုန်ခံပြီး စာသင်သားများအတွက် စေတနာထားလျက် ရေးသားထုတ်ဝေခဲ့သော်လည်း စာသင်သားအများစုက မကြိုက်ဘူးဆိုတော့ ကျန်စာအုပ်တွေ ထုတ်ဝေဖို့ကိစ္စကို စဉ်းစားနေရတာပေါ့၊ အရှင်ဘုရားအတွက် အကျိုးရှိပါတယ် ဆိုတော့ ကျန်နေတဲ့စာအုပ်များကို ဆက်လက်ထုတ်ဝေပေးပါ့မယ်၊ ဒီနှစ် ဝါမဆိုမီထွက်နိုင်အောင် ကြိုးစားပေးပါ့မယ်''

စာမူအသင့်ရှိနေသော်လည်း

အထက်ပါအတိုင်း ကတိပြုပြီးနောက် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးပြီးသောအခါ ပုသိမ်သို့မပြန်ဘဲ မိမိဒေသသို့သွားလျက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့၏။ ရမ်းပြဲမြို့၌ အဘိဓမ္မာသင်တန်းနှင့် ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့၏။ ဝက်ကိုက်ချောင်း၊ ပြင်ချောင်းကြီး၊ သင်းပန်းကိုင်း၊ သလူပြိန် စသော ကျေးရွာများမှ ကျောင်းသားကျောင်းသူများကို စည်းရုံးလျက် ဝက်ကိုက်ချောင်းကျေးရွာ၌ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့၏။

http://www.dhammadownload.com

ယဉ်ကျေးမှုသင်တန်းပြီးဆုံး၍ ၁၃၆၆ ခု၊ ကဆုန်လဆန်း (၅) ရက် (၂၃ ၊ ၄ ၊ ၂၀၀၄) နေ့ ပုသိမ်သို့ပြန်ရောက်ခဲ့၏။ ပုသိမ်၌လည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်ပြီး သင်ပေးရပြန်၏။ သင်တန်းပြီးဆုံးပြီးနောက် ၁၃၆၆ ခု၊ ကဆုန်လဆန်း (၁၄) ရက် (၂ ၊ ၅ ၊ ၂၀၀၄) နေ့ကစပြီး ပါဠိဝါကျ ရေးနည်း တတိယတွဲစာမူကို ရေးသားခဲ့၏။ တတိယတွဲစာမူများ အသင့်ရှိနေသော်လည်း ပထမပြန်စာမေးပွဲ၌ ပါဠိသဒ္ဒါအသုံးအနှုန်းဘာသာကို ပယ်လိုက်သောအခါ မူလစီစဉ်ထားသော ပါဠိဝါကျရေးနည်း ဒုတိယတွဲ၊ တတိယတွဲ စာမူများမှ သင့်လျော်သော သင်ခန်းစာများကို ထုတ်နုတ်၍ ပါဠိဝါကျရေးနည်း ဒုတိယတွဲကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ကြောင့် ဒုတိယတွဲ၊ တတိယတွဲများ၌ ကျန်နေသော သင်ခန်းစာများကို တတိယတွဲစာမူအဖြစ် ပြန်လည်ကူးယူလျက် စုစည်းခဲ့ရ၏။

မမျှော်လင့်သောကိစ္စပေါ်များဖြစ်ပေါ်ခဲ့

ထိုသို့ စာရေးနေစဉ် ကျောက်ကပ်၌ ကျောက်တည်ရောဂါကြောင့် စာမရေးနိုင်လောက်အောင် ခါးအောင့်၊ ပိုက်အောင့်လာသဖြင့် ပထမဝါဆိုလဆန်း (၆) ရက် (၂၂ ၊ ၆ ၊ ၂၀၀၄) နေ့ ရန်ကုန်သို့လိုက်သွားပြီး တိုင်းရင်းဆေးဖြင့် ကုသနေစဉ် ဒုတိယဝါဆိုလဆန်း (၁၀) ရက် (၂၆ ၊ ၇ ၊ ၂၀၀၄) နေ့ ညနေ (၈) နာရီအချိန်မှစ၍ မနေနိုင်မထိုင်နိုင်လောက်အောင် တစ်ညလုံးဗိုက်အောင့်၍ အော်နေခဲ့ရ၏။ ထို့ကြောင့် ဒုတိယဝါဆိုလဆန်း (၁၁) ရက် (၂၇ ၊ ၇ ၊ ၂၀၀၄) နေ့ ရန်ကုန်သို့သွား၍ ရွှေဂုံတိုင်ဆေးခန်း၌ပြသရာ ဆရာဝန်က ဆေးရုံတက်ခိုင်းသဖြင့် ဆေးရုံသို့တက်ရောက်၍ ဒုတိယဝါဆိုလပြည့်ကျော် (၂) ရက် (၂ ၊ ၈ ၊ ၂၀၀၄) နေ့ နေ့လည် (၁၂) နာရီအချိန်တွင် ကျောက်ကပ်ကို ခွဲစိတ်ကုသခဲ့ရ၏။ ထိုအချိန်မှစ၍ ပါဠိဝါကျရေးနည်း တတိယတွဲစာမူကို ဆက်မရေးနိုင်ဘဲ ရပ်ထားလိုက်ရ၏။

ကျန်းမာရေးအနာယူနေစဉ် အတော်အသင့်ထိုင်နိုင်လာသောအခါ စာမူကို ပြန်လည်ရေးသားနေစဉ် ပုသိမ်မြို့၊ ဓမ္မရေစင်အဖွဲ့၏ အခြေခံဗုဒ္ဓဘာသာ

http://www.dhammadownload.com

ယဉ်ကျေးမှုစာမူရေးသားရန်ကိစ္စ ပေါ်ပေါက်လာသဖြင့် ၁၃၆၆ ခု၊ ဝါခေါင်လ ပြည့်ကျော် (၇) ရက် (၁၆ ၊ ၉ ၊ ၂၀၀၄) မှစ၍ ယင်း အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးမှုစာမူကို တာဝန်ယူပြီး ရေးပေးခဲ့ရပြန်၏။ အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးမှုစာမူကို ရေးသားခြင်းကိစ္စ တော်သလင်းလဆန်း (၉) ရက် (၂၂ ၊ ၉ ၊ ၂၀၀၄) နေ့တွင် ပြီးဆုံး၏။ ထို့ကြောင့် ပါဠိဝါကျရေးနည်းစာမူကို ဆက်ရေးခဲ့ရာ ဗလာစာအုပ်နှစ်အုပ်အထိ ရေးပြီး၍ ကွန်ပျူတာစီရန် အပ်နှံခဲ့၏။

၁၃၆၆ ခု၊ တန်ဆောင်မုန်းလဆန်း (၂) ရက် (၁၃ ၊ ၁၁ ၊ ၂၀၀၄) နေ့ ပစ္စိမာရုံဆရာတော်ဘုရားကြီး ပုံလွန်တော်မူသဖြင့် စာဆက်မရေးနိုင်ဘဲ ရပ်ထားလိုက်ရ၏။ ထိုအချိန်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ဆက်မရေးနိုင်ဘဲ (၆ ၊ ၆ ၊ ၂၀၀၅) နေ့ကမှ ပြန်လည်ရေးခဲ့ရာ ၁၃၆၇ ခု၊ နယုန်လပြည့်ကျော် (၅) ရက် (၂၆ ၊ ၆ ၊ ၂၀၀၅) နေ့တွင် ပါဠိဝါကျရေးနည်း တတိယတွဲစာမူကို ရေးသားခြင်းကိစ္စ ပြီးစီး၏။ ဤသို့ မမျှော်လင့်ဘဲ ဖြစ်ခဲ့ရသောအကြောင်း အမျိုးမျိုးကြောင့် ကတိပြုခဲ့သည့်အတိုင်း ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ် မထွက်နိုင်ခဲ့ခြင်း ဖြစ်၏။ ဤအကြောင်းကိုသိရှိရပြီး စာအုပ်အထွက်နောက်ကျ နေရခြင်းကို ဦးဇနကအနေဖြင့် ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဦးဇနကကို အကြောင်းပြု၍ ပါဠိဝါကျရေးနည်း တတိယတွဲစာအုပ် ထွက်လာခဲ့ခြင်းဖြစ်၍ ဦးဇနကကိုလည်း စာရေးသူအနေဖြင့် ကျေးဇူးတင်ရှိပါသည်။

ဆရာကောင်းနှင့်တွေ့ဖို့လို

ပါဠိဝါကျရေးနည်း သင်ခန်းစာများ ပြည့်စုံအောင် ပါဠိဝါကျရေးနည်း စာအုပ် သုံးတွဲခွဲပြီး ရေးခဲ့၏။ နမူနာပါဠိစာစီစာကုံးများ ထည့်ပေးဖို့ရည်ရွယ်ခဲ့သော်လည်း စာအုပ်က မှန်းထားတာထက် ကြီးနေပြီဖြစ်၍ မထည့်ဖြစ်ခဲ့တော့ပေ။ ဤသုံးတွဲလုံး၌ပါရှိသော သင်ခန်းစာများကို ပါဠိစာပေကျွမ်းကျင်သော ဆရာသမားများထံ၌ စိတ်ပါဝင်စားစွာ အရေးလေ့ကျင့်နိုင်ပါလျှင် ပါဠိဝါကျ အရေးအသား ကျွမ်းကျင်တတ်မြောက်လာမည်ဖြစ်၏။ ပါဠိပညာရှင်တစ်ပါး အဖြစ် ပတ်ဝန်းကျင်က ယုံကြည်လေးစားမှုကို ခံယူလိုပါက ပါဠိဝါကျရေးနည်း

http://www.dhammadownload.com

ပထမတွဲစာအုပ်နိဒါန်း၌ ညွှန်ကြားခဲ့သော လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာရမည်၊ ပါဠိဝါကျရေးနည်းများကို ကုန်အောင်ရေးဖူးရုံဖြင့် ပါဠိပညာရှင် တစ်ပါး ဖြစ်မလာနိုင်ပေ။ ပါဠိဝါကျရေးနည်း သင်ခန်းစာများသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများလာ ပါဠိဝါကျများကို ကြည့်ရှုလေ့လာတတ်ရုံ သင်ပေးခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို အမြဲကြည့်ရှုလေ့လာဖို့ လိုပါသည်။ ထိုသို့ ကြည့်ရှု လေ့လာသောအခါ မိမိလေ့ကျင့်ရေးသားထားသော ပါဠိဝါကျရေးနည်း သင်ခန်းစာများနှင့် တိုက်ဆိုင် ဆက်စပ်ကြည့်ရမည်။ ပါဠိဝါကျရေးနည်း သင်ခန်းစာ၌ မပါဝင်သော ဝါကျမျိုးကို တွေ့ရှိပါက ယင်းဝါကျများကို သတိထားပြီး လေ့လာပါ၊ မိမိကိုယ်တိုင် ရေးကြည့်ရမည်။

ပန်းပွင့်တစ်ပွင့်ကို သီကုံး၍ ပန်းကုံးဖြစ်မလာနိုင်သကဲ့သို့ ပါဠိဝါကျတစ်ခုတည်းဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ဖြစ်မလာနိုင်ပေ။ ပါဠိဝါကျရေးနည်း သင်ခန်းစာများ၌ ဖော်ပြခဲ့သော ပါဠိဝါကျအသီးအသီးကို သူနေ ချာ၌သူ အသုံးချတတ်ပြီး ရေးသားနိုင်လျှင် ပန်းပွင့်များစွာကို သီကုံးထားဖြသော ပန်းကုံးကဲ့သို့ ပါဠိဝါကျများစွာကို သီကုံးထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအဖြစ် သဘောပေါက်နားလည်လာမည်ဖြစ်၏။ ဤသို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ကြည့်ရှုသုံးသပ်နိုင်ပြီး မိမိကိုယ်တိုင်လည်း ရေးတတ်လာသောအခါ ပတ်ဝန်းကျင်က မိမိကို ''ပါဠိပညာရှင်'' အဖြစ် အသိအမှတ်ပြုပြီး အမှန်ပင်လေးစားလာပါလိမ့်မည်။

လောကၻ၌ ဂုဏ်ရှိပြီး လူအထင်ကြီးစေလိုသောစိတ်ဓာတ်ဖြင့် စာမေးပွဲအောင်ရုံလောက်သာ ရည်မှန်း၍ စာသင်ပါက ပါဠိပညာရှင်တစ်ပါး ဖြစ်မလာနိုင်ပေ။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ အလောင်းတော်များဖြစ်သော ဥပတိဿနှင့် ကောလိတတို့သည် မြတ်ဗုဒ္ဓမပွင့်မီကပင် ကြိုတင်၍ သစ္စာတရားကို ရှာဖွေနေခဲ့ကြသော်လည်း သစ္စာတရားကို မတွေ့ရှိခဲ့ကြပေ။ မြတ်ဗုဒ္ဓပွင့်တော်မူလာပြီးနောက် အရှင်အဿဇိ၏အကူအညီဖြင့် မြတ်ဗုဒ္ဓနှင့် တွေ့ရတော့မှ သစ္စာတရားကို တွေ့ရှိခဲ့ကြပါသည်။ ဤအချက်ကိုထောက်လျှင်

http://www.dhammadownload.com

ပါဠိပညာရှင်တစ်ပါးဖြစ်လာနိုင်ဖို့မှာ ဆရာသမားကောင်းနှင့်တွေ့ဖို့လိုကြောင်း သဘောပေါက်သင့်ပါသည်။ ဘယ်နည်းနှင့်ပဲအောင်အောင် စာမေးပွဲအောင်လျှင်ပြီးရော့ဆိုပြီး စာမေးပွဲအောင်စာရင်းကိုကြည့်လျက် ပိတိဖြစ်နေသော အသိုင်းအဝိုင်းထဲမှာ ကျေနပ်နေလျှင်တော့ ခေတ်ထဲမှာ ဒကာ၊ ဒကာမအသိုင်းအဝိုင်းနှင့် ပစ္စည်းလေးပါး ပေါများပြီး ဘုန်းကြီးကောင်း ဘုန်းကြီးနေတတ်သော်လည်း ပါဠိပညာရှင်တစ်ပါးတော့ ဖြစ်လာနိုင်မည်မဟုတ်ပေ။ ပါဠိပညာရှင်ဖြစ်မလာရုံမက ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် ကင်းကွာနေခြင်းကြောင့် သူတော်ကောင်း အသိဉာဏ်များ ကင်းပျောက်လျက် မဟာယနဘုန်းတော်ကြီးများ ဘဝကဲ့သို့ ဗုဒ္ဓသာသနာတော်၏ အခြေခံတရားများ ပျက်စီးကာ သာမန်လူသားဘဝမျိုး ဖြစ်မှန်းမသိဖြစ်နေမှာ သေချာလှပါသည်။ ဤအချက်ကို ခေတ်စာသင်သားများ အထူးပင် သတိထားသင့်ကြပါသည်။

ဗုဒ္ဓဘာသာဝင်အားလုံးအတွက် မြတ်ဗုဒ္ဓသတ်မှတ်ပေးတော်မူသော ရည်မှန်းချက်ပန်းတိုင်သည် လူဒကာ၊ ဒကာမများ အထင်ကြီးခံရပြီး ပစ္စည်းလေးပါး ပေါများလျက် ဘဝသာယာရေးမဟုတ်ပေ။ ခန္ဓာကိုယ်၌ ဘဝအပေါ်မှာ ကပ်ငြိတွယ်တာတတ်သော ကိလေသာအပူဓာတ်များ ငြိမ်းအေးစေပြီး ဆင်းရဲအားလုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးသာဖြစ်ပါသည်။ စာသင်ခြင်းသည် လောက (ဘဝ) အပေါ်၌ မြတ်ဗုဒ္ဓရှုမြင်တော်မူသော အသိဉာဏ်မျိုးဖြစ်ထွန်းလာစေလိုသောဆန္ဒဖြင့် သင်ယူခြင်းသာဖြစ်ကြောင်း စာသင်သားတိုင်း သတိပြုသင့်ကြပါသည်။ မိမိကို လူအထင်ကြီးခံရပြီး ပစ္စည်းလေးပါးပေါများနေဖို့ထက် ပါဠိဘာသာကျွမ်းကျင်ကာ မြတ်ဗုဒ္ဓအဆုံးအမတရားတော်များ ကမ္ဘာလူသားများသန္တာန်၌ ပြန့်ပွားနေဖို့ကိစ္စက ပို၍အရေးကြီးပါသည်။ ပရိယတ္တိစာပေ ကျွမ်းကျင်အောင်မကြိုးစားဘဲ စာမေးပွဲအောင်ရုံ ဖြတ်လမ်းက လိုက်နေကြပါမူ ဗုဒ္ဓသာသနာတော်နှင့်မတန်ကြဘူး၊ လူဝတ်လဲပြီး စီးပွားရှာကြတာက ပိုကောင်းလိမ့်မည်ထင်ပါသည်။

အရှင်ခေမိန္ဒ
ပစ္စိမာရုံကျောင်းတိုက်၊ ပုသိမ်မြို့၊
၂၇ ၊ ၆ ၊ ၂၀၀၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၁)	
၁	အမှတ် (၁) သင်ခန်းစာ၊ ပကတိဝိကတိပုဒ်ရေးနည်း	၁
၂	အမှတ် (၂) သင်ခန်းစာ၊ ကြိယာဝိသေသနပုဒ်ရေးနည်း	၄
၃	အမှတ် (၃) သင်ခန်းစာ၊ ကိရဝါကျရေးနည်း	၉
၄	အမှတ် (၄) သင်ခန်းစာ၊ အပ္ပေါနာမဝါကျရေးနည်း	၁၁
၅	အမှတ် (၅) သင်ခန်းစာ၊ အဟော,ဝတသာဓုဝတယန္တုန	၁၂
၆	အမှတ် (၆) သင်ခန်းစာ၊ အဟောသာဓုဝါကျရေးနည်း	၁၅
၇	အမှတ် (၇) သင်ခန်းစာ၊ ဝတဝါကျရေးနည်း	၁၈
၈	အမှတ် (၈) သင်ခန်းစာ၊ ယာဝ, တာဝ ဝါကျရေးနည်း	၁၉
၉	အမှတ် (၉) သင်ခန်းစာ၊ ယာဝဝါကျရေးနည်း	၂၂
၁၀	အမှတ် (၁၀) သင်ခန်းစာ၊ တာဝဝါကျရေးနည်း	၂၄
၁၁	အမှတ် (၁၁) သင်ခန်းစာ၊ နာမဝါကျရေးနည်း	၂၉
၁၂	အမှတ် (၁၂) သင်ခန်းစာ၊ အပိဝါကျရေးနည်း	၃၅
၁၃	အမှတ် (၁၃) သင်ခန်းစာ၊ ဥပမာဇောတကယထာ တထာဝါကျရေးနည်း	၄၁
၁၄	အမှတ် (၁၄) သင်ခန်းစာ၊ ဝိယ ဣဝ ဝါကျရေးနည်း	၄၃
၁၅	အမှတ် (၁၅) သင်ခန်းစာ၊ သလက္ခဏအာကာရဇော တကယထာထတာဝါကျရေးနည်း	၄၅
၁၆	အမှတ် (၁၆) သင်ခန်းစာ၊ နူနဝါကျရေးနည်း	၄၇

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇	အမှတ် (၁၇) သင်ခန်းစာ၊ ကူဃဋ်၊ ဟန္ဒဝါကျရေးနည်း	၅၂
၁၈	အမှတ် (၁၈) သင်ခန်းစာ၊ အဌာနမေတံဝါကျရေးနည်း	၅၄
၁၉	အမှတ် (၁၉) သင်ခန်းစာ၊ ဌာနံခေါဇတံဝါကျရေးနည်း	၅၉
၂၀	အမှတ် (၂၀) သင်ခန်းစာ၊ နခေါပနေတံပတိရူပံ ဝါကျရေးနည်း	၆၂
၂၁	အမှတ် (၂၁) သင်ခန်းစာ၊ ပုရေပုရာဝါကျရေးနည်း	၆၅
၂၂	အမှတ် (၂၂) သင်ခန်းစာ၊ တေနဝါကျရေးနည်း	၆၇
၂၃	အမှတ် (၂၃) သင်ခန်းစာ၊ ဟေတုဝါကျရေးနည်း	၇၁
၂၄	အမှတ် (၂၄) သင်ခန်းစာ၊ ယဒိဇဝံဝါကျရေးနည်း	၇၉
၂၅	အမှတ် (၂၅) သင်ခန်းစာ၊ လာဘာဝတာဝါကျရေးနည်း	၈၂
၂၆	အမှတ် (၂၆) သင်ခန်းစာ၊ တုမှ၊ အမှသဒ္ဒါဝါကျရေးနည်း	၈၈
၂၇	အမှတ် (၂၇) သင်ခန်းစာ၊ အလံသဒ္ဒါဝါကျရေးနည်း	၉၄
၂၈	အမှတ် (၂၈) သင်ခန်းစာ၊ မညောဝါကျရေးနည်း	၉၈
၂၉	အမှတ် (၂၉) သင်ခန်းစာ၊ တထာဟိဝါကျရေးနည်း	၉၉
	အခန်း (၂)	
၃၀	**သမာသ်နာမ်**	
၃၁	အမှတ် (၁) သင်ခန်းစာ၊ အဗျယီဘောသမာသ်ပုဒ်ရေးနည်း	၁၀၃
၃၂	အဗျယီဘောသမာသ်ပုဒ်ပုံစံများ	၁၀၆
၃၃	အမှတ် (၂) သင်ခန်းစာ၊ ကမ္မဓာရယ်သမာသ်ပုဒ်ရေးနည်း	၁၀၈

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၄	အမှတ် (၃) သင်ခန်းစာ၊ ဒိဂုသမာသ်ပုဒ်ရေးနည်း	၁၂၂
၃၅	ဒိဂုသမာသ်ပုဒ်နှင့် ပုံစံများ	၁၂၃
၃၆	အမှတ် (၄) သင်ခန်းစာ၊ တပ္ပုရိသ်သမာသ်ပုဒ်ရေးနည်း	၁၂၆
၃၇	အမှတ် (၅) သင်ခန်းစာ၊ ဗဟုဗ္ဗီဟိသမာသ်ပုဒ်ရေးနည်း	၁၄၆
၃၈	အမှတ် (၆) သင်ခန်းစာ၊ ဒွန်သမာသ်ပုဒ်ရေးနည်း	၁၆၃
	အခန်း (၃)	
၃၉	**တဒ္ဓိတ်နာမ်**	၁၇၄
၄၀	အမှတ် (၁) သင်ခန်းစာ၊ အပစ္စတဒ္ဓိတ်ပုဒ်ရေးနည်း	၁၇၅
၄၁	အမှတ် (၂) သင်ခန်းစာ၊ အနေကတ္ထတဒ္ဓိတ်ပုဒ်ရေးနည်း	၁၈၅
၄၂	အမှတ် (၃) သင်ခန်းစာ၊ ဘာဝတဒ္ဓိတ်ပုဒ်ရေးနည်း	၂၁၀
၄၃	အမှတ် (၄) သင်ခန်းစာ၊ ဝိသေသတဒ္ဓိတ်ပုဒ်ရေးနည်း	၂၁၉
၄၄	အမှတ် (၅) သင်ခန်းစာ၊ အဿတ္ထိတဒ္ဓိတ်ပုဒ်ရေးနည်း	၂၂၅
၄၅	အမှတ် (၆) သင်ခန်းစာ၊ သဒ္ဒါတဒ္ဓိတ်ပုဒ်ရေးနည်း	၂၃၁
၄၆	အမှတ် (၇) သင်ခန်းစာ၊ အဗျယတဒ္ဓိတ်ပုဒ်ရေးနည်း	၂၆၃
၄၇	အမှတ် (၈) သင်ခန်းစာ၊ သွတ္ထတဒ္ဓိတ်ပုဒ်ရေးနည်း	၂၆၇
၄၈	ကျမ်းပြုဆရာတော်၏ ထေရုပ္ပတ္တိ	၂၆၉

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခန်း (၁)
အမှတ် (၁) သင်ခန်းစာ
ပကတိ၊ ဝိကတိပုဒ်ရေးနည်း

၁။ ဝါကျတစ်ခုတွင် ကတ္တားနှစ်ခု၊ ကံပုဒ်နှစ်ခုပါရှိတတ်၏။ ထိုတွင် မူလပင်ကိုဖြေပ်ဝတ္ထုသည် ပကတိကတ္တား၊ ပကတိကံမည်၏။ မူလပင်ကိုဖြေပ်ဝတ္ထုမှ တစ်မျိုးတစ်ဖုံ ပြောင်းလွဲလာသော ဖြေပ်ဝတ္ထုသည် ဝိကတိကတ္တား၊ ဝိကတိကံမည်၏။

ကတ္တားပုံစံ ။ သာမဏေရော ဥပသမ္မန္နော အဟောသိ။

မြန်မာ ။ ကိုရင်သည် ရဟန်းဖြစ်ပြီ။

ရှင်း ။ ကိုရင်သည် မူလပင်ကိုဖြေပ်ဝတ္ထုဖြစ်၏။ ထို့ကြောင့် သာမဏေရောသည် ပကတိကတ္တားမည်၏။ ရဟန်းသည် မူလပင်ကို ဖြေပ်ဝတ္ထုဖြစ်သော ကိုရင်မှ ပြောင်းလွဲလာ၏။ ထို့ကြောင့် ဥပသမ္မန္နောသည် ဝိကတိကတ္တားမည်၏။

http://www.dhammadownload.com

ကံပုံစံ ။ ပုရိသော ကဠံ အဂိါရံ ကရောတိ။

မြန်မာ ။ ယောကျ်ားသည် ထင်းကိုမီးကျီးပြုလုပ်၏။

ရှင်း ။ ထင်းဒြပ်သည် မူလပင်ကိုဒြပ်ဝတ္ထုဖြစ်၏။ ထို့ကြောင့် ကဠံသည် ပကတိကံမည်၏။ မီးကျီးသည် မူလပင်ကိုဒြပ်ဖြစ်သောထင်းမ ပြောင်းလွဲလာ၏။ ထို့ကြောင့် အဂိါရံသည် ဝိကတိကံမည်၏။

မှတ်ချက်။ ပကတိသည် အကြောင်းမည်၏။ ဝိကတိသည် အကျိုးမည်၏။ ရှေးဆရာများ ဤသို့ အကြောင်းအကျိုးခွဲကြ၏။

၂။ ဝါကျတစ်ခု၌ ကတ္တားနှစ်မျိုး၊ ကံနှစ်မျိုးရှိသော်လည်း မူလပင်ကိုသဘော မှ တစ်မျိုးတစ်ဖုံ ပြောင်းလွဲမှုမရှိလျှင် ပကတိကတ္တား၊ ကံ, ဝိကတိကတ္တား၊ ကံ ဟု မခေါ်ရ၊ သညီ၊ နာမီကတ္တား၊ သညာ၊ နာမကတ္တား၊ ကထိတကံ၊ အကထိတကံ စသည်ဖြင့် ခေါ်ဝေါ်ရ၏။

ပုံစံ ။ လောဘော အကုသလံ နာမဟောတိ။

မြန်မာ ။ လောဘသည် အကုသိုလ်မည်၏။

ရှင်း ။ လောဘောဟူသော ကတ္တားသည် အမည်သညာရှိသောကြောင့် သညီနာမီကတ္တားမည်၏။

ကံပုံစံ ။ ဘဂဝါ ဘိက္ခူ ဓေတဒဝေါစ။

မြန်မာ ။ ဘုရားရှင်သည် ရဟန်းတို့ကို ဤစကားကို မိန့်တော်မူ၏။

ရှင်း ။ ဘိက္ခူသည် အဝေါစ ကြိယာနှင့် ပဓာနမဆက်စပ်သောကြောင့် အကထိတ (အပ္ပဓာန) ကံမည်၏။ တေါသည် အဝေါစကြိယာနှင့် ပဓာန ဆက်စပ်နေသောကြောင့် ကထိတ (ပဓာန) ကံမည်၏။

၃။ ပကတိကတ္တား၊ ကံနှင့် ဝိကတိကတ္တား၊ ကံတို့သည် အမြဲဝိဘတ်တူရ၏။ လိင်နှင့် ဝုစ်ကား အများအားဖြင့် တူရ၏။ မတူသောအရာလည်းရှိ၏။

http://www.dhammadownload.com

၄။ ဝါကျတစ်ခုတွင် ပကတိကတ္တား ကံ၊ ဝိကတိကတ္တားကံနှစ်မျိုးရှိရာ၌ ပကတိကတ္တားကံနှင့် ဝိကတိကတ္တားကံတို့ ဝုစ်မတူလျှင် ကတ္တားဟော ဝါကျ၌ ပကတိကတ္တားသို့လိုက်၍ အာချာတ်ကြိယာ ကိတ်ကြိယာတို့ကို ရေးရ၏။ ကံဟောဝါကျ၌ ပကတိကံပုဒ်သို့လိုက်၍ အာချာတ်ကြိယာ ကိတ်ကြိယာတို့ကိုရေးရ၏။

လိင်ဝုစ်တူပုံစံ။ ဒါရကော သာမဏေရော ဟောတိ။

မြန်မာ။ ကလေးသည် သာမဏေဖြစ်၏။

ဝုစ်မတူပုံစံ။ တန္တဝေါ ပဠော ဘဝန္တိ။

မြန်မာ။ ချည်မျှင်တို့သည် အဝတ်ဖြစ်လာကုန်၏။

လိင်ဝုစ်မတူ ကံဟောဝါကျပုံစံ။ ဗိရဏာနိ ကဠော ကရီယန္တေ။

မြန်မာ။ သင်မြက်တို့ကို သင်ဖြူးပြုလုပ်အပ်ကုန်၏။

ကိတ်ပုံစံများ

(က) တန္တဝေါ ပဠော နိဗ္ဗတ္တာ။

မြန်မာ။ ချည်မျှင်တို့သည် အဝတ်ဖြစ်လာကုန်၏။

(ခ) ဗိရဏာနိ ကဠော ကတာနိ။

မြန်မာ။ သင်မြက်တို့ကို သင်ဖြူးပြုလုပ်အပ်ကုန်၏။

(ဂ) သုဝဏ္ဏံ ကုဏ္ဍလာနိ ကတံ။

မြန်မာ။ ရွှေကို နားဆောင်းများ ပြုလုပ်အပ်၏။

ပထမနေ့

၁။ ပုရိသော ယောဓော ဟောတိ။

၂။ ငါသည် အမတ်ဖြစ်လာ၏။

၃။ ဆန်တို့သည် ထမင်းဖြစ်လာကြ၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ အနာထပိဏ္ဍိကော မဟာသေဋ္ဌိ အဟောသိ။

၂။ ငါသည် မင်းဖြစ်၏။

၃။ သစ်သားကို အိမ်ပြုလုပ်၏။

တတိယနေ့

၁။ ဝမုကီ ဒါရုံ ဝိဟာရံ ကရောတိ။

၂။ ယောကျ်ားသည် သစ်သားကို ညောင်စောင်းပြုလုပ်၏။

၃။ ရဟန်းသည် ဝိနည်းပိုရ်ဖြစ်၏။

အမှတ် (၂) သင်ခန်းစာ
ကြိယာဝိသေသနပုဒ်ရေးနည်း

၁။ ကြိယာပုဒ်ကို အထူးပြုတတ် (ထူးခြားအောင်ပြုတတ်) သော ပုဒ်ကို ကြိယာဝိသေသနပုဒ်ဟုခေါ်၏။

''ရိုသေစွာစား၏'' ဟူသော ဝါကျတွင် ရိုသေစွာဟူသော စကားရပ်သည် စားခြင်းသာမညပုဒ်ကို အထူးပြုသောကြောင့် ကြိယာဝိသေသနမည်၏။

၂။ ထိုကြိယာဝိသေသနပုဒ်သည် –

(၁) ပထမာဝိဘတ္တန္တ ကြိယာဝိသေသန၊

(၂) ဒုတိယာဝိဘတ္တန္တ ကြိယာဝိသေသန၊

(၃) တတိယာဝိဘတ္တန္တ ကြိယာဝိသေသန၊

(၄) တောပစ္စယန္တ ကြိယာဝိသေသန၊

(၅) ကြိယာပဝဂ္ဂ ကြိယာဝိသေသန၊

http://www.dhammadownload.com

(၆) တွာဒိပစ္စယန္တ ကြိယာဝိသေသန၊

(၇) တုမာဒိပစ္စယန္တ ကြိယာဝိသေသန၊

(၈) တုလျာဓိကရဏကြိယာဝိသေသနဟု ရှစ်မျိုးပြား၏။

အမှာ။ အချို့က အာလုပ်ပုဒ်၊ ဆဋ္ဌိဝိဘတ္တန္တပုဒ်တို့ကို ကြိယာဝိသေသန အဖြစ် ယူကြ၏။ ကြိယာနှင့်စပ်ရုံဖြင့် ကြိယာဝိသေသနမဖြစ်နိုင်သောကြောင့် ဤကျမ်းစာ၌ ယင်းပုဒ်နှစ်မျိုးကို ထည့်သွင်းမပြခဲ့ပါ။ စာသင်သားဘဝမှာ ပါဠိဝါကျရေးစဉ်က ရေးခဲ့ဖူးသောကြောင့် အမှတ် (၈) ကို ကြိယာဝိသေသနအဖြစ် ထည့်သွင်းခဲ့ရခြင်းဖြစ်ပါသည်။ အမှတ် (၆) (၇) ကြိယာဝိသေသနပုဒ်တို့ကို ပါဠိဝါကျရေးနည်း ဒုတိယတွဲ၌ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

ပထမာဝိဘတ္တန္တကြိယာဝိသေသန

၁။ ပထမာဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနပုဒ်ကို ပထမာဝိဘတ္တန္တ ကြိယာဝိသေသနပုဒ်ဟုခေါ်၏။

၂။ ပထမာဝိဘတ္တန္တ ကြိယာဝိသေသနပုဒ်ကို ''စွာ၊ အောင်၊ ချမ်းချမ်းသာသာ၊ အညီအညွတ်'' စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ ပုရိသော သုခံ သယတိ။

မြန်မာ။ (က) ယောကျ်ားသည် ချမ်းသာစွာ အိပ်၏။

(ခ) ယောကျ်ားသည် ချမ်းသာအောင် အိပ်၏။

(ဂ) ယောကျ်ားသည် ချမ်းချမ်းသာသာ အိပ်၏။

ဒုတိယာဝိဘတ္တန္တကြိယာဝိသေသန

၁။ ဒုတိယာဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနပုဒ်ကို ဒုတိယာဝိဘတ္တန္တ ကြိယာဝိသေသနဟုခေါ်၏။

http://www.dhammadownload.com

၂။ ဒုတိယာဝိဘတ္တန္တ ကြိယာဝိသေသနပုဒ်ကို ''စွာ၊ အောင်၊ ချမ်းချမ်းသာသာ၊ အညီအညွတ်၊ ညီညီညွတ်ညွတ်'' စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ (က) သြဒနော မုဒုံ ပစတိ။

မြန်မာ။ ထမင်းသည် နူးညံ့စွာ ကျက်၏။

(ခ) ပုရိသော ဘတ္တံ မုဒုံ ပစတိ။

မြန်မာ။ ယောကျ်ားသည် ထမင်းကို နူးညံ့အောင် ချက်၏။

တတိယာဝိဘတ္တန္တကြိယာဝိသေသန

၁။ တတိယာဝိဘတ်အဆုံးရှိသော ကြိယာဝိသေသနပုဒ်ကို တတိယာဝိဘတ္တန္တကြိယာဝိသေသနဟုခေါ်၏။

၂။ တတိယာဝိဘတ္တန္တကြိယာဝိသေသနပုဒ်ကို ''အားဖြင့်၊ သဖြင့်၊ စွာ၊ အောင်၊ ညီညီညာညာ၊ အညီအညွတ်'' စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ ယောဓာ သမေန ဓာဝန္တိ။

မြန်မာ။ စစ်သားတို့သည် ညီညီညာညာ ပြေးကြ၏။

တောပစ္စယန္တကြိယာဝိသေသန

၁။ တောပစ္စည်းအဆုံးရှိသော ကြိယာဝိသေသနပုဒ်ကို တောပစ္စယန္တကြိယာဝိသေသနဟုခေါ်၏။

၂။ တောပစ္စယန္တ ကြိယာဝိသေသနပုဒ်ကို ''အားဖြင့်၊ သဖြင့်၊ အောင်၊ အကြွင်းမဲ့'' စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ (က) မယံ့ရောဂေါ အသေသတော ဝိနဿတု။

မြန်မာ။ ငါ၏ရောဂါသည် အကြွင်းမရှိသောအားဖြင့် ပျက်စီးပါစေ။

(ခ) ပုထုဇ္ဇနော ရူပံ အတ္တတော သမနုပဿတိ။

မြန်မာ။ ပုထုဇဉ်သည် ရုပ်တရားကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။

http://www.dhammadownload.com

တုလျာမိကရဏကြိယာဝိသေသန

၁။ နာမ်ပုဒ်နှင့်အရတူလျက် ကြိယာကိုအထူးပြုသောပုဒ်ကို တုလျာမိကရဏ ကြိယာဝိသေသနဟုခေါ်၏။

၂။ တုလျာမိကရဏကြိယာဝိသေသနပုဒ်ကို အရတူနာမ်ပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ်တူအောင်ရေးရ၏။

၃။ တုလျာမိကရဏကြိယာဝိသေသနပုဒ်ကို ရံခါ ''၍၊ ကာ၊ လျက်၊ လျှင်'' ဟု မြန်မာပြန်ရ၏။

ပုံစံ။ ဘိက္ခု သောတာပန္နော ပရိနိဗ္ဗာယတိ။

မြန်မာ။ ရဟန်းသည် သောတာပန်ဖြစ်၍ ပရိနိဗ္ဗာန်ပြု၏။

၄။ ရံခါ ''သော်၊ လျှင်၊ က'' ဟု မြန်မာပြန်ရ၏။

ပုံစံ။ အဟံ ဝိဟာရံ ဂတော ဘိက္ခုံ ပသေယျံ။

မြန်မာ။ ငါသည် ကျောင်းသို့သွားသည်ရှိသော် ရဟန်းကို ဖူးတွေ့ရာ၏။

၅။ ရံခါ ''စည်၊ တုံး၊ ခိုက်၊ ရင်း'' ဟု မြန်မာပြန်ရ၏။

ပုံစံ။ (က) ဒါရကော ဘတ္တံ ဘုဉ္ဇန္တော ရောဒတိ။

မြန်မာ။ ကလေးသည် ထမင်းစားနေရင်း ငိုး၏။

(ခ) သပ္ပေါ ပုရိသံ ဂစ္ဆန္တံ ဍံသတိ။

မြန်မာ။ မြွေသည် ယောကျ်ားကို သွားနေစဉ် ကိုက်၏။

http://www.dhammadownload.com

ကြိယာဝိသေသနပုဒ်များ

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
သုခံ	ချမ်းသာစွာ	စိရံ၊ စိရဿံ	ကြာမြင့်စွာ၊ ကြာမြင့်မှ
သုခတရံ	အလွန်လွယ်ကူစွာ	ဓုဝံ	မချွတ်
သက္ကစ္စံ	ရိုသေစွာ	သုဂုတ္တံ	လုံလုံခြုံခြုံ
ဧကမန္တံ	သင့်အပ်လျောက်ပတ်စွာ	အလိကံ	ချွတ်ချွတ်ချော်ချော်
အဘိဏှံ	မပြတ်မလတ်	တုဏ္ဍီ	ဆိတ်ဆိတ်
နိစ္စံ	အမြဲ	မုသာ	အလွဲ
မုဟုတ္တံ	တအောင့်လောက်	မိစ္ဆာ	အမှား
ခိပ္ပံ၊ တုရိတံ လဟု၊ အာသုံ၊ သီဃံ	လျင်မြန်စွာ၊ မြန်မြန်	သမေန	ညီညွတ်သဖြင့် ညီညီညာညာ
ယထာဗာလံ	မိုက်သည်အလျောက်	ဗဟုသော	ကြိမ်ဖန်များစွာ
ယထာမူဠှံ	တွေဝေသည်အလျောက်	အနိစ္စတော	မမြဲသောအားဖြင့်
ဤသကံ၊ ထောကံ	အနည်းငယ်	သုဋ္ဌု၊ သမ္မာ	ကောင်းစွာ
အသက္ကစ္စံ	မရိုမသေ	ဝိသမေန	မညီမညာ
ပရိမဇ္ဇလံ	အဝန်းညီစွာ	ဝိသုံ	သီးခြား
သဏိကံ	ဖြေးဖြေး၊ နှေးနှေး	ဧကတော	တပေါင်းတည်း
		သဟသာ	အဆောတလျင်
		ကပျာကယာ	

http://www.dhammadownload.com

ပထမနေ့

၁။ တွံ အာစရိယဿ သန္တိကေ သိပ္ပံ သက္ကစ္စံ ဥဂ္ဂဏှာဟိ။
၂။ အရှင်ဘုရားများ သင်္ကန်းကို အဝန်းညီစွာဝတ်ကြပါ။
၃။ ကိုရင်တို့သည် မြို့ထဲသို့ ညီညီညာညာ ကြွကြလိမ့်မည်။
၄။ ငါသည် ရုပ်ကို မမြဲသောအားဖြင့် အဖန်ဖန်ရှု၏။

ဒုတိယနေ့

၁။ ဘိက္ခူ ရတ္တိယံ နိစ္စ ဗုဒ္ဓံ ဝန္ဒန္တိ။
၂။ စစ်သားများသည် စစ်မြေပြင်၌ ရန်သူတို့ကို လျှင်မြန်စွာ စစ်တိုက်ကြ၏။
၃။ လူပျိုသည် သူ၏မိန်းကလေးအထံသို့ မပြတ်မလပ်လာ၏။
၄။ ငါတို့သည် ဘုရားရှင်ကို ကြွလာတော်မူစဉ် ဖူးတွေ့ကြ၏။

တတိယနေ့

၁။ ပုရိသော မဂ္ဂံ ဂစ္ဆန္တော ကုမာရိံ ပဿေယျ။
၂။ သင်တို့သည် မိုက်သည်အလျောက် မကောင်းမှုကို ပြုလုပ်ခဲ့ကြ၏။
၃။ ငါတို့သည် အလုပ်ကိုလုပ်ရင်း အတတ်ပညာကို ကောင်းစွာသင်ယူကြ၏။
၄။ သံဃာတော်များသည် အိမ်၌ ဆွမ်းကို သီးခြားဘုဉ်းပေးကြ၏။

အမှတ် (၃) သင်ခန်းစာ
ကိရ ဝါကျရေးနည်း

၁။ တစ်ဆင့်ကြားအနက်၊ မနှစ်သက်ခြင်းအနက်တို့၌ ကိရပုဒ်ကို သုံးစွဲရ၏။
၂။ ကိရပုဒ်ကို ဝါကျ၏အစ တစ်ပုဒ်နောင် အမြဲထားရ၏။
၃။ ''သွားသတတ်၊ လာသတဲ့၊ သွားနေဆိုပါလား'' စသည်ဖြင့် သတတ် သတဲ့ ဆိုပါလားဟု ထည့်သွင်း၍ ကိရပုဒ်ကို ကြိယာပုဒ်နှင့်တွဲစပ် မြန်မာပြန်ရ၏။

http://www.dhammadownload.com

မှတ်ချက်။ တစ်ဆင့်ကြားအနက်၌ ကိရပုဒ်ကို ''ကိရ-တစ်ဆင့်စကား ကြားဖူးသည်ကား'' ဟုလည်း မြန်မာပြန်ကြ၏။ စကားကျဉ်းနေ၍ အကျယ်ချဲ့လိုရာ၌လည်း ကိရပုဒ်ကိုထည့်သွင်းသုံးစွဲကြ၏။ ယင်း ကိရပုဒ်ကို ''ကိရ-ချဲ့ဦးအုံ့'' ဟု မြန်မာပြန်ကြ၏။ ဤသင်ခန်းစာ၌ တစ်ဆင့်ကြားအနက်၊ မနှစ်သက်ခြင်းအနက်များအတွက်သာ သုံးစွဲရေးသားရမည်။

ပုံစံ။ (က) သောဏဒဏ္ဍော ကိရ ဗြဟ္မဏော သမဏံ ဂေါတမံ ဒဿနာယ ဥပသင်္ကမိသတိ။[၁]

မြန်မာ။ သောဏဒဏ္ဍပုတ္တောသည် ရဟန်းဂေါတမကို ဖူးမြင်ခြင်းငှာ သွားလိမ့်မည်တဲ့။

(ခ) ယောသကော ကိရ ဂုဠကီဠာယ ဆေကော။[၂]

ယောသကသည် ဂုံညှင်းကစားရာ၌ ကျွမ်းကျင်သတဲ့။

ပထမနေ့

၁။ သာမဏေရော ကိရ မမံ ဒေသေတိ။

၂။ ကျားသည် သင်၏နွားကိုတော၌ ကိုက်နေသတဲ့။

၃။ မိန်းမသည် မိမိ၏လင်ကို ဆဲသတဲ့။

ဒုတိယနေ့

၁။ လုဒ္ဒကော ကိရ ဝနေ ဟတ္ထိံ ဃာတေတိ။

၂။ သမီးသည် မိခင်ကို အိမ်မှ နှင်ချသတတ်။

၃။ အလုပ်သမားတို့သည် လယ်၌ရေကန်ကို တူးကြသတဲ့။

၁။ သီလက္ခန္ဓဝဂ္ဂပါဠိ၊ ၁၀၅ ၂။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ ၁၁၄

http://www.dhammadownload.com

တတိယနေ့

၁။ ရာဇာ ကိရ စောရေ ရဋ္ဌတော ပဗ္ဗာဇေတိ။

၂။ လူတို့သည် ယနေ့ ရဟန်းတို့အား သင်္ကန်းကိုလျှူကြသတဲ့။

၃။ ရဟန်းတော်များသည် ငါတို့၏အိမ်သို့ ကြွလာကြသတဲ့။

အမှတ် (၄) သင်ခန်းစာ
အပ္ပေါနာမဝါကျရေးနည်း

၁။ အပ္ပေါနာမ သဒ္ဒါသည် ယုံမှားခြင်းအနက်၌ဖြစ်၏။ ယုံမှားခြင်းဟူသည် မိမိအလုပ်ကို တိတိကျကျမဆုံးဖြတ်နိုင်ခြင်းပင်ဖြစ်၏။

၂။ ထို့ကြောင့် ''သွားနိုင်တန်ရာ၏၊ သွားနိုင်ကောင်းပါရဲ့၊ သွားကောင်းသွားနိုင်လိမ့်မည် ထင်ပါရဲ့'' စသည်ဖြင့် နိုင်တန်ရာ၏။ နိုင်ကောင်းပါရဲ့စသော ယုံမှားမှုစကားလုံးများပါရှိသောဝါကျကို အပ္ပေါနာမပုဒ်ဖြင့်ရေးရ၏။

၃။ အပ္ပေါနာမပုဒ်ကို ကြိယာနှင့်တွဲ၍ သွားနိုင်တန်ရာ၏။ သွားနိုင်ကောင်းပါရဲ့၊ သွားကောင်းသွားနိုင်လိမ့်မည်ထင်ပါရဲ့ စသည်ဖြင့် မြန်မာပြန်ရ၏။

၄။ အပ္ပေါနာမပုဒ်ကို ဝါကျ၏အစ၌ထားရ၏။

၅။ အပ္ပေါနာမပါရှိသောဝါကျ၌ ကြိယာပုဒ်ကို အာချာတ်သတ္တမီဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ။ အပ္ပေါနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျုံ။ *

မြန်မာ။ (ငါသည်) ထိုရဟန်းကို ဤသာသနာတော်မှ ရွှေ့လျော့စေနိုင်တန်ရာ၏။

---

* ပါရာဇိကပါဠိ ။ ၂၄၉

http://www.dhammadownload.com

မှတ်ချက်။ (က) အပ္ပေါနာမဝါကျ၌ ကတ္တားပုဒ်က ''အဟံ'' ဟုရှိနေလျှင် ကတ္တားဟော အတ္တနောပုဒ်ယေျ့ ဝိဘတ်ဖြင့် ကြိယာပုဒ်ကို အရေးများ၏။

(ခ) အပ္ပေါ၊ အပိနာမဝါကျတို့သည် အပ္ပေါနာမဝါကျနှင့် အရေးတူကြ၏။

ပထမနေ့

၁။ အပ္ပေါနာမာဟံ မဂ္ဂံ ဂစ္ဆေယျံ။

၂။ မိခင်သည် ယနေ့ဘုရားကို ရှိခိုးနိုင်တန်ရာ၏။

၃။ သင်တို့သည် လေ့ဖြင့်မြစ်ကို ကူးနိုင်ကြလိမ့်မည်ထင်ပါရဲ့။

ဒုတိယနေ့

၁။ အပ္ပေါနာမ အဇ္ဇ ဂိလာနော ယာဂုံပိဝေယျ။

၂။ လူတို့သည် သီလကို စောင့်ထိန်းနိုင်ကြတန်ရာ၏။

၃။ သင်သည် မိခင်ကိုလုပ်ကျွေးနိုင်ကောင်းပါရဲ့။

တတိယနေ့

၁။ အပ္ပေါနာမ တုမှေ အဂါရဿာ အနဂါရိယံ ပဗ္ဗဇေယျာထ။

၂။ လက်သမားသည် ဤကျောင်းကို ဆောက်လုပ်နိုင်တန်ရာ၏။

၃။ ငါတို့သည် မိမိ၏ခြေဖြင့်တောင်မှ ဆင်းနိုင်ကြတန်ရာ၏။

အမှတ် (၅) သင်ခန်းစာ

အဟောဝတ၊ သာဓုဝတ၊ ယန္နူနဝါကျရေးနည်း

၁။ အဟောဝတ၊ သာဓုဝတ၊ ယန္နူနသဒ္ဒါတို့သည် တောင့်တခြင်းအနက်၌ ဖြစ်၏။ ထို့ကြောင့် ''အလုပ်လုပ်လျှင်ကောင်းလေစွ၊ ကောင်းမှာပဲ''

http://www.dhammadownload.com

စသည်ဖြင့် တောင့်တခြင်းအနက်ပါရှိသော ဝါကျကို အဟောဝတ၊ သာဓုဝတ၊ ယန္တူနပုဒ်တို့ဖြင့်ရေးရ၏။

၂။ အဟောဝတ၊ သာဓုဝတ၊ ယန္တူနပုဒ်တို့ကို ဝါကျ၏အစဉ်ထားရ၏။

၃။ အဟောဝတ၊ သာဓုဝတ၊ ယန္တူနပုဒ်တို့ကို များသောအားဖြင့် အာချာတ်သတ္တမီဝိဘတ်ဖြင့် ရေးရ၏။

၄။ (က) အဟောဝတပုဒ်ကို သတ္တမီဝိဘတ် ပထမပုရိသ်ဖြင့်ရေးရ၏။ အဟောဝတပုဒ်ကို ဘဝိဿန္တိဝိဘတ်ဖြင့် ရေးသောအရာလည်းရှိ၏။

(ခ) သာဓုဝတပုဒ်ကို သတ္တမီဝိဘတ် မဇ္ဈိမပုရိသ်ဖြင့်ရေးရ၏။

(ဂ) ယန္တူနပုဒ်ကို သတ္တမီဝိဘတ် ဥတ္တမပုရိသ်ဖြင့်ရေးရ၏။

မှတ်ချက်။ ဤသတ်မှတ်ချက်သည် ပါဠိဝါကျရေးခါစ၌ ကွဲပြားခြားနားစွာရေးတတ်အောင် သတ်မှတ်ပေးသော ယေဘုယျနည်းသာဖြစ်၏။

၅။ အဟောဝတ၊ သာဓုဝတ၊ ယန္တူနပုဒ်တို့ကို ကြိယာပုဒ်နှင့်တွဲစပ်၍ ''လုပ်လျှင် ကောင်းလေစွ၊ ကောင်းမှာပဲ၊ ကောင်းမှာနော်'' စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ (က) အဟောဝတ အညေပိသတ္တာ ကုတ္ထတ္ထံ အာဂစ္ဆေယျုံ။[1]

မြန်မာ။ အခြားသတ္တဝါတို့သည်လည်း ဤဖြဟ္မာပြည်သို့လာကြလျှင် ကောင်းလေစွ။

(ခ) သာဓု ဝတ တံ့ မယုံ ဂေဟေ ပရိတ္တံ ဘဏေယျာသိ။

မြန်မာ။ အရှင်ဘုရားသည် တပည့်တော်၏အိမ်၌ ပရိတ်ရွတ်လျှင်ကောင်းမှာပဲ။

(ဂ) ယန္တူနာဟံ သိပ္ပံ သိက္ခေယျံ။[2]

၁။ သီလက္ခန္ဓဝဂ္ဂပါဠိ။ ၁၇ ၂။ ဝိနယမဟာ ဝဂ္ဂပါဠိ။ ၃၇၉

http://www.dhammadownload.com

မြန်မာ။ ငါသည် အတတ်ပညာကို သင်ရလျှင်ကောင်းလေစွ။

(ဃ) ယန္တုနာဟံ ဓမ္မံ ဒေသေယျံ။[၁]

မြန်မာ။ ငါသည် တရားကိုဟောရလျှင်ကောင်းလေစွ။

မှတ်ချက်။ ယန္တုနဝါကျ၌ ကတ္တားပုဒ်က ''အဟံ'' ဟုရှိနေခြင်းကြောင့် ယင်း၏ ကြိယာပုဒ်ကို ကတ္တားဟော အတ္တနောပုဒ် ဧယျံဝိဘတ် ဖြင့် အသုံးများ၏။

ဘဝိဿန္တိဝိဘတ်ဖြင့် အဟောဝတပုံစံ

အဟောဝတ မယံနဇာတိဓမ္မာ အသာမ။[၂]

မြန်မာ။ ငါတို့သည် ဇာတိသဘောမရှိကြပါမူ ကောင်းလေစွ။

ပထမနေ့

၁။ အဟောဝတ ဘိက္ခု မယှ ဓမ္မ ဒေသေယျ။

၂။ အမေသည် ငါ့အား အဝတ်ကိုပေးလျှင် ကောင်းလေစွ။

၃။ သင်တို့သည် ယုံကြည်မှုဖြင့် တရားတော်ကိုသင်ယူကြပါမူ ကောင်းလေစွ။

၄။ ငါသည် အမေကို လုပ်ကျွေးရလျှင် ကောင်းလေစွ။

ဒုတိယနေ့

၁။ သာဓုဝတ တုမှေ ကုသလံ ကရေယျာထ။

၂။ ဆရာသည် တပည့်တို့ကို ဆုံးမလျှင် ကောင်းမှာပဲနော်။

၃။ အရှင်ဘုရားသည် တက္ကသိုလ်မှာနေလျှင် ကောင်းလေစွ။

၄။ ငါတို့သည် ညဉ့်၌ တရားနှလုံးသွင်းကြလျှင်ကောင်းမှာပဲနော်။

တတိယနေ့

၁။ ယန္တုနာဟံ ဣမသ္မိံဝေသေ မာတုခေတ္တံ ကသေယျံ။

၂။ ငါ၏သမီးသည် ကပွဲကိုကြည့်ရှုရန်မသွားလျှင် ကောင်းမှာပဲ။

၁။ သုတ်မဟာဝါဟိဠိ ၃၀။ ၂။ မူလပဏ္ဏာသဝါဠိဠိ ၈၄။

http://www.dhammadownload.com

၃။ အရှင်ဘုရားတို့သည် ဝိနည်းကိုကျင့်သုံးကြလျှင်ကောင်းလေစွ။

၄။ ငါသည် ယနေ့ ထောင်မှလွတ်မြောက်ပါမူ ကောင်းလေစွ။

အမှတ် (၆) သင်ခန်းစာ
အဟော၊ သာဓု ဝါကျရေးနည်း

၁။ ဝတပုဒ်မပါဘဲ အဟောသဒ္ဒါ၊ သာဓုသဒ္ဒါတစ်ခုဖြင့်သာရေးရသော ဝါကျ မျိုးလည်းရှိ၏။

၂။ အဟောသဒ္ဒါကို ကဲ့ရဲ့ခြင်းအနက် ချီးမွမ်းခြင်းအနက်ပါရှိသော ဝါကျတို့ ၌ သုံးစွဲရ၏။

၃။ အဟောသဒ္ဒါကို ဝါကျ၏အစ၌ထားရ၏။

၄။ အဟောသဒ္ဒါကို ''အံ့သြဖွယ်ကောင်းပါပေစွ၊ အံ့သြစရာကောင်းလှ၏'' စသည်ဖြင့် မြန်မာပြန်ရ၏။

၅။ သာဓုသဒ္ဒါကို ချီးမွမ်းခြင်းအနက်၊ တောင်းပန်ခြင်းအနက်၊ ဝမ်းမြောက်ခြင်း အနက်ပါရှိသော ဝါကျများ၌ သုံးစွဲရ၏။

၆။ သာဓုသဒ္ဒါကို ဝါကျ၏အစ၌ထားရ၏။

၇။ ချီးမွမ်းခြင်း၊ ဝမ်းမြောက်ခြင်းအနက်၌ဖြစ်သော သာဓုသဒ္ဒါကို ကောင်းပေ စွ၊ ကောင်းပါပြီ'' စသည်ဖြင့် မြန်မာပြန်ရ၏။

၈။ ''တောင်းပန်ခြင်း''အနက်၌ဖြစ်သော သာဓုသဒ္ဒါကို ''တောင်းပန်ပါ၏'' ဟု မြန်မာပြန်ရ၏။

ကဲ့ရဲ့ခြင်းအနက်၌ဖြစ်သော အဟောပုံစံများ

(က) အဟော ဘာရိယံ ကမ္မံ။*

---

* ခမ္မပဒ - ၄ - ၁၊ ၃၁၅။

http://www.dhammadownload.com

မြန်မာ။ မကောင်းမှုအကုသိုလ်ကံသည် သြော်ဝန်လေးလှပါပေစွ။

(ခ) အဟော မေ ဘာရိယံ ကမ္မံ ကတံ။[၁]

မြန်မာ။ ငါမကောင်းမှု အကုသိုလ်ကံကို ပြုလုပ်မိခြင်းသည် သြော် ဝန်လေးလှပါပေစွ။

(ဂ) အဟော ပရိတ္တံ ဘန္တေ သတ္တာနံ ဇီဝိတံ။[၂]

မြန်မာ။ မြတ်စွာဘုရား သတ္တဝါတို့၏အသက်သည် သြော် တိုတောင်းလှ ပါပေစွ။

ချီးမွမ်းခြင်းအနက်၌ဖြစ်သော အဟောပုံစံ

အဟော မဟာနုဘာဝေါ ထေရော။[၃]

မြန်မာ။ အရှင်မဟာမောဂ္ဂလ္လာန်ထေရ်သည် သြော် ကြီးမားသောတန်ခိုး အာနုဘော်ရှိပါပေစွ။

ချီးမွမ်းခြင်းအနက်ဟောသာဓုပုံစံ

(က) သာဓု သာဓု ကဿပ။[၄]

မြန်မာ။ ချစ်သား ကဿပ ကောင်းပေစွ ကောင်းပေစွ။

(ခ) သာဓု နာဂသေန ပတ္တစီဝရံ ပဋိသာမေဟိ။[၅]

မြန်မာ။ နာဂသေန ကောင်းပြီ သပိတ်သင်္ကန်းကိုသိုမှီးသိမ်းဆည်းလော။

တောင်းပန်ခြင်းအနက်ဟော သာဓုပုံစံ

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။[၆]

မြန်မာ။ မြတ်စွာဘုရား တောင်းပန်ပါ၏။ မြတ်စွာဘုရားသည် တပည့် တော်အား အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူပါ။

၁။ ခမ္မပဒ - ၅ - ၁၊ ၂၉၂။
၂။ ခမ္မပဒ - ၅ - ၁၊ ၂၃၆။
၃။ မိလိန္ဒပဉ္ဟပါဠိ-၁၄၊
၄။ သံ-၁၊ ၄၀၉။
၅။ ခမ္မပဒ - ၅ - ၁၊ ၂၃၁။
၆။ သံယုတ္တပါဠိ ဒုတိယတွဲ ၆၁။

http://www.dhammadownload.com

သူတစ်ပါးအမျှဝေသောအခါ ဝမ်းမြောက်ခြင်းအနက်ဟော သာဓုပုံစံ

သာဓု သာဓု = ကောင်းပါပေ၏။ ကောင်းပါပေ၏။

ပထမနေ့

၁။ အဟော ကုဒါနိ မနုဿာနံ လာမကော။

၂။ ဘုရားရှင်သည် ဩဝါဒပါတိမောက္ခံ ကောင်းပါပေစွ။

၃။ အမျိုးကောင်းသားသည် ဩဝါဒပါတိမောက္ခံ ပညာရှိပါပေစွ။

၄။ အရှင်ဘုရား တောင်းပန်ပါ၏။ ကိုရင်သည် တပည့်တော်အား အဘိဓမ္မာကို ဟောတော်မူပါ။

ဒုတိယနေ့

၁။ အဟော မာတာပိတရော ပုတ္တာနံ ဗဟူပကာရာ။

၂။ ငါ့ရှင် ကောင်းပါပေစွ၊ ကောင်းပါပေစွ။

၃။ အရှင်ဘုရားတို့ တောင်းပန်ပါ၏။ အရှင်ဘုရားတို့သည် တပည့်တော်ကို သနားသောအားဖြင့် ဤသင်္ခန်းတို့ကို လက်ခံတော်မူကြပါ။

၄။ ဒေဝဒတ်ပြုလုပ်အပ်သော မကောင်းမှုကံသည် ဩဇာလေးလှပါပေစွ။

တတိယနေ့

၁။ အဟော မာတုယာ မေတ္တာစိတ္တံ။

၂။ ဒါန၏အကျိုးသည် ဩဇာကြီးပါပေစွ။

၃။ ဤကိုရင်သည် ဩဝါဒပါတိမောက္ခံ ပညာရှိပါပေစွ။

၄။ အဒေါ် တောင်းပန်ပါ၏။ ယနေ့တရားနာရန် ကျွန်ုပ်တို့၏ အိမ်သို့ အဒေါ် သည် အမြန်လာပါ။

http://www.dhammadownload.com

အမှတ် (၇) သင်ခန်းစာ
ဝတဝါကျရေးနည်း

၁။ ဝတသဒ္ဒါသည် စင်စစ်ကေန်ဟူသော ကော်သအနက်၊ ပင်ပန်းခြင်းခေဒ အနက်၊ သနားခြင်းအနုကမ္ပာအနက်၊ ကြံစည်ခြင်းသင်္ကပ္ပအနက်တို့၌ ဖြစ်၏။ ထို့ကြောင့် ယင်းအနက်များပါရှိသော ဝါကျကို ဝတသဒ္ဒါဖြင့် ရေးရ၏။

၂။ ဝတသဒ္ဒါကို ဝါကျ၏အစ တစ်ပုဒ်နောင်အမြဲထားရ၏။

၃။ ဝတသဒ္ဒါကို အနက်အားလျော်စွာ ''စင်စစ်ကေန်၊ စွတကား၊ ရှာပါတကား''စသည်ဖြင့် မြန်မာပြန်ရ၏။

ကော်သပုံစံ။ သော ဝတ ဘိက္ခဝေ ဘိက္ခု ဇဝံ စရန္တော ဇဝံ ဝိဟရန္တောသိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တိသတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။[၁]

မြန်မာ။ ရဟန်းတို့ ၀။ စင်စစ် ဤသို့ကျင့်သုံးလျှက် ဤသို့နေထိုင်သော ရဟန်းသည် သိက္ခာချ၍ လူထွက်လိမ့်မည်ဟူသော အကြောင်း မရှိ။

ခေဒပုံစံ။ ကိစ္စံ ဝတာယံ လောကော အာပန္နော။ [၂]

မြန်မာ။ ဤသတ္တဝါအပေါင်းသည် ဆင်းရဲခြင်းသို့ရောက်စွတကား။

အနုကမ္ပာပုံစံ။ ကပဏော၀တာယံ သမဏော။

မြန်မာ။ ဤရဟန်းသည် အထီးကျန်ပေစွတကား။

မှတ်ချက်။ ကြံစည်ခြင်း၊ သင်္ကပ္ပအနက်ဟောပုံစံကို အဟော၀တဝါကျ ရေးနည်း၌ ပြခဲ့ပြီး အံ့သြခြင်း၀ိမှယအနက်၊ ချီးမွမ်းခြင်း ထောမနာအနက်တို့၌လည်း ဖြစ်သေး၏။ ဆက်လက်လေ့လာကြပါလေ။

၁။ သံယုတ္တပါဠိ ဒုတိယတွဲ ၃၉၅။ ၂။ သုတ်မဟာဝါပါဠိ ၂၆။

http://www.dhammadownload.com

ပထမနေ့

၁။ ဒုဗ္ဘေ၀ တောယံ သာမဏေရော။

၂။ ဤကလေးသည် ဆင်းရဲလှပါပေစွတကား။

၃။ ဤယောကျ်ားသည် ယုတ်မာလှပါပေစွတကား

ဒုတိယနေ့

၁။ ရမဏီယော၀တ အမှာကံ ဂါမော။

၂။ ငါ့ရှင် စင်စစ်ဤကိုရင်သည် သီလရှိသည်ဖြစ်၍ ချမ်းသာကင်းသော ငရဲသို့ရောက်လိမ့်မည်မဟုတ်။

၃။ ဤဆေးဆရာသည် ဆေးကုမှုလုပ်ငန်း၌ ကျွမ်းကျင်စွတကား။

တတိယနေ့

၁။ ပဏ္ဍိတော ၀တ မေ အာစရိယော။

၂။ ဤမိန်းကလေးသည် အလွန်ဆင်းရဲလှပေစွတကား။

၃။ ငါ၏သားသည် မိုက်မဲလှပေစွတကား။

အမှတ် (၈) သင်ခန်းစာ
ယာ၀၊ တာ၀ ဝါကျရေးနည်း

၁။ ယာ၀, တာ၀ ပါရှိသောဝါကျတို့တွင် ယာ၀ထိုင်ရာတစ်ဝါကျ၊ တာ၀ ထိုင်ရာ တစ်ဝါကျ နှစ်ဝါကျပါရှိ၏။

၂။ ယာ၀၊ တာ၀ သဒ္ဒါတို့သည် ရှေ့ဝါကျ၊ နောက်ဝါကျတို့၌နေရာမမြဲကြ။ ယာ၀သဒ္ဒါကရှေ့ဝါကျ၌နေ၍၊ တာ၀သဒ္ဒါက နောက်ဝါကျ၌နေသောအရာလည်းရှိ၏။ ယာ၀သဒ္ဒါကနောက်ဝါကျ၌နေ၍ တာ၀သဒ္ဒါက ရှေ့ဝါကျ၌နေသောအရာလည်းရှိ၏။

http://www.dhammadownload.com

၃။ ယာဝသဒ္ဒါကို ရှေ့ဝါကျ၌ထားလျှင် တာဝသဒ္ဒါကို နောက်ဝါကျ၌ထားပါ။
ယာဝသဒ္ဒါကို နောက်ဝါကျ၌ထားလျှင် တာဝသဒ္ဒါကို ရှေ့ဝါကျ၌ထားပါ။

၄။ ယာဝ၊ တာဝသဒ္ဒါတို့ကို ဝါကျ၏အစ၌ထားရ၏။

၅။ ယာဝ၊ တာဝသဒ္ဒါတို့သည် ပိုင်းခြားခြင်း၊ ပရိစ္ဆေဒန (အဝဓိ) အနက်ကို ဟောကြ၏။

၆။ ယာဝသဒ္ဒါကို ''အကြင်မျှလောက်ကာလပတ်လုံး'' ဟု မြန်မာပြန်ရ၏။
တာဝသဒ္ဒါကို ''ထိုမျှလောက်ကာလပတ်လုံး'' ဟု မြန်မာပြန်ရ၏။

၇။ မြန်မာပြန်သောအခါ ယ၊ တ အသံမပါစေဘဲ ယာဝထိုင်သောဝါကျ၌ နအက္ခရာမပါလျှင် ''သမျှ၊ ပတ်လုံး၊ တိုင်အောင်၊ အထိ'' ဟု မြန်မာပြန်ရ၏။

၈။ ယာဝထိုင်သောဝါကျ၌ နအက္ခရာပါရှိလျှင် ''သမျှ၊ ပတ်လုံး၊ တိုင်အောင်၊ ချင်း၊ မီ၊ ခင်'' ဟု မြန်မာပြန်ရ၏။

ကာလပရိစ္ဆေဒပုံစံများ

(က) ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ မေ လက္ခံ ပဋိဇိန။[၁]

အနက်။ အဟံ–ငါသည်၊ ယာဝ–အကြင်မျှလောက်ကာလပတ်လုံး၊ အာဂစ္ဆာမိ ပြန်လာ၏။ တာဝ–ထိုမျှလောက်ကာလပတ်လုံး၊ မေ–ငါ၏၊ လက္ခံ–ခုံညင်းအမှတ်ကို၊ ပဋိဇိန–တစ်ဖန် နှိုင်ပါစေလော။

မြန်မာ။ ငါပြန်လာသည်အထိ၊ ငါ၏ခုံညင်းအမှတ်ကို တစ်ဖန်နှိုင်ပါစေလော။

(ခ) ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ တွံ ဣဓေဝ ဟောဟိ။

မြန်မာ။ ငါပြန်လာသည်အထိ သင် ဤနေရာ၌ပင် ရှိရစ်ပါ။

(ဂ) နတာဝ ဘဂဝါ ပရိနိဗ္ဗာယိဿတိ၊ နာ ယာဝ ဘဂဝါ ဘိက္ခုသံဃံ အာရဗ္ဘ ကိဉ္စိဒေဝ ဥဒါဟရတိ။[၂]

၁။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ ၁၁၄။ ၂။ သုတ်မဟာဝါဂါဠိ ၈၅။

http://www.dhammadownload.com

အနက်။ ယာဝ–အကြင်မျှလောက်ကာလပတ်လုံး၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ ဘိက္ခုသံဃံ–ရဟန်းအပေါင်းကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ကိဉ္စိ ဒေဝ–တစ်စုံတစ်ခုသောစကားကိုသာလျှင်၊ နဥဒါဟရတိ–မိန့်မြွက်တော် မမူသေး၊ တာဝ–ထိုမျှလောက်ကာလပတ်လုံး၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ နပရိနိဗ္ဗာန်ယိဿတိ–ပရိနိဗ္ဗာန်မစံလတ္တံ့။

မြန်မာ။ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို အကြောင်းပြု၍ တစ်စုံတစ်ခုသောစကားကိုပင် မိန့်မြွက်တော်မမူသမျှကာလပတ်လုံး ပရိနိဗ္ဗာန်စံလိမ့်မည်မဟုတ်။

ဒေသပရိစ္ဆေဒပုံစံ။ ယာဝ ဗြဟ္မလောကော၊ တာဝသဒ္ဒါအဗ္ဘဉ္ဇန္တိ။

မြန်မာ။ ဗြဟ္မာပြည်တိုင်အောင် ကျော်စောသံသည် ပျံ့နှံ့၍တက်ပြီ။

ပထမနေ့

၁။ ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ တွံ ဣဓေဝ ကမ္မံ ကရောဟိ။

၂။ ဆရာပြန်မလာမီ ငါတို့တရားကို နာရလိမ့်မည်မဟုတ်။

၃။ ငါ၏ကျောင်းဖောသံသည် ရန်ကုန်မြို့အထိ ပျံ့နှံ့၏။

ဒုတိယနေ့

၁။ ယာဝ ပိတာ ဘတ္တံ ဘုဉ္ဇတိ၊ တာဝ တွံ ဂေါဏော ရက္ခာဟိ။

၂။ ငါ မန္တလေးမြို့မှ ပြန်လာသည်အထိ မင်း ဤမြေကိုတူးပါ။

၃။ ဖခင်ပြန်လာသည်အထိ အမေသည် အိမ်၌နေပါ။

တတိယနေ့

၁။ ယာဝ တုမှေ ဣမသ္မိံ ဂေဟေဝသထ၊ နယာဝါဟံ ဝိဟာရံ ကရောမိ။

၂။ သင်တို့ မသေခင် ကုသိုလ်ကိုပြုလုပ်ကြပါ။

၃။ ငါတို့မသေမီ မင်းတို့ပညာကို ကောင်းစွာသင်ယူကြပါ။

၄။ ငါ၏မြေသည် ကိုးဆူရွာ အထိဖြစ်၏။

http://www.dhammadownload.com

အမှတ် (၉) သင်ခန်းစာ
ယာဝ ဝါကျရေးနည်း

၁။ တာဝသဒ္ဒါမပါဘဲ ယာဝသဒ္ဒါတစ်ခုသာပါရှိသော ဝါကျမျိုးလည်းရှိ၏။

၂။ ယာဝသဒ္ဒါကို ပိုင်းခြားခြင်းအနက်၊ လွန်ကဲခြင်းအနက်များပါရှိသော ဝါကျများ၌ သုံးစွဲရ၏။

၃။ ယာဝသဒ္ဒါကို ပိုင်းခြားလိုသောပုဒ်နှင့်တွဲစပ်၍ ဝါကျ၏ အစ၊ အလယ် တို့၌ ထားရ၏။

၄။ ပိုင်းခြားခြင်းအနက်ရှိသော ယာဝသဒ္ဒါ၏ စပ်ရာပုဒ်ကို အများအားဖြင့် ပဉ္စမီဝိဘတ်ဖြင့်ရေးရ၏။ ရံခါ ဒုတိယာဝိဘတ်ဖြင့်လည်း ရေးနိုင်၏။

၅။ ယာဝသဒ္ဒါ၏စပ်ရာပုဒ်ကို ''တိုင်အောင်၊ အထိ'' ဟု မြန်မာပြန်ရ၏။

၆။ လွန်ကဲခြင်းအနက်ရှိသော ယာဝသဒ္ဒါ၏စပ်ရာပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။

၇။ လွန်ကဲခြင်းအနက်ရှိသော ယာဝသဒ္ဒါကို တွဲစပ်ရမည့်ပုဒ်နှင့် တွဲစပ်၍ ဝါကျ၏အစ၌ထားရ၏။

၈။ ယာဝသဒ္ဒါစပ်ရာပုဒ်နှင့်တွဲစပ်လျက် ယာဝသဒ္ဒါကို ''လွန်စွာနက်နဲလှ၏။ သိပ်နက်နဲတာပဲ၊ လွန်စွာမိုက်မဲလှ၏'' စသည်ဖြင့် ဝိဘတ်အားလျော်စွာ မြန်မာပြန်ရ၏။

ပိုင်းခြားခြင်းအနက်ပုံစံ

(က) ယာဝ မမာဂမနာ၊ ကွမေဝ တိဋ္ဌထ။ *

မြန်မာ။ ငါပြန်လာသည်တိုင်အောင် ဤနေရာ၌ပင် တည်ရှိနေကြပါ။

---

* ဓမ္မပဒအဋ္ဌကထာပထမတွဲ ၁၂၈

http://www.dhammadownload.com

(ခ) ဘဝံဟိ သောဏဒဏ္ဍော ယာဝသတ္တမာဝိတာမဟာယုဂါ အက္ခိတ္တော အနုပက္ကုဋ္ဌော ဇာတိဝါဒေန။[၁]

မြန်မာ။ အရှင်သောဏဒဏ္ဍကို ဘိုးဘေးခုနစ်ဆက်တိုင်အောင် အမျိုးကို အကြောင်းပြု၍ဖြစ်သော စကားဖြင့် မပယ်အပ်၊ မကဲ့ရဲ့အပ်။

(ဂ) အထဿ သတ္ထာ ယာဝ အရဟတ္တံ ကမ္မဋ္ဌာနံ ကထေသိ။[၂]

မြန်မာ။ ထိုအခါ ဘုရားရှင်သည် အရှင်မဟာပါလအား အရဟတ္တဖိုလ် တိုင်အောင် ကမ္မဋ္ဌာန်းကို ဟောတော်မူခဲ့ပြီ။

လွန်ကဲခြင်းအနက်ပုံစံ။

(က) ယာဝ ဂဗ္ဘိရောစာယံ ဘန္တေ ပဇ္ဇိစ္စာသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသောစ။[၃]

မြန်မာ။ မြတ်စွာဘုရား ဤပဋိစ္စသမုပ္ပါဒ်သည် လွန်စွာပင် နက်နဲလည်း နက်နဲလှပါ၏။ နက်နဲသည်ဟုလည်း ထင်ရပါ၏။

(ခ) ယာဝ ဗာလော ပါယာသိရာဇညော အဗျတ္တော ဒုဂ္ဂဟိတဂါဟီ။[၄]

မြန်မာ။ ပါယာသိရာဇညသည် သိပ်မိုက်တာပဲ၊ မလိမ္မာဘူး၊ မကောင်း သောအယူကို ယူလေ့ရှိ၏။

ပထမနေ့

၁။ ယာဝပြဟ္မလောကာ ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။

၂။ ဖခင်ပြန်လာသည်အထိ မင်းကျွန်နေရာ၌ အလုပ်ကိုလုပ်ပါ။

၃။ ငါတို့ကျေးရွာ၏ ကျောက်စောသံသည် ပုသိမ်မြို့ထိ ပဲ့နံ့၏။

၁။ ဒီ-၁၊ ၁၀၆ ၂။ ခမ္မပဒ-ဋ္ဌ၊ ၁၊ ၅ ၃။ ဒီ-၂၊ ၄၃

၄။ ဒီ-၂၊ ၂၃၂

http://www.dhammadownload.com

ဒုတိယနေ့

၁။ ယာဝ ဗာလော အယံသာမဏေရော။

၂။ ငါတို့၏ ကောင်းသောကျောင်းသည် ရန်ကုန်မြို့တိုင်အောင် ပျံ့နှံ့၏။

၃။ ဤကလေးသည် လွန်စွာလိမ္မာလှ၏။

တတိယနေ့

၁။ ယာဝ အမ္မာကံ မရဏာ တုမှေ ဣမသ္မိ ဂေဟေ ဝသထ။

၂။ အရှင်ဘုရားသည် ကျောင်းတိုက်မှ ဒီကိုရောက်ထွက်သွားသည်အထိ သည်းခံပါ။

၃။ ဤရဟန်းသည် သိပ်ဝီရိယ ရှိတာပဲ။

၄။ သူမသည် မိမိ၏ခြေဖြင့် ကျောင်းအထိသွား၏။

အမှတ် (၁၀) သင်ခန်းစာ
တာဝဝါကျရေးနည်း

၁။ ယာဝသဒ္ဒါမပါဘဲ တာဝသဒ္ဒါတစ်ခုသာပါရှိသော ဝါကျမျိုးလည်းရှိ၏။

၂။ တာဝသဒ္ဒါကို ရှေးဦးစွာ ပထမအနက်၊ ပိုင်းခြားခြင်းပရိစ္ဆေဒနအနက် ခွင့်ပြုခြင်း အနုညာတအနက်၊ လွန်ကဲခြင်းအတိသယအနက်များ ပါရှိသော ဝါကျများ၌ သုံးစွဲရေးသားရ၏။

၃။ တာဝသဒ္ဒါကို ဝါကျ၏ တစ်ပုဒ်နောင်ထားရ၏။

၄။ ပထမအနက်ဟော တာဝသဒ္ဒါကို ''ရှေ့ဦးစွာ၊ ထိုင်ပါဦး'' စသည်ဖြင့် မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပထမအနက်ပုံစံများ

(က) ပြဟ္မဏော တာဝ ယဇတု။[၁]

မြန်မာ။ ပုဏ္ဏားသည် ရှေဉီးစွာ ပူဇော်ပါလော။

(ခ) ဝိနယော တာဝ ဝဝတ္ထပေတမ္ဗော။[၂]

မြန်မာ။ ရှေဉီးစွာ ဝိနည်းကို ပိုင်းခြားသတ်မှတ်သင့်၏။

(ဂ) ဌပေထ တာဝ ယာနံ ဩတရိတ္တာ အာဂမိဿာမိ။[၃]

မြန်မာ။ ယာဉ်ကိုရပ်ထားကြပါဦး ဆင်းပြီးနောက် ပြန်လာပါမည်။

(ဃ) နိသီဒထ တာဝ ကုဝေဓနံ ပဿိဿထ။[၄]

မြန်မာ။ ထိုင်ကြပါဦး၊ ဤနေရာ၌ပင် ထိုမဟာကပ္ပိနကို တွေ့မြင်ကြရလိမ့်မည်။

(င) အဓိဝါသေဟိတာဝ သာရိပုတ္တ၊ မယမ္ပိ ဂမိဿာမ။[၅]

မြန်မာ။ ချစ်သား သာရိပုတ္တရာ သည်းခံပါဦး၊ ငါတို့လည်းသွားကြမည်။

(စ) ဝဒေဟိ တာဝ အာဝုသော ပါလိတ။[၆]

မြန်မာ။ ငါ့ရှင် ပါလိတ၊ ဆိုစမ်းပါဦး။

၅။ ပရိစ္ဆေဒနအနက်ဟော တာဝ သဒ္ဒါကို ''ထိုမျှလောက်၊ သည်မျှလောက်၊ ကိုရင်တောင်မှ'' စသည်ဖြင့်လည်းကောင်း၊ ''အချိန်မကျသေး၊ အခါမဟုတ်သေး၊ အားရှိသေး၏'' စသည်ဖြင့်လည်းကောင်း ထည့်သွင်းမြန်မာပြန်ရ၏။

၁။ ဇာတကပါဠိ၊ ဒုတိယတွဲ-၂၄၆
၂။ ပါရာဇိကဏ်အဋ္ဌကထာ ပထမတွဲ-၄
၃။ ဓမ္မပဒအဋ္ဌကထာပထမတွဲ - ၃၉၇
၄။ ဓမ္မပဒအဋ္ဌကထာပထမတွဲ - ၃၉၇
၅။ ဓမ္မပဒအဋ္ဌကထာပထမတွဲ - ၃၉၈
၆။ ဓမ္မပဒအဋ္ဌကထာပထမတွဲ - ၃

http://www.dhammadownload.com

ပရိစ္ဆေဒနအနက်ပုံစံများ

(က) ကြဒံ ပနတေ မဟာရာဇ တာဝ ဗဟုံ သုဝဏ္ဏံ ကုတော (လဒ္ဓံ)[၁]

မြန်မာ။ မင်းမြတ်၊ သည်လောက်များပြားလှသော ဤရွှေငွေကို သင် သည် အဘယ်မှာ ရအပ်ပါသနည်း။

(ခ) ရုက္ခောပိ တာဝ နတ္ထိ ယောဇနသတိကော။[၂]

မြန်မာ။ (အရှင်ဘုရား နာဂသေန) သစ်ပင်သော်မျှလည်း ထိုမျှလောက် ယူဇနာတစ်ရာ မရှိနိုင်ပါ။

(ဂ) ဧသ မယာ ပယောဇိတောပိ တာဝ ဧဝံ ပတ္ထေတိ၊ မယ့်ကို နသမိဗ္ဗိ ဿတိ။[၃]

မြန်မာ။ ငါစေခိုင်းအပ်သော ဤကိုရင်တောင်မှ ဤသို့ ဆုတောင်းသေး၏။ ငါ၏ဆုတောင်းသည် အဘယ်မှာလျှင် မပြည့်စုံဘဲ ရှိလိမ့်မည် နည်း။

(ဃ) မဟာဒုဂ္ဂတ နတာဝ ဘတ္တကာလော၊ ကဿာ တွံ အာဂစ္ဆသိ။[၄]

မြန်မာ။ မဟာဒုဂ်၊ ဆွမ်းဘုဉ်းပေးချိန်မကျသေး၊ ဘာ့ကြောင် သင်လာ သလဲ။

(င) အကာလော တာဝ ဗာဟိယ၊ အန္တရ ဃရံ ပဝိဋ္ဌမှာပိဏ္ဍာယ။[၅]

မြန်မာ။ ဗာဟိယ အခါမဟုတ်သေး၊ ငါတို့ဆွမ်းအလို့ငှာ ရွာထဲသို့ ဝင်နေ ကြ၏။

(စ) ဗလဝါ တာဝ သေဋ္ဌိ အာဟာရံ၊ ဘုဉ္ဇတိယေဝ။[၆]

မြန်မာ။ သူဋ္ဌေးသည် အားရှိသေးပါ၏။ အာဟာရကို စားသေးသည်သာ။

၁။ ပါရာဇိကပါဠိ - ၆၂
၂။ မိလိန္ဒပဉှာပါဠိ - ၉၁
၃။ မိလိန္ဒပဉှာပါဠိ - ၃
၄။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ - ၃၆၄
၅။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ - ၄၁၁
၆။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ - ၁၁၇

http://www.dhammadownload.com

(ဆ) အနိဿရာ ခေါ် တုမှေ အာဝုသော အမှာကံ် ပဝါရဏာယ။ နတာဝ မယံ် ပဝါရေယျာမ။[၁]

မြန်မာ။ ငါ့ရှင်တို့၊ အရှင်ဘုရားတို့သည် တပည့်တော်တို့၏ ပဝါရဏာ၌ အစိုးမရကြပါ၊ တပည့်တော်တို့သည် ပဝါရဏာမပြုကြရသေးပါ။

၆။ အနုညာတ အနက်ရှိသော တာဝသဒ္ဒါကို ''ရှိပါစေ၊ ဖြစ်ပါစေ၊ ရှိပါစေဦးတော့၊ သင့်တန်စေဦးတော့'' စသည်ဖြင့် မြန်မာပြန်ရ၏။

အနုညာတအနက်ပုံစံများ

(က) ဂတိနိမိတ္တံ တာဝ ပစ္စုပ္ပန္နာရမ္မဏံ ယုဇ္ဇတိ။[၂]

မြန်မာ။ ဂတိနိမိတ်သည် ပစ္စုပ္ပန်အာရုံရှိခြင်းသည် သင့်တန်စေဦးတော့။

(ခ) နနု စ ဝေဒနာ ဘောဒေါ် တာဝ ယုတ္တာ၊ ဉာဏသခ်ါရဘောဒေါ် ပန ကထံ။[၃]

မေးပါဦးမည်၊ ဝေဒနာအားဖြင့် စိတ်ကွဲပြားခြင်းသည် သင့်ပါစေဦးတော့၊ ဉာဏ်သခ်ါရအားဖြင့် စိတ်ကွဲပြားခြင်းသည်ကား အဘယ်မှာ သင့်နိုင်ပါအံ့နည်း။

၇။ အတိသယအနက်ရှိသော တာဝသဒ္ဒါကို ''အလွန်အက၊ အလွန်အမင်း၊ လွန်စွာ၊ အတိုင်းထက်အလွန်'' စသည်ဖြင့် မြန်မာပြန်ရ၏။

အတိသယအနက်ပုံစံများ

(က) ဇေံ ဟေတံ အာနန္ဒ ဟောတိ၊ ဇရာဓမ္မော ယောဗ္ဗညေ၊ ဗျာဓိဓမ္မော အာရောဂျေ၊ မရဏဓမ္မော ဇီဝိတေ၊ နစေဝ တာဝ ပရိသုဒ္ဓေါ် ဟောတိ ဆဝိဝဏ္ဏော ပရိယောဒါတော။[၄]

မြန်မာ။ အာနန္ဒာ၊ ထိုစကားမှန်၏။ နုပျိုခြင်း၌ အိုမင်းခြင်းသဘောရှိ၏။ ကျန်းမာခြင်း၌ နာခြင်းသဘောရှိ၏။ အသက်ရှင်ခြင်း၌ သေခြင်းသဘောရှိ၏။ အရေအဆင်းသည် လွန်စွာ စင်ကြယ်ဖြူစင်ခြင်း မရှိတော့ပေ။

၁။ ဝိနယမဟာဝဂ္ဂပါဠိ - ၂၆၀
၂။ ဋီကာကျော်ပါဠိ - ၁၉၁
၃။ ဋီကာကျော်ပါဠိ - ၁၉၁
၄။ သံယုတ္တပါဠိတတိယတွဲ - ၁၉၁

http://www.dhammadownload.com

ရှင်းလင်းချက်

ဘုရားရှင် သက်တော်ကြီးပြင်းတော်မူလာသောအခါ ဘုရားရှင်၏ အရေတော်၊ အဆင်းတော်များသည် မူလငယ်ရွယ်စဉ်က အရေတော်၊ အဆင်းတော်မျိုး မရှိနိုင်တော့ပါ။ ခန္ဓာကိုယ်အားလုံး လျော့ပါးလာကြ၏။ အရေတော်များ တွန့်လိပ်လာကြ၏။ ထို့ကြောင့် ဘုရားရှင်၏ လက်ရှိအရေတော် အဆင်းတော်များသည် လွန်စွာ အိုမင်းလာနေပြီဟူသော သဘောကို ဆောင်ပြတော်မူ၏။ ထိုလွန်စွာ အိုမင်းနေပြီဟူသော သဘောကို နစေဝ တာဝ ဟု အစချီလာသော ဝါကျတွင် ''တာဝ'' သဒ္ဒါက ရည်ညွှန်း ''ဖော်ပြတော်မူ'' ခြင်းဖြစ်၏။

(ခ) တာဝ မနောရမံ ဗိမ္ဗံ၊ ဇရာယ အဘိမဒ္ဒိတံ။[၁]

မြန်မာ။ ဇရာတရားသည် နှစ်သက်ဖွယ်ကောင်းသော ခန္ဓာကိုယ်အတ္တဘောကို လွန်စွာဖိစီးနှိပ်စက်အပ်ပြီတကား။

မှတ်ချက်။ ဂါထာဖြစ်၍ တာဝသဒ္ဒါသည် တစ်ပုဒ်နောင်မနေဘဲ ဝါကျ၏ အစ၌ ရောက်နေခြင်းဖြစ်၏။

(ဂ) တာဝ ဒဠှ ဗန္ဓဉ္စ မေ အာသိ။[၂]

ငါ၏ နှလုံးသားသည် လွန်စွာခိုင်မြဲသော အနှောင်အဖွဲ့ ဖြစ်လတ္တံ့။

ပထမနေ့

၁။ တိဋ္ဌထ တာဝ ဓီတာ မေ အာဂန္တ္မာ ဣဓေဝ ပိဏ္ဍပါတံ တုယှံ ဒဿတီ။

၂။ မိတ်ဆွေ၊ စားစမ်းပါဦး၊ စားပြီးမှ ငါနှင့်အတူ မြို့ထဲသို့သွားမည်။

၃။ ရှေဦးစွာ လူသည် ဘုရားကို ရှိခိုးနေ၏။

၄။ ငါ၏ကြိုးစားမှု ဝီရိယသည် လွန်စွာ ခိုင်မြဲ၏။

၁။ သံယုတ္တပါဠိတတိယတွဲ - ၁၉၁ ၂။ ဇာတကပါဠိ ဒုတိယတွဲ - ၂၅၄

http://www.dhammadownload.com

ဒုတိယနေ့

၁။ မာတ တာဝ ရွှေတိဂုံနာမစေတိယံ ဒဋ္ဌုံ ရန်ကုန်နဂရံ ဂစ္ဆတု၊ မယံ ပစ္ဆာ ဂမိဿာမ။

၂။ မိတ်ဆွေ ဆိုစမ်းပါဦး သင်ဣတ္ထိကို ဘယ်ကဝယ်လာခဲ့ပါသလဲ။

၃။ ညီမ သည်လောက်များကုန်သော အသားတို့ကို မင်းဘယ်ကရခဲ့ပါသနည်း။

၄။ လူ၏ဘုရားရှိခိုးခြင်းသည် သင့်မြတ်ပါ၏။ ကိုရင်သည် အဘယ်ကြောင့် အိပ်နေရပါသနည်း။

တတိယနေ့

၁။ မာတုဂါမောပိ တာဝ နတ္ထိ အဘိရူပေါ ဒဿနီယော။

၂။ အမေ သင်သည် ထိုမျှလောက် များကုန်သော ငါးတို့ကို အဘယ်က ဝယ်ခဲ့ပါသနည်း။

၃။ ကိုရင်သည် သဒ္ဓါတရားရှိသေး၏၊ နေ့တိုင်း နေ့တိုင်း စာပြန်နေသည်သာ။

အမှတ် (၁၁) သင်ခန်းစာ
နာမဝါကျရေးနည်း

၁။ နာမသဒ္ဒါသည် နိပါတ်ပုဒ် နာမသဒ္ဒါ၊ နာမ်ပုဒ် နာမသဒ္ဒါဟု နှစ်မျိုးရှိ၏။

၂။ နိပါတ်ပုဒ် နာမသဒ္ဒါကို ကဲ့ရဲ့ခြင်း ဂရဟာအနက်၊ ချီးမွမ်းခြင်း ပသံသနအနက်၊ အမည်သညာအနက်၊ မေးခြင်းပဉ္ဉာအနက်တို့၌ သုံးစွဲရေးသားရ၏။

၃။ ဂရဟာအနက်၊ ပသံသနအနက်၊ ပဉ္ဉာအနက်ဟော နာမသဒ္ဒါတို့ကို ဝါကျ၏အစတစ်ပုဒ်နောင် ထားရ၏။

၄။ အမည်သညာအနက်ဟော နာမသဒ္ဒါကို တွဲစပ်ရမည့် အမည်ပြပုဒ် နောင်ထားရ၏။

http://www.dhammadownload.com

၅။ ကဲ့ရဲ့ခြင်း ဂရဟာအနက်ဟော နာမသဒ္ဒါ၊ ချီးမွမ်းခြင်း ပသံသနအနက်ဟော နာမသဒ္ဒါ၊ မေးခြင်းပဉ္ဆာအနက်ဟော နာမသဒ္ဒါများ ပါရှိရာ ဝါကျများတွင် ပဓာန အာချာတ်ကြိယာပုဒ်ကို များသောအားဖြင့် ဘဝိဿန္တိဝိဘတ်ဖြင့် ရေးရ၏။ အမည်သညာဟောနာမအတွက် သတ်မှတ်ချက်မရှိ။

၆။ ဂရဟာအနက်ဟော နာမသဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ သင်သော်မှ၊ သင်တောင်မှ ''လုပ်နေဘိသေး၏၊ လုပ်ရက်ပေ၏၊ လုပ်ရက်ပလေ၊ လုပ်ရဲပါပေ၏'' စသည်ဖြင့် ကဲ့ရဲ့အပြစ်တင်သော ဂရဟာအနက် ပေါ်လွင်အောင် မြန်မာပြန်ရ၏။

၇။ ပသံသနအနက်ဟော နာမသဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ ''တပည့်သော်မှ၊ တပည့်တောင်မှ၊ လုပ်နိုင်ပါပေ၏၊ လုပ်နိုင်ပါပေတယ်'' စသည်ဖြင့် ချီးမွမ်းခြင်း ပသံသနအနက်ပေါ်လွင်အောင် မြန်မာပြန်ရ၏။

၈။ အမေးပဉ္ဆာအနက်ဟော နာမသဒ္ဒါကို ''ကထံဟိ၊ ကိံနု၊ နနု ကိဒိသ စသော နိပါတ်ပုဒ်များနှင့်တွဲလျက်'' ကထံဟိနာမ, နနုနာမ၊ ကိံနုနာမ၊ ကိဒိသာနာမ စသည်ဖြင့် ရေးရ၏။

၉။ ကထံဟိ၊ နနု စသော နိပါတ်ပုဒ်များနှင့်မတွဲဘဲ ကြိယာပုဒ်ကို ဝါကျအစစ်ထားသော အမေးဝါကျများ၌ နာမသဒ္ဒါကို ကြိယာပုဒ် နောင်ထားသော ဝါကျမျိုးလည်းရှိ၏။

ဂရဟာအနက်ပုံစံများ

(က) တုံပိနာမ မောဃပုရိသ သမဏော သက္ယပုတ္တိယော ပဋိဇာနိ သသိ။[၁]

မြန်မာ။ အချည်းနှီးသောယောက်ျား သင်သည်သော်မှလည်း သာကီဝင်မင်းသား ဘုရားသားတော်ဟူ၍ ဝန်ခံရက်ပါပေ၏။

(ခ) အစ္ဆရိယံ မောဂ္ဂလ္လာန အပ္ပဋိတံ မောဂ္ဂလ္လာန၊ ယာဝဇာဟာဂဟဏာပိ နာမ သော မောဃပုရိသော အာဂမေဿတိ။[၂]

၁။ ပါထိကဝဂ္ဂပါဠိ - ၅ ၂။ ဥဒါနပါဠိ - ၁၃၉

http://www.dhammadownload.com

မြန်မာ။ မောဂ္ဂလာန် အံ့ဩဖွယ်ကောင်းပေစွ၊ မောဂ္ဂလာန် မဖြစ်ဖူးမြဲ ဖြစ်ပေစွ၊ ထိုအချည်းနှီးသောယောကျ်ားသည် လက်မောင်းကို ကိုင်ဆွဲထုတ်ရသည့်တိုင်အောင် စောင့်ဆိုင်းနေဘိသေး၏။

(ဂ) ကုမေဟိ နာမ ဓမ္မစာရိနော သမစာရိနော ဗြဟ္မစာရိနော သစ္စဝါဒိနော သီလဝန္တော ကလျာဏဓမ္မာ ပဋိဇာနိဿန္တိ။[၁]

မြန်မာ။ ဤရဟန်းတို့သည် တရားကျင့်ကုန်၏၊ ကိုယ်ကျင့်ကောင်းကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ အမှန်ကိုပြောကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောသဘောရှိကုန်၏ဟူ၍ ဝန်ခံရဲကြသေး၏။

(ဃ) ဇေရုပမိုနာမ ကုမာ ကရိဿန္တိ။[၂]

မြန်မာ။ ဤသူမတို့သည် ဤသို့သဘောရှိသော အလုပ်မျိုးကိုပင် (ဤအလုပ်မျိုးကိုပင်) လုပ်ရက်ကြပေ၏။

ပသံသနအနက်ပုံစံများ

(က) ယတြ ဟိနာမ သာဝကော ဇေရုပံ ဥဿတိဝါ ဒက္ခတိဝါ သက္ခိဝါ ကရိဿတိ။[၃]

မြန်မာ။ အကြင်ကြောင့် တပည့်သော်မှ ဤသတ္တဝါမျိုးကို သိလည်း သိနိုင်ပါပေ၏၊ မြင်လည်း မြင်နိုင်ပါပေ၏၊ သက်သေကိုလည်း ပြုနိုင်ပါပေ၏။

(ခ) ယတြဟိနာမ သာဝကောပိ ဇေံ မဟိဒ္ဓိကော ဘဝိဿတိ။[၄]

မြန်မာ။ အကြင်ကြောင့် တပည့်သော်မှလည်း ဤသို့တန်ခိုးကြီးလှပါပေ၏။

၁။ ဥဒါနပါဠိ - ၁၂၉ ၃။ ပါရာဇိကပါဠိ - ၁၄၅

၂။ ဓမ္မပဒအဋ္ဌကထာ ပထမတွဲ - ၁၃၈

http://www.dhammadownload.com

(ဂ) ကုတ္ထိနာမအာကာသံ အဘိရုဟိဿတိ၊ မိန်းမတောင် ကောင်းကင်သို့ တက်နိုင်ပေ၏။

ပဉ္စာအနက်ပုံစံများ

(က) ကထံ ဟိနာမ တွံ မောဃပုရိသ သဉ္စရိတ္တံ သမာပဇ္ဇိဿတိ။[၁]

မြန်မာ။ အချည်းနှီးသောယောကျ်ား သင်သည် အဘယ့်ကြောင့် အောင်သွယ်မှုကို ပြုဘိသနည်း။

(ခ) ကထံ ဟိနာမ ပုတ္တော သုဒိန္နော ဇဝံ ဝက္ခတိ။[၂]

မြန်မာ။ သားသုဒိန်သည် အဘယ့်ကြောင့် ဤသို့ပြောရက်ပါလိမ့်။

ဝါကျအစဉ် ကြိယာပုဒ်ကိုထားသောပုံစံ

အတ္ထိနာမ တာဝ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ။[၃]

မြန်မာ။ ချစ်သား သုဒိန်၊ တစ်ည၌လွန်ပြီးသော မုယောမုန့်ကို စားမှစားရက်ပလော၊ ငါတို့မှာ ဥစ္စာရှိသေးသည် မဟုတ်ပါလား။

၁၀။ မေးခြင်းပဉ္စာအနက်ပါရှိသော ဝါကျတွင် နာမသဒ္ဒါသည် ဂရဟာအနက်၊ ပသံသနအနက်များကိုဟောသော်လည်း ပဓာနအာချာတ် ကြိယာပုဒ်ကို ဘဝိဿန္တိဝိဘတ်ဖြင့် မရေးသောဝါကျမျိုးလည်း ရှိနိုင်သေး၏။

ဂရဟာအနက်ပုံစံ

ကိန္နုခေါ နာမတုမှေ အာဝုသော မံ ဝတ္တုပ္ပံ မညထ။[၄]

ငါ့ရှင်တို့၊ သင်တို့သည် အဘယ့်ကြောင့် တပည့်တော်ကို ပြောဆိုသင့်၏ဟူ၍ မှတ်ထင်ကြသနည်း။

ပသံသနပုံစံ

အဟံ ခေါ နာမ တုမှေ ဝဒေယျုံ။[၅]

၁။ ပါရာဇိကပါဠိ - ၂၁၀
၂။ ပါရာဇိကပါဠိ - ၁၈
၃။ ပါရာဇိကပါဠိ - ၁၉
၄/၄။ ပါရာဇိကပါဠိ - ၂၇၁

http://www.dhammadownload.com

မြန်မာ။ တပည့်တော်ကသာလျှင် သင်တို့ကို ပြောဆိုရမည်။

၁၁။ မေးခြင်းပဉ္စာအနက်ဟော နာမသဒ္ဒါပါရှိရာ ဝါကျတွင် ကြိယာပုဒ်ကို ကိတ်ကြိယာဖြင့် ရေးသော ဝါကျမျိုးလည်းရှိ၏

ကိတ်ကြိယာပုံစံ

နနုနာမ တာတ သုဒိန္န သကံ ဂေဟံ ဂန္တွဗ္ဗံ။[၃]

မြန်မာ။ ချစ်သား သုဒိန်၊ မိမိအိမ်သို့ သွားသင့်သည် မဟုတ်လား။

အန္ဓယီနာမ်စား (နိယမာ နိယမ) ဝါကျပုံစံ

ကီဒိသာနာမ တာ အယျပုတ္တ အစ္ဆရာယော၊ ယာသံ တွံ ဟေတု ဗြဟ္မစရိယံ စရသိ။[၄]

မြန်မာ။ အရှင့်သား၊ အရှင့်သားသည် အကြင်နတ်သမီးတို့၏ အကြောင်းကြောင့် မြတ်သောအကျင့်ကို ကျင့်၏။ ထိုနတ်သမီးတို့သည် အဘယ်သို့ သဘောရှိကြပါသနည်း။

၁၂။ အမည်ဟော နာမသဒ္ဒါကို အမည်ပြပုဒ်နှင့်တွဲလျက် တိသမည်သော စသည်ဖြင့် ''မည်သော၊ မည်တဲ့၊ ဆိုတဲ့'' ဟူ၍လည်းကောင်း၊ ''ရဟန်း မည်၏၊ သရမည်၏'' စသည်ဖြင့် ''မည်၏'' ဟုလည်းကောင်း မြန်မာပြန်ရ၏။

ပုံစံ။ (က) အဟံ ဘန္တေ နာဂသေနော နာမ။[၁]

မြန်မာ။ အရှင်ဘုရား၊ တပည့်တော်သည် နာဂသေန မည်ပါ၏။

(ခ) တတ္ထ မဟာသေနောနာမ ဒေဝပုတ္တော ပဋိဝသတိ။[၂]

မြန်မာ။ ထိုကေတုမတီဗိမာန်၌ မဟာသေနမည်သော နတ်သားသည် နေ၏။

၁။ ပါရာဇိကပါဠိ - ၁၈
၂။ ပါရာဇိကပါဠိ - ၂၀
၃။ မိလိန္ဒပဉ္ဟာပါဠိ - ၁၄
၄။ မိလိန္ဒပဉ္ဟာပါဠိ - ၆

http://www.dhammadownload.com

၁၃။ နာမ်ပုဒ်အမည်ဟော နာမသဒ္ဒါသည် နပုံးလိင်ဖြစ်၏။ ထို့ကြောင့် ယင်း နာမသဒ္ဒါကို ဝိဘတ်အားလျော်စွာ ''နာမံ၊ နာမာနိ'' စသည်ဖြင့် စိတ္တာဒိဂိုဏ်းအတိုင်း ပဒမာလာစဉ်၍ ပါဠိဝါကျ၌ သုံးစွဲရေးရမည်။

ပုံစံ။ ကျွသိ သိင်္ဂါ တွေဝဿ နာမံ အဟောသိ။[၁]

မြန်မာ။ သူ၏အမည်သည် ကျွသိသိင်္ဂ ဟူ၍သာဖြစ်၏။

၁၄။ နာမသဒ္ဒါကို ကိုသဒ္ဒါနှင့် ''ဗဟုဗ္ဗိ'' ဟိ သမာသ်တွဲစပ်နိုင်၏။ ထိုသို့ တွဲစပ်ရာ၌ သမာသ်စပ်ပြီးသောအခါ သမာသ်ပုဒ်ကို အညပုဒ်အရ ကောက်ယူရသော ပုဒ်အားလျော်စွာ ''ကိုနာမော၊ ကိုနာမာ၊ ကိုနာမံ'' စသည်ဖြင့် လိင်သုံးပါးဖြင့် ရေးနိုင်၏။

၁၅။ ကိုသဒ္ဒါနှင့် သမာသ်တွဲစပ်သောအခါ ကိုသဒ္ဒါကို မူလပကတိအတိုင်း ထား၍ ''ကိုနာမော'' ဟူ၍လည်းကောင်း၊ ကိုသဒ္ဒါကို ကပြုလျက် ကအက္ခရာ၌ ဝိဘတ်မကျော်ဘဲ အလုတ္တသမာသ်အဖြစ်ဖြင့် ''ကော နာမော'' ဟူ၍လည်းကောင်း ရုပ်နှစ်မျိုး ရှိနိုင်၏။

ပုံစံ။ (က) တွံ ကိုနာမောသိ။[၂]
သင် အဘယ်အမည်ရှိသနည်း။

(ခ) ကော နာမော တေ ဥပဇ္ဈာယော။[၃]
သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း။

ပထမနေ့

၁။ မာတုဂါမောနာမ သုရံ ပိဝိဿတိ။

၂။ မာတုဂါမတောင် ပိဋ္ဌကတ်သုံးပုံဖြစ်သော ဘုရားစကားတော်ကို ဆောင်ထားနိုင်ပါပေ၏။

၃။ သင်သည် အဘယ့်ကြောင့် မိမိ၏လင်ကို ဆဲရဘိသနည်း။

၁။ ဇာတကဋ္ဌကထာ ပဌမတွဲ - ၂၀၃ ၃/၃။ မိလိန္ဒပဉှာပါဠိ - ၁၄
၂။ သဒ္ဒနီတိပဒမာလာ - ၃၇၁

http://www.dhammadownload.com

ဒုတိယနေ့

၁။ ကထံဟိနာမတုမေ့ သမဏာသကျပုတ္တိယာ ပဋိဇာနိသထ။

၂။ မိဘများကသာ သားသမီးများကို ဆုံးမနိုင်တာပဲ။

၃။ ရဟန်းတောင်မှ အရက်ကို သောက်နေသလား။

တတိယနေ့

၁။ ကော နာမော တေ ပုတ္တော။

၂။ သင်၏အမျိုးသည် အဘယ်အနွယ်ဖြစ်ပါသလဲ။

၃။ သင်တို့၏သမီးသည် အဘယ်အမည်ရှိပါသနည်း။

၄။ မျက်ကန်းတောင်မှ လမ်းကိုသွားနိုင်သေး၏။

အမှတ် (၁၂) သင်ခန်းစာ
အပိဝါကျရေးနည်း

၁။ အပိသဒ္ဒါသည် ချီးမွမ်းခြင်း သမ္ဘာဝနာအနက်၊ ကဲ့ရဲ့ခြင်း ဂရဟာအနက်ကို ဟော၏။

၂။ အပိသဒ္ဒါကို ချီးမွမ်းခံရသည့်ပုဒ်၊ ကဲ့ရဲ့ခံရသည့်ပုဒ်တို့၏နောက်၌ ယှဉ်တွဲလျက် ထားရ၏။

၃။ အပိယှဉ်တွဲရာပုဒ်ကို ''သော်မှလည်း၊ တောင်မှ'' စသည်ဖြင့် မြန်မာပြန်ရ၏။

၄။ ရှေ့ဝါကျ၌ အပိသဒ္ဒါပါရှိလျှင် နောက်ဝါကျ၌ ပဂေဝသဒ္ဒါ၊ ကိမင်္ပနသဒ္ဒါ၊ ကောပနဝါဒေါ သဒ္ဒါတို့တွင် တစ်မျိုးမျိုးပါရှိရ၏။

၅။ နောက်ဝါကျ၌ ရှေ့ဝါကျပါ အပိသဒ္ဒါဖြင့် ဆည်းယူရာပုဒ် တစ်ခုခုပါရှိရ၏။

http://www.dhammadownload.com

၆။ အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း၊ အထူးပြောနေစရာမလိုတော့၊ ရှေးဦးမဆွအစကပင် အစောကြီးကပင် အတိသယအနက်၊ ရှေးဦးစွာ ပထမအနက်ပေါ်လွင်အောင် မြန်မာပြန်ရ၏။

၇။ နောက်ဝါကျ၌ ''ကိမင်္ဂံပန'' သဒ္ဒါပါရှိလျှင် ရှေ့ဝါကျမှာ နအက္ခရာမပါရှိပါက နအက္ခရာကိုထည့်၍ အနက်၊ မြန်မာပြန်ဆိုရ၏။ ရှေ့ဝါကျ၌ နအက္ခရာပါရှိလျှင် ယင်းနအက္ခရာကို ပယ်ဖြုတ်၍ အနက်မြန်မာပြန်ဆိုရ၏။

၈။ ကိမင်္ဂံပုဒ်ကို အဘယ်အကြောင်းကြောင့် အဘယ်မှာဆိုဖွယ်ရာရှိမည်နည်းဟု မြန်မာပြန်ရ၏။

၉။ နောက်ဝါကျ၌ ကောပနဝါဒေါ သဒ္ဒါပါရှိလျှင် ကွတိသဒ္ဒါကိုထည့်၍ အနက်ပေးရ၏။

၁၀။ ကောပနဝါဒေါပုဒ်ကို ''အဘယ်မှာဆိုဖွယ်ရှိအံ့နည်း'' ဟု မြန်မာပြန်ရ၏။

၁၁။ တစ်နည်းအားဖြင့် နောက်ဝါကျ၌ ''ကောပနဝါဒေါ'' သဒ္ဒါပါရှိလျှင် ရှေ့ဝါကျမှ ပဓာနကြိယာကို အာဓာရပြု၍လည်း ပါဠိဝါကျရေးနိုင်၏။

အမှာ။ အထက်ပြခဲ့သော သင်ခန်းစာသည် နာမသဒ္ဒါနှင့် မတွဲဘဲ အပိသဒ္ဒါသက်သက်ပါရှိသော ဝါကျအတွက်ဖြစ်၏။ အပိသဒ္ဒါသည် နာမသဒ္ဒါနှင့်တွဲလျက် ''အပိနာမ'' ဟု ပါရှိသောဝါကျမျိုးလည်းရှိ၏။ ရေးနည်း ဥပဒေသကား အတူတူပင်ဖြစ်၏။

သမုစ္စည်းအနက်ရှိသော အပိသဒ္ဒါ၏ရေးနည်းကို ပါဠိဝါကျရေးနည်း ဒုတိယတွဲ အခန်း (၄) ဥပသာရပုဒ် နိပါတ်ပုဒ်များဆိုင်ရာ အမှတ် (၄) သင်ခန်းစာ၌ ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

ပဥ္စာအနက်ရှိသော အပိသဒ္ဒါ၏ရေးနည်းကို ပါဠိဝါကျရေးနည်း ဒုတိယတွဲ အခန်း (၃) အမှတ် (၁) သင်ခန်းစာ၌ ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

http://www.dhammadownload.com

ပဂေဝနှင့်တွဲနေသောပုံစံ

(က) တိရစ္ဆာနဂတိတ္ထိယာပိ မေထုနံ ဓမ္မံ ပဋိသေဝိတ္ထာ အဿမဏော ဟောတိ အသက္ကျပုတ္တိယော၊ ပဂေဝ မနုဿိတ္ထိယာ။[၁]

မြန်မာ။ တိရစ္ဆာန်မၵသော်လည်း မေထုန်အကျင့်ကို မှီဝဲခြင်းကြောင့် ရဟန်း မဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်တော့ပေ။ လူမိန်းမၵ အဘယ်မှာဆိုဖွယ်ရှိအံ့နည်း။

(ခ) အန္တမသော တဒဟုဇာတာပိ ဒါရိကာ၊ ပဂေဝ မဟတ္တရိ။[၂]

မြန်မာ။ အယုတ်ဆုံးအားဖြင့် ထိုနေ့ၵမွေးဖွားသည်လည်းဖြစ်သော သူငယ်မတည်း၊ အရွယ်ကြီးသောမိန်းမ (မိန်းမကြီး) သည် အဘယ်မှာ ဆိုဖွယ်ရှိအံ့နည်း။

ကိမင်္နှင့်တွဲနေသောပုံစံ

(က) တေသံဟိနာမ ဘိက္ခဝေ တိရစ္ဆာန ဂတာနံ ပါဏာနံ အမနာပါ ဘဝိဿတိယာစနာ အမနာပါဝိညတ္တိ၊ ကိမင်္ပန မနုဿ ဘူတာနံ။[၃]

အနက်။ ဘိက္ခဝေ – ရဟန်းတို့၊ တိရစ္ဆာနဂတာနံ – တိရစ္ဆာန်ဖြစ်ကုန်သော၊ တေသံပါဏာနံ – ထိုသတ္တဝါတို့မှာ၊ ယာစနာ – တောင်းခြင်းကို၊ အမနာပါ – မနှစ်သက်အပ်သည်၊ ဝိညတ္တိ– တောင်းခြင်းကို၊ အမနာပါ – မနှစ်သက်အပ်သည်၊ ဘဝိဝဿတိနာမ – ဖြစ်သေးဏ်၊ မနုဿ ဘူတာနံ = လူဖြစ်၍ ဖြစ်သူတို့မှာ၊ ကိမင်္ – အဘယ်အကြောင်းကြောင့်၊ ယာစနာ – တောင်းခြင်းကို၊ အမနာပါ – မနှစ်သက်အပ်သည်၊ နဘဝိဿတိ– မဖြစ်နိုင်ဘဲ ရှိအံ့နည်း။

၁။ ပါရာဇိကပါဠိ - ၃၄ ၂။ ပါရာဇိကပါဠိ - ၂၂၃
၃။ ပါရာဇိကပါဠိ - ၁၇၄

http://www.dhammadownload.com

မြန်မာ။ ရဟန်းတို့၊ တိရစ္ဆာန်ဖြစ်သော ထိုသတ္တဝါများတောင်၊ တောင်းခြင်းကို မနှစ်သက်မှု ဖြစ်သေး၏။ လူဖြစ်သူတို့မှာ အဘယ်အကြောင်းကြောင့် တောင်းခြင်းကို မနှစ်သက်မှုမဖြစ်ဘဲ ရှိပါ့မလဲ။

(ခ) သောဟိနာမ အာယသ္မာ အာသဝါနံခယာ အနာသဝံ စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿတိ၊ ကိ မင်္ဂံ ပနာဟံ။

မြန်မာ။ ထိုအရှင်သည်ပင် အာသဝေါတရားများ ကုန်ခြင်းကြောင့် အာသဝေါကင်းသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေနိုင်ပေသေး၏။ ငါသည်ကား အဘယ့်အကြောင့် မနေနိုင်ဘဲရှိအံ့နည်း။

အနက်။ အဟံပန – ငါလိုလူသည်မူကား၊ ကိမင်္ဂံ – အဘယ်အကြောင်းကြောင့်၊ နဝိဟရိဿာမိ – မနေနိုင်ဘဲ ရှိပါအံ့နည်း။

ကောပနဝါဒေါပုံစံ

(က) သစေပိ မဉ္စုပ္ပမာဏာ ဘိသိစ္ဆဝိ ဟောတိ၊ ဝဋ္ဋတိယေဝ၊ ကောပနဝါဒေါ ပတ္တတ္ထဝိကာဒီသု။*

အနက်။ မဉ္စုပ္ပမာဏာ – ညောင်စောင်းပမာဏရှိသော၊ ဘိသိစ္ဆဝိ – ဘုံလျှိုအရေသည်၊ သစေပိဟောတိ – အကယ်၍မူလည်းဖြစ်အံ့၊ ဝဋ်သတိ – ဤသို့ဖြစ်လသော်၊ ဝဋ္ဋတိယေဝ – အပ်သည်သာ၊ ပတ္တတ္ထဝိကာဒီသု – သပိတ်အိတ် စသည်တို့၌၊ ကောပနဝါဒေါ– အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း။

မြန်မာ။ ညောင်စောင်းပမာဏရှိသော ဘုံလျှိုအရေဖြစ်လသော် အပ်သည်သာ၊ သပိတ်အိတ် စသည်တို့၌ အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း။

---

* ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယတွဲ - ၂၄၆

http://www.dhammadownload.com

(ခ) တသ ပရိတ္တာ စေပိ စက္ခုဝိညေယျာ ရူပါစက္ခုသ အာပါထံ အာဂစ္ဆန္တိ၊ ပရိယာဒိယန္တေဝသ စိတ္တံ၊ ကောပန ဝါဒေါ အဓိမတ္တာနံ။[၁]

အနက်။ (ဘိက္ခဝေ–ရဟန်းတို့) ပရိတ္တာ – သေးငယ်ကုန်သော၊ စက္ခုဝိညေယျာ – စက္ခုဝိညာဏ်ဖြင့် သိမြင်အပ်ကုန်သော၊ ရူပါ–ရူပါရုံတို့သည်၊ တသ – ထိုရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၏၊ စက္ခုသ – စက္ခုပသာဒအား၊ အာပါထံ – ထင်ခြင်းသို့။ စေပိ အာဂစ္ဆန္တိ – အကယ်၍လည်းရောက်ကုန်ငြားအံ့၊ ဇေဝသတိ – ဤသို့ရောက်ကုန်သည်ရှိသော်၊ အသ – ထိုရဟန်းယောကျ်ား ရဟန်းမိန်းမ၏၊ စိတ္တံ – စိတ်ကို၊ ပရိယာဒိ ယန္တေဝ – ကုန်ခမ်းစေနိုင်ကုန်သည်သာတည်း၊ အဓိမတ္တာနံ – လွန်ကဲသော ရူပါရုံတို့၏ (စိတ်ကိုကုန်ခမ်းစေသည်၏အဖြစ်၌) ကောပနဝါဒေါ–အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း။

မြန်မာ။ ရဟန်းတို့၊ စက္ခုဝိညာဏ်ဖြင့် သိမြင်အပ်ကုန်သော သေးငယ်သော ရူပါရုံတို့သည် ထိုရဟန်းယောကျ်ား ရဟန်းမိန်းမ၏ စိတ်မှာထင်လာသည်ရှိသော် ထိုရဟန်းယောကျ်ား ရဟန်းမိန်းမ၏ စိတ်ကို ကုန်ခမ်းစေနိုင်သည်သာတည်း၊ လွန်ကဲသော ရူပါရုံတို့၏ စိတ်ကိုကုန်ခမ်းစေခြင်း၌ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။

မ–၅၂။ စိတ္တုပ္ပါဒမ္ပိဧေါ အဟံဘုန္တကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ၊ ကောပနဝါဒေါ ကာယေန ဝါစာယအနုဝိဓိယနာသု။[၂]

မြန်မာ။ ဘုန်း၊ ငါဘုရားသည် ကုသိုလ်တရားတို့၌ စိတ်ဖြစ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟု ဟောတော်မူ၏။ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံစေခိုင်းခြင်း စသည်တို့၌ အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း။

၁။ သံယုတ္တပါဠိ - ၃၆၉ **ပထမပဏ္ဏာသ** မူလပဏ္ဏာသပါဠိ - ၅၂

http://www.dhammadownload.com

၁။ ပုရိသော ပဒသာပိ မဂ္ဂံ ဂစ္ဆတိ။ ပဂေဝ သကဒ္ဓေန။

၂။ မာတုဂါမတောင် အဘိဓမ္မာကို ပို့ချနိုင်သေး၏၊ ငါတို့ အဘယ့်ကြောင့် မပို့ချနိုင်ဘဲ ရှိပါ့မလဲ။

၃။ တိရစ္ဆာန်တောင်မှ လူ၏စကားကိုပြောနိုင်သေးတာပဲ၊ ကိုရင်တို့သည် ကား အဘယ့်ကြောင့် ယဉ်ကျေးသောစကားကို မပြောနိုင်ဘဲ ရှိပါအံ့နည်း။

ဒုတိယနေ့

၁။ မနုဿောပိ ဂဏ်ဴ ပဟာယ အရညံ ဂန္တွာ ဇကောဝ ဝိဟဿနံ ဘာဝေတိ၊ ကိမင်္ပန သမဏော။

၂။ ကလေးမတောင် ဘုရားကိုရှိခိုးနိုင်သေးတာပဲ၊ အမေသည် အဘယ် အကြောင်းကြောင့် ရှိမခိုးနိုင်ရသလဲ။

၃။ လူတို့သည် ယာဉ်ဖြင့်တောင် ကောင်းကင်သို့ တက်နိုင်ကြသေးတာပဲ၊ ရဟန်းတို့သည် အဘယ့်ကြောင့် တန်ခိုးဖြင့် မတက်နိုင်ဘဲရှိပါအံ့နည်း။

တတိယနေ့

၁။ ယတောအဟံဘဂ္ဂေ ဇာတောနာဘိဇာနာမိ သုပိနန္တေနပိ မေထုနံ ဓမ္မံ ပဋိသေသိတာ၊ ပဂေဝဇာဂရော။

၂။ အဖွားသည် ခြေဖြင့်တောင် ကျောင်းသို့သွားနိုင်သေးတာပဲ၊ ယာဉ်ဖြင့် ဆို ဘယ်မှာပြောစရာရှိတော့မလဲ။

၃။ ရဟန်းမတောင်မှ ပိဋ္ဌကတ်သုံးပုံကို ဆောင်ထားနိုင်သေးတာပဲ၊ ရဟန်းဆို ဘယ်မှာပြောစရာရှိတော့မလဲ။

http://www.dhammadownload.com

အမှတ် (၁၃) သင်ခန်းစာ

ဥပမာဇောတက ယထာ၊ တထာဝါကျရေးနည်း

၁။ ယထာ၊ တထာသည် နှိုင်းယှဉ်ခြင်း ဥပမာနအနက်ကိုဟော၏။

၂။ ယထာ သဒ္ဒါကို ဝါကျ၏အစ၌ထားရ၏။

၃။ ယထာသဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ ''ဖြစ်သကဲ့သို့၊ ဖြစ်သလို'' စသည်ဖြင့် မြန်မာပြန်ဆိုရ၏။

၄။ ယထာသဒ္ဒါပါရှိလျှင် တထာ၊ ဧဝံ ပုဒ်နှစ်မျိုးတွင် တစ်မျိုးမျိုးပါရှိရ၏။

၅။ တထာ၊ ဧဝံသဒ္ဒါတို့ကို နောက်ဝါကျ၏အစ၌ ထားရ၏။

၆။ တထာ၊ ဧဝံသဒ္ဒါတို့သည် နှိုင်းယှဉ်ခြင်း ဥပမာနအနက်ကို ဟောကြ၏။

၇။ တထာ၊ ဧဝံသဒ္ဒါတို့ကို ''ထို့အတူ၊ ဤအတူ'' စသည်ဖြင့် မြန်မာပြန်ရ၏။

ယထာအုပ်စု။ ယထာနာမ၊ ယထေဝ၊ ယထာဟိ၊ ယထာပိ၊ ယထရိဝ၊ သေယျထာ၊ သေယျာထာနာမ၊ သေယျထာဟိ၊သေယျထာပိ၊ သေယျထာစ။

တထာအုပ်စု။ တထာနာမ၊ ထထေဝ၊ တထာဟိ၊ တထာပိ၊ တထာ၊ တထရိဝ၊ ဧဝံ၊ ဧဝမ္ပိ၊ ဧဝမေဝ၊ ဧဝမေဝံ။

ပုံစံ။ (က) ယထာ မဟာရာဇ ဥဒကဿ အသေစနေန ဗီဇာနံ အဝိရူဟနံ ဟောတိ၊ ဧဝ မေဝခေါ မဟာရာဇ ဓုတဂုဏော်ဟိ အဝိသုဒ္ဓါနံ ဓမ္မာဘိ သမယော နဟောတိ။*

မြန်မာ။ မင်းမြတ်၊ ရေကိုမသွန်းလောင်းခြင်းကြောင့် မျိုးစေ့တို့၏ မပေါက်ရောက်ခြင်းဖြစ်သကဲ့သို့၊ မင်းမြတ်၊ ဤအတူသာလျှင် ဓုတင်

---

* မိလိန္ဒပဉ္ဟာပါဠိ - ၃၃၄

http://www.dhammadownload.com

အကျင့်တို့ဖြင့် မသန့်ရှင်းသူတို့အား သစ္စာတရားကို ထိုးထွင်းသိခြင်းသည် မဖြစ်နိုင်။

(ခ) ယထေဝ မေ တွံ အင်္ဂါနိ ပရာမသိ၊ ဧဝမေဝ မေ သမဏော ဥဒါယီ အင်္ဂါနိ ပရာမသိ။[၁]

မြန်မာ။ သင်သည် ငါ၏ အင်္ဂါကြီးငယ်တို့ကို သုံးသပ်ကိုင်တွယ်သကဲ့သို့၊ ဤအတူပင် ရဟန်းဥဒါယီသည်လည်း ငါ၏အင်္ဂါကြီးငယ်တို့ကို သုံးသပ်ကိုင်တွယ်လေပြီ။

(ဂ) ယထေဝမယံ ရူပိယံ ပဋိဂ္ဂဏှာမ၊ ဧဝမေဝိမေ သမဏာ သက္ယပုတ္တိယာ ရူပိယံ ဝဋ္ဋိဂ္ဂဏှန္တိ။[၂]

မြန်မာ။ ငါတို့သည် ငွေကိုခံယူကြသကဲ့သို့ ဤအတူပင် သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကြသော ဤရဟန်းတို့သည် ငွေကို ခံယူကြ၏။

ပထမနေ့

၁။ ယထာဘိက္ခု တေ ပိဋ္ဌကံ ဗုဒ္ဓဝစနံ ဓာရေတိ၊ တထာဘိက္ခုနီပိ။ တေပိဋ္ဌကံ ဗုဒ္ဓသနံ ဓာရေတိ။

၂။ အဖေသည် ဝိပဿနာကို ပွားများသကဲ့သို့ ဤအတူ အမေလည်း ဝိပဿနာကို ပွားများ၏။

၃။ အဖေ လယ်ကိုထွန်ယက်သကဲ့သို့ ထို့အတူ အစ်ကိုလည်း ထွန်ယက်၏။

ဒုတိယနေ့

၁။ သေယျထာပိ နာဂသေန ဂေါပါလကော ဂါဝေါရက္ခတိ၊ အညေဂေါရသံ ပရိဘုဉ္ဇန္တိ၊ ဧဝမေဝ ခေါ တွံနာဂသေန တေပိဋ္ဌကံ ဗုဒ္ဓဝစနံ ဓါရေန္တော ပိ နဘာဂီသာမညဿ။

၁။ ပါရာဇိကပါဠိ - ၁၇၂ ၂။ ပါရာဇိကပါဠိ - ၃၄၅

http://www.dhammadownload.com

၂။ ယောကျ်ားများ အတတ်ပညာတို့ကို သင်ကြသကဲ့သို့၊ ထို့အတူ အမျိုးသမီးများလည်း အတတ်ပညာတို့ကို သင်ကြ၏။

၃။ ယောကျ်ားများ မြင့်မြတ်သောအကျင့်ကို ကျင့်ကြသကဲ့သို့၊ ထို့အတူ အမျိုးသမီးများလည်း မြင့်မြတ်သောအကျင့်ကို ကျင့်ကြ၏။

တတိယနေ့

၁။ ယထာ မဟာရာဇ စက္ကဝတ္တိရာဇာ ယဒါစက္ကရတနံ သရတိ ဥပေတု မေ စက္ကရတနန္တိ၊ သရိတေ စက္ကရတနံ ဥပေတိ၊ ဧဝမေဝ ခေါ မဟာရာဇ တထာဂတော အာဝဇ္ဇေတွာ အာဝဇ္ဇေတွာ ယဒိစ္ဆကံ ဇာနာတိ။

၂။ မြတ်စွာဘုရားသည် ယောကျ်ားတို့ကို ရဟန်းပြုခြင်းငှာ ခွင့်ပြုတော်မူသကဲ့သို့၊ ထို့အတူ မိန်းမတို့ကိုလည်း ရဟန်းပြုရန် ခွင့်ပြုတော်မူ၏။

၃။ ကျားသည် အသားကိုစားသကဲ့သို့၊ ဤအတူ လူသည်လည်း အသားကို စား၏။

အမှတ် (၁၄) သင်ခန်းစာ
ဝိယ၊ ကဲ့ဝ ဝါကျရေးနည်း

၁။ ဝိယ၊ ကဲ့ဝ သဒ္ဒါတို့သည် နိဿယှဉ်ခြင်း ဥပမာနအနက်ကို ဟောကြ၏။

၂။ ရှေ့ဦးစွာ ဥပမာနပုဒ်၊ ဥပမေယျပုဒ် ခွဲထားရ၏။

၃။ ဝိယ၊ ကဲ့ဝ သဒ္ဒါတို့ကို ''ကဲ့သို့၊ သလို'' ဟု မြန်မာပြန်ရ၏။

၄။ ဥပမာန၊ ဥပမေယျနှစ်မျိုးလုံးတွင် ပါဝင်သောပုဒ်များကို ဥပမာနဘက်တွင် ဖြုတ်ပယ်ထားရ၏။

၅။ ဥပမာန တစ်ပုဒ်နောင်သာ ဝိယ၊ ကဲ့ဝသဒ္ဒါတို့ကို ထားရ၏။

၆။ ဥပမာနပုဒ်နှင့် ဥပမေယျပုဒ် ဝိဘတ်တူရ၏။ လိင်၊ ဝုစ်လည်းတူရ၏။ လိင်မတူသောအရာလည်းရှိ၏။

http://www.dhammadownload.com

၇။ ဥပမာနပုဒ်ကို ဥပမေယျပုဒ် နောင်ထား၍ ဥပမာန၊ ဥပမေယျနှစ်မျိုးလုံးကို တစ်ဝါကျတည်းလည်း ရေးနိုင်၏။

၈။ ဥပမေယျ ဝါကျကို ရှေ့မှာထား၍ ဥပမာနဝါကျကို နောက်မှာထားပြီး ဝါကျနှစ်ခုခွဲလျက်လည်း ရေးနိုင်၏။

၉။ ဥပမေယျ၌ နအက္ခရာ၊ ပိအက္ခရာမပါသော ဝါကျ။ နအက္ခရာ၊ ပိအက္ခရာပါသော ဝါကျဟု နှစ်မျိုးရှိ၏။ ပိအက္ခရာပါသော ဝါကျမျိုးကို သဒိသူပမာ ဟုခေါ်၏။

၁၀။ ဥပမေယျ၌ နအက္ခရာသာပါ၍ ဥပမာန၌ နအက္ခရာမပါလျှင် ဝိသဒိသူပမာဟုခေါ်၏။

ပုံစံ။ (က) ကိ အယံ သမဏော ဂိဟိဝိယ ဓာဝတိ။[၁]

မြန်မာ။ ဤရဟန်းသည် လူကဲ့သို့ ပြေးနေသလား။

(ခ) ကိ သော ကုတ္ထို ပုရိသောဝိယ ဓာဝတိ။[၂]

ဤမိန်းမသည် ယောကျ်ားကဲ့သို့ ပြေးနေသလား။

(ဂ) ကုတ္ထိပိ ပုရိသောဝိယ ကမ္မံ ကရောတိ။

ယောကျ်ားသည် အလုပ်ကို လုပ်သကဲ့သို့ မိန်းမသည်လည်း အလုပ်ကိုလုပ်၏။

(ဃ) ကုတ္ထိပိ ကမ္မံ ကရောတိ၊ ပုရိသောဝိယ။

ယောကျ်ားသည် အလုပ်ကိုလုပ်သကဲ့သို့ မိန်းမသည်လည်း အလုပ်ကိုလုပ်၏။

၁။ ဓမ္မပဒ-၄-၁၊ ၂၄၆ ၂။ ဓမ္မပဒ-၄-၁၊ ၂၄၆

http://www.dhammadownload.com

ပထမနေ့

၁။ ဓီတာ မာတာဝိယ ဂေဟေ ကမ္မံ ကရောတိ။

၂။ ကလေးမသည် ညဉ့်၌ ဘုရားကိုရှိခိုးသကဲ့သို့ ကလေးသည်လည်း ညဉ့်၌ ဘုရားကိုရှိခိုး၏။

၃။ အဖေသည် လယ်ကိုထွန်ယက်သကဲ့သို့ အစ်ကိုကြီးသည်လည်း လယ်ကို ထွန်ယက်၏။

ဒုတိယနေ့

၁။ ဝိသာခါနာမ မဟာဥပါသိကာပိ ပုရေဘတ္တံ ခါဒနီယဥ္စေဝ ဘောဇနီယဉ္စ ဂဟေတွာ ဝိဟာရံ ဂစ္ဆတိ။ အနာထပိဏ္ဍိကောနာမ ဥပါသကောဝိယ။

၂။ ဤယောကျ်ားသည် ရဟန်းကဲ့သို့ ပရိတ်ကိုရွတ်ဆို၏။

၃။ ကလေးသည် လမ်းဌ်ပြေးသကဲ့သို့ ကိုရင်သည်လည်း လမ်းဌ်ပြေး၏။

တတိယနေ့

၁။ အယံဒါရကော ဘတ္တံ ဘုဉ္ဇန္တော မက္ကဋော်ဝိယ ဘုဉ္ဇတိ။

၂။ အမေသည် မိမိ၏သားကို တုတ်ဖြင့်ရိုက်သကဲ့သို့ ဆရာသည်လည်း မိမိ၏တပည့်ကို တုတ်ဖြင့်ရိုက်၏။

၃။ ဤကလေးမသည် အမေကဲ့သို့ သီလရှိ၏။

အမှတ် (၁၅) သင်ခန်းစာ

သလက္ခဏ အာကာရဇောတက ယထာ၊ တထာဝါကျရေးနည်း

၁။ ယထာ သဒ္ဒါသည် အာကာရ (အခြင်းအရာ) အနက်ကိုဟော၏။

၂။ ယထာ သဒ္ဒါကို ဝါကျ၏အစ၌ ထားရ၏။

၃။ ယထာ သဒ္ဒါကို ''အကြင်အခြင်းအရာအားဖြင့်'' ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

၄။ ယထာ သဒ္ဒါရှိလျှင် တထာသဒ္ဒါ၊ ဝေါသဒ္ဒါတစ်ခုခုရှိရ၏။

၅။ တထာ သဒ္ဒါ၊ ဝေါသဒ္ဒါတို့ကို ဝါကျ၏အစ၌ထားရ၏။

၆။ တထာ သဒ္ဒါနှင့် ဝေါသဒ္ဒါတို့သည် အာကာရ (အခြင်းအရာ) အနက်ကို ဟောကြ၏။

၇။ တထာ သဒ္ဒါကို ''ထိုအခြင်းအရာအားဖြင့်'' ဟု မြန်မာပြန်၍၊ ဝေါသဒ္ဒါကို ''ဤအခြင်းအရာအားဖြင့်'' ဟု မြန်မာပြန်ရ၏။

၈။ တထာစပ်ရာကြိယာကို ''သော်၊ လသော်'' ဟု လက္ခဏာအနက်ပြင်၍ ယထာသဒ္ဒါ၏ နောက်မှာထားပြီး ''အကြင်အခြင်းအရာအားဖြင့် ပြုလသော်'' ဟု မြန်မာပြန်ရ၏။

၉။ မြန်မာစကားပြေပြန်ရာ၌ ''ယထာ၊ တထာအနက်မပါစေဘဲ ယထာစပ်ရာ ကြိယာပုဒ်ကို ''အောင်၊ နည်းနှင့်'' စသည်ဖြင့် သင့်လျော်သလို မြန်မာပြန်ရ၏။

၁၀။ ယထာ၊ တထာစပ်ရာ ကြိယာပုဒ်တို့ကို အများအားဖြင့် ဘဝိဿန္တိ ဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ။ သောဟံ ဘန္တေ တထာကရိဿာမိ၊ ယထာမံ မာတာပိတရော အနုဇာနိဿန္တိ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။*

အနက်။ ဘန္တေ – အရှင်ဘုရား၊ ယထာ – အကြင်အခြင်းအရာအားဖြင့် (ပြုအပ်သော်)၊ မံ – တပည့်တော်ကို၊ မာတာပိတရော– အမိအဖတို့သည်၊ အဂါရသ္မာ – လူဘောင်မှ (နိက္ခမိတွာ– ထွက်၍)၊ အနဂါရိယံ – ရဟန်းဘောင်သို့၊ ပဗ္ဗဇ္ဇာယ – ဝင်ရောက်ခြင်းငှာ၊ အနုဇာနိဿန္တိ – ခွင့်ပြုကြပါလတ္တံ့၊ သောဟံ – ထို တပည့်တော်သည်၊ တထာ – ထိုအခြင်းအရာအားဖြင့်၊ ကရိဿာမိ – ပြုလုပ်ပါအံ့။

---

* ပါရာဇိကပါဠိ - ၁၄

http://www.dhammadownload.com

မြန်မာ။ အရှင်ဘုရား၊ လူဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှာ မိဘတို့က တပည့်တော်ကို ခွင့်ပြုကြအောင် တပည့်တော် ပြုလုပ်ပါမည်။

ပထမနေ့

၁။ တထာဟံ ကရိဿာမိ၊ ယထာမာတာပိတရောမံ ရန်ကုန် နဂရံ ဂန္တ္ဝါ အနုဇာနိဿန္တိ။

၂။ ပဏ္ဍိတထေရ်သည် ကျွန်တော့်အား ရဟန်းပြုခွင့်ပေးအောင် ကျွန်တော် လုပ်ပါမည်။

၃။ သင်၏အမေက ငါတို့နှင့်အတူ သင့်ကို မန္တလေးမြို့သို့ ဘုရားဖူးရန် သွားခွင့်ပြုအောင် သင်လုပ်ပါလော့။

အမှတ် (၁၆) သင်ခန်းစာ
နှုန်ဝါကျရေးနည်း

၁။ နှုန်သဒ္ဒါကို မှန်းဆခြင်း အနုမာနအနက်၊ အောက်မေ့ခြင်း အနုဿရအနက်၊ ကြံစည်ခြင်း ပရိဝိတက္ကအနက်၊ ဆုံးဖြတ်ခြင်း ဝိနိစ္ဆယအနက် များပါရှိသော ဝါကျတို့၌ သုံးစွဲရေးသားရ၏။

၂။ နှုန်သဒ္ဒါကို အများအားဖြင့် ဝါကျ၏အစတစ်ပုဒ် နောင်ထားရ၏။ ဝါကျ အစ၌ထားရသော ဝါကျမျိုးလည်းရှိ၏။

၃။ နှုန်သဒ္ဒါပါရှိသောဝါကျ၌ ကြိယာပုဒ်ကို ဝတ္တမာန်ဝိဘတ်၊ သတ္တမီဝိဘတ်၊ အဇ္ဈတ္တနီဝိဘတ်၊ ဘဝိဿန္တိဝိဘတ်တို့ဖြင့် ရေးရ၏။ ထိုတွင်

(က) မှန်းဆခြင်း အနုမာနအနက်၌ သတ္တမီ၊ ဝတ္တမာန်ဝိဘတ်တို့ဖြင့် ရေးရ၏။

http://www.dhammadownload.com

(ခ) အောက်မေ့လွမ်းဆွတ်ခြင်း အနုဿရဏအနက်၌ ဝတ္တမာန်၊ အဇ္ဇတနီ၊ ဘဝိဿန္တိ ဝိဘတ်တို့ဖြင့် ရေးရ၏။

(ဂ) ကြံစည်ခြင်း၊ ပရိဝိတက္ကန အနက်၌ သတ္တမီ၊ အဇ္ဇတနီဝိဘတ်တို့ဖြင့် ရေးရ၏။

(ဃ) ဆုံးဖြတ်ခြင်း နိစ္ဆယအနက်၌ ဝတ္တမာန်၊ သတ္တမီ၊ ဘဝဿန္တိ ဝိဘတ်တို့ဖြင့် ရေးရ၏။

၄။ နှုန်သဒ္ဒါပါရှိသော ဝါကျကို ကိတ်ကြိယာဖြင့်လည်း ရေးနိုင်၏။

၅။ မှန်းဆခြင်း အနုမာနအနက်ဟော နုနသဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ ''ဟောတိနှုန – ဖြစ်နိုင်လောက်၏၊ ဖြစ်လောက်ရာ၏၊ ဖြစ်တန်ရာ၏၊ နဟောတိနှုန–ဖြစ်နိုင်မည်မဟုတ်၊ မဖြစ်တန်ရာ'' စသည်ဖြင့် မြန်မာပြန်ရ၏။

၆။ အောက်မေ့ခြင်း အနုဿရဏ အနက်ဟော နှုနသဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ ''ဂစ္ဆတိနှုန – သွားနေမှာနော်၊ သွားနေရှာပေလိမ့်မည်နော်'' စသည်ဖြင့် မြန်မာပြန်ရ၏။

၇။ ကြံစည်ခြင်း ပရိဝိတက္ကန အနက်ဟော နှုနသဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ ''ဂစ္ဆာမိနှုန – သွားရတော့မည်ထင်ပါရဲ့၊ သွားရတော့မည်ထင်ပါတကား၊ အတ္ထိနှုန – ရှိသေးလေသလား'' စသည်ဖြင့် မြန်မာပြန်ရ၏။

၈။ ဆုံးဖြတ်ခြင်း နိစ္ဆယအနက်ဟော နှုနသဒ္ဒါကို ''နှုန–စင်စစ်၊ တကယ်ကို၊ ဂစ္ဆာမိ – သွားရတော့လတ္တံ့'' စသည်ဖြင့် မြန်မာပြန်ရ၏။

အနုမာနပုံစံများ

(က) နဟိနှုနသော သြရကော ဓမ္မဝိနယော၊ နသာ သြရကာ ပဗ္ဗဇ္ဇာယတ္ထ ယသော ကုလပုတ္တော ကေသမဿုံ သြဟာရေတ္တာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတ္တာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော။*

* ဝိနယမဟာဝဂ္ဂပါဠိ - ၂၅

http://www.dhammadownload.com

မြန်မာ။ ယသ အမျိုးကောင်းသားသည် ဆဲမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်လျက် လူဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ သာသနာတော်သည် မယုတ်ညှဉ်းလေရာ၊ ထိုရဟန်းအဖြစ်သည် မယုတ်ညှဉ်းလေရာ။

(ခ) အညော နျုန ဓေန သမယေန သော ရထကာရောအဟောသိ။[၁]

မြန်မာ။ ထိုအခါ ရထားလုပ်သမားသည် တစ်ပါးသောသူ ဖြစ်လောက်၏။

အနုသရဏပုံစံများ

(က) သော နျုန ခတ္တိယော ဇကော၊ ပဏ္ဍာသာလာယ အစ္ဆတိ။
တော သေန္တော ဒါရကေဆာတေ၊ မမံဒိသွာ အနာယတိ။[၂]

မြန်မာ။ ထိုဝေဿန္တရာမင်းသည် ဆာလောင်နေကြသော ကလေးတို့ကို နှစ်သိမ့်စေလျက် ငါပြန်မလာသည်ကို မြင်သိ၍ သစ်ရွက်မိုးဇရပ်၌ တစ်ယောက်တည်းနေရှာပေလိမ့်မည်နော်။

(ခ) သာနူန သာကပဏ္ဍိကာ၊ အန္ဓာအပရိဏာယိကာ။
ခါဏုံပါဒေန ယဇ္ဇေတိ၊ ဂိရိံစဏ္ဍောရဏံပတိ။[၃]

မြန်မာ။ မင်းမြတ်၊ သားနှင့်ကွဲကွာလျက် အထီးကျန်ဖြစ်နေသော မျက်စိကန်း၍ အားကိုးရာခေါ်ဆောင်သူမဲ့နေသော ထိုအမိဆင်မသည် စဏ္ဍောရဏာတောင်သို့ ရှေ့ရှုသွားမိသည်ဖြစ်၍ သစ်ငုတ်ကိုခြေဖြင့် ထိခိုက်မိရှာပေလိမ့်မည်။

(ဂ) သာနျုန ကပဏာ အမ္မာ၊ စိရ ရတ္တာယ ရုဒ္ဓတိ၊
ကဏ္ဍာဖိနံ အပသဿန္တီ၊ ကုမာရိံ စာရု ဒဿနိံ။[၄]

၁။ အင်္ဂုတ္တရပါဠိပထမတွဲ - ၁၁၀ ၃။ ဇာတကပါဠိ ပထမတွဲ - ၂၂၆
၂။ ဇာတကပါဠိ ဒုတိယတွဲ - ၃၅၆ ၄။ ဇာတကပါဠိ ဒုတိယတွဲ - ၃၅၂

http://www.dhammadownload.com

မြန်မာ။ ထိုမယ်တော်ဘုရားသည် တင့်တယ်စံပယ်ကြည့်ရှုဖွယ်ကောင်းသော ကဏ္ဍာဇိနမည်သော သမီးလေးကို မတွေ့မြင်ရခြင်းကြောင့် ကြာမြင့်စွာသော ကာလပတ်လုံး ဆင်းရဲလျက်ငိုနေရှာပေလိမ့်မည်နော်။

ပရိဝိတက္ကနပုံစံများ

(က) အဟောနူန မဟာသမဏော သွာတနာယ နာဂစ္ဆေယျ။[၁]

မြန်မာ။ ရဟန်းကြီးဂေါတမသည် နက်ဖြန်ဆွမ်းစားခြင်းအကျိုးငှာ မလာရောက်ပါမူကောင်းလေစ။

(ခ) အဇ္ဇာပိနူန သိဒ္ဓတ္ထသ ကတ္တဗ္ဗကိစ္စံ အတ္ထိ။ ပလ္လင်္ကသ္မိံ အာလယံ နဝိဇဟတိ။[၁]

မြန်မာ။ ယနေ့လည်း သိဒ္ဓတ္ထမင်းသားမှာ ပြုဖွယ်ကိစ္စရှိသေးသလား၊ မှန်၏။ ပလ္လင်တော်၌ ကပ်ငြိတွယ်တာမှုကို မစွန့်နိုင်ပေ။

(ဂ) သော ဟံ နူန ဣတော ဂန္တွာ၊ ယောနိံလဒ္ဓါန မာနုသိံ။ ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။[၂]

မြန်မာ။ ထိုငါသည် ဤရေမှသွား၍ လူဘဝကိုရလျှင် သီလနှင့်ပြည့်စုံလျက် အလှူခံပုဂ္ဂိုလ်များ ပြောစကားကို သိတတ်သူဖြစ်၍ များစွာသော ကုသိုလ်ကို ပြုလုပ်ရတော့မှာပါတကား။

နိစ္ဆယပုံစံများ

(က) နူနိမဿ စျာနဿ ကာမာပဋိပက္ခ ဘူတာ။[၃]

မြန်မာ။ စင်စစ် ကိလေသာကာမတို့သည် ဤပထမစျာန်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏။

(ခ) နိရယံ နူန ဂစ္ဆာမိ၊ နတ္ထိ မေ ဇတ္တု သံသယော။[၄]

၁/၁၊အဋ္ဌသာလိနီအဋ္ဌကထာ - ၁၃ ၃၊ ပါရာဇိကကာ်အဋ္ဌကထာ ပထမတွဲ - ၁၁၂
၂၊ ပေတဝတ္ထုပါဠိ - ၂၁၆ ၄၊ ဇာတကျပါဠိ ဒုတိယတွဲ - ၁၇၇

http://www.dhammadownload.com

မြန်မာ။ ငါသည် ငရဲသို့ တကယ်ကို သွားရတော့မည်၊ ဤသို့ငရဲသို့ သွားရောက်ခြင်း၌ ငါ့မှာယုံမှားဖွယ်မရှိတော့။

(၈) မတော နူနသော ဘဝိဿတိ။ *

မြန်မာ။ စင်စစ် ထိုသူငယ်ချင်းသည် သေသည် ဖြစ်လတ္တံ့။

ပထမနေ့

၁။ ယေခေါတေ ဘန္တေ အာယုပါလ ဘိက္ခူကောသနိကာ။
နူနုတေ ပုဗ္ဗေ ပရေသံ ဘောဂဟာရကာစောရာ။

၂။ ဘုရားအလောင်းတော် မွေးဖွားရာအမျိုးသည် ယုတ်ညံ့သောအမျိုး မဟုတ်တန်ရာ။

၃။ သူဌေးအိမ်မှ လျှဒါန်းလိုက်သော ခဲဖွယ်ဘောဇဉ်သည် ကြမ်းတမ်းသော ခဲဖွယ်ဘောဇဉ်မဖြစ်တန်ရာ။

ဒုတိယနေ့

၁။ အဟောနူနသာမဏောရော အမှာကံ ဂါမံပိဏ္ဍာယနာဂစ္ဆယျ။

၂။ ငါ၏သားသည် လူဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်၍ မြင့်မြတ်သော အကျင့်ကို ကျင့်ရတော့မှာတကား။

၃။ စင်စစ်အလုံးစုံသော သတ္တဝါတို့သည် တစ်နေ့မှာ သေကြရလိမ့်မည်။

တတိယနေ့

၁။ သဗ္ဗေပိနူနသတ္တာ ဇီဝန္တိ။

၂။ ပိဋကတ်သုံးပုံဖြစ်သော ဗုဒ္ဓစကားတော်ကို ဆောင်ထားသော ရဟန်း သည် သဒ္ဓါတရားရှိသူဖြစ်လောက်ရာ၏။

၃။ ငါ၏သားသည် အရက်မသောက်လျှင် ကောင်းမှာပဲနော်။

---

* ဓမ္မပဒအဋ္ဌကထာ ပထမတွဲ - ၁၀၄

http://www.dhammadownload.com

အမှတ် (၁၇) သင်ခန်းစာ
ကွယ်, ဟန္ဒဝါကျရေးနည်း

၁။ ကွယ်, ဟန္ဒသဒ္ဒါတို့သည် တိုက်တွန်းခြင်း စောဒနာအနက်ကို ဟောကြ၏။ ထိုတိုက်တွန်းခြင်း စောဒနာအနက်ပါရှိသော ဝါကျများ၌ ကွယ်၊ ဟန္ဒ သဒ္ဒါတို့ကို သုံးစွဲရေးသားရ၏။

၂။ ကွယ်၊ ဟန္ဒသဒ္ဒါတို့ကို ဝါကျအစဉ်ထားရ၏။

၃။ ကွယ်၊ သဒ္ဒါပါရှိရာဝါကျတွင် ပဓာနကြိယာပုဒ်ကို ပဋမိ၊ သတ္တမီဝိဘတ် ဖြင့် ရေးရ၏။ ဟန္ဒသဒ္ဒါပါရှိရာဝါကျ၏ ပဓာနကြိယာပုဒ်ကို ပဋမိ၊ သတ္တမီ၊ ဘဝိဿန္တိဝိဘတ်များဖြင့် ရေးရ၏။

၄။ ကွယ်၊ ဟန္ဒသဒ္ဒါတို့ကို ''တိုက်တွန်းပါ၏'' စသည်ဖြင့် မြန်မာပြန်ရ၏။

မှတ်ချက်။ အချို့နေရာ၌ ဝါကျနှင့်သင့်လျော်အောင် ဝါကျအခြေအနေအရ ဟန္ဒသဒ္ဒါကို ''ယခု၊ ဟင်း၊ အင်း'' စသည်ဖြင့် မြန်မာပြန်ရ၏။

တိုက်တွန်း၏ဟု တိုက်ရိုက်မဆိုသော်လည်း ဝါကျအခြေအနေအရ တိုက်တွန်းခြင်းသဘောကို ဆောင်နေလျှင် တိုက်တွန်းခြင်းအနက်ဟု မှတ်ရမည်။

ကွယ်ပုံစံများ

(က) ကွယ် မေ တွံ အာနန္ဒာ ဇေတမှာ ဥဒပါနာ ပါနီယံ အာဟရ။[၁]

မြန်မာ။ အာနန္ဒာ၊ ငါတိုက်တွန်းတော်မူ၏၊ သင်သည် ငါဘုရားဖို့ ဤရေတွင်းမှ သောက်တော်ရေကို ယူခဲ့လော။

(ခ) ကွယ်ဘုသော ဥပါလိ ကွမေ အနုယုဉ္ဇာဟိ။[၂]

မြန်မာ။ ငါ့ရှင် ဥပါလိ၊ တိုက်တွန်းပါ၏။ ဤသူများကို မေးစိစ်ပါလော။

(ဂ) ကွယ် မေ တံ အာနန္ဒ စတုဂ္ဂုဏံ – သံယာဋိ ပညပေဟိ။[၃]

၁။ ဥဒါနပါဠိ - ၁၇၅ ၂။ ပါရာဇိကပါဠိ - ၃၁၃
၃။ သုတ်မဟာဝါဂပါဠိ - ၁၀၆

http://www.dhammadownload.com

မြန်မာ။ အာနန္ဒာ၊ တိုက်တွန်းတော်မူ၏။ ငါ၏ဒုက္ခ သက်နှိုးကြိုးကို လေးထပ်ခေါက်လျက် ခင်းပေးလော။

ဟန္ဒပုံစံများ

(က) ဟန္ဒ မယံ အာဝုသော သာဝတ္ထိဂန္ဒာ ဘဂဝတောသန္တိကေ ကွမံအဓိကရဏံ ဂူပသမေယျာမ။[၁]

မြန်မာ။ ဒါယကာတို့၊ ငါတို့သည် ယခုသာဝတ္ထိပြည်သို့သွားလျက် မြတ်စွာဘုရား၏အထံတော်၌ ဤအဓိကရဏ်းကို ငြိမ်းအေးလိုကြပါ၏။

(ခ) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ။[၂]

မြန်မာ။ ရဟန်းတို့ တိုက်တွန်းတော်မူ၏။ သင်တို့အား ယခု ငါသိစေတော်မူ၏။

(ဂ) ဟန္ဒ မယံ တဿ ဥပါသကဿ မရဏာဝဏ္ဏံ သံဝဏ္ဏေမ။[၃]

မြန်မာ။ ဇ့ါရှင်တို့ ယခု ငါတို့သည် ထိုဥပါသကာအား သေခြင်း၏ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြပါကုန်စို့။

(ဃ) ဟန္ဒ မယံ အာဝုသော ဂိဟီနံ အညမညဿ ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏံ ဘာသိဿာမ။[၄]

မြန်မာ။ ဇ့ါရှင်တို့၊ ယခု တပည့်တော်တို့သည် လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော စျာန်မဂ်ဖိုလ် တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြပါစို့။

(င) ဟန္ဒာ ဟံ အဓမ္မဝါဒိနော နိဂ္ဂဟေတွာ ဓမ္မံ ဒီ ပေမိ။[၅]

မြန်မာ။ ယခု ငါသည် အဓမ္မဝါဒီအလဇ္ဇီရဟန်းတို့ကို နှိပ်ကွက်လျက် အမှန်တရားကိုပြပေအံ့။

၁။ ဝိနယမဟာဝဂ္ဂပါဠိ - ၅၀၁
၂။ သုတ်မဟာဝါပါဠိ - ၁၂၈
၃။ ပါရာဇိကပါဠိ - ၉၀
၄။ ပါရာဇိကပါဠိ - ၁၁၃
၅။ ပါရာဇိကဏ်အဋ္ဌကထာ ပထမတွဲ - ၂၆

http://www.dhammadownload.com

ပထမနေ့

၁။ ကျဃ် ဘန္တေ တုမှေ အန္တောဂါမံ ဂန္ဒာ ဇနာနံ ဓမ္မံ ဒေသေထ။

၂။ ချစ်သား၊ တိုက်တွန်းပေ၏။ လယ်မှန္မားတို့ကို အိမ်သို့ဆောင်ယူခဲ့လော။

၃။ အမေ၊ တိုက်တွန်းပါ၏။ အမေသည် အဖေအတွက် ယနေ့ကြက်သား ကို ချက်ပါလော။

ဒုတိယနေ့

၁။ ဟန္ဒ ဒါနိ အာဝုသော တွံ အာစရိယဿ သန္တိကေ ဂန္ဆံ သက္ကစ္စံ ဥဂ္ဂ ဏှာဟိ။

၂။ မိတ်ဆွေ၊ တိုက်တွန်းပါ၏။ ယခုသင်သည် တရားနာရန်ကျောင်းသို့ သွားပါလော။

၃။ ကိုရင်တို့၊ တိုက်တွန်းပါ၏။ အရှင်ဘုရားများသည် မြို့ထဲမှာ ဆွမ်းအလို့ငှာ လှည့်လည်၍ မကျန်းမာသော ကိုရင်အတွက် ဆွမ်းကိုဆောင်ယူခဲ့ကြပါ။

တတိယနေ့

၁။ ဟန္ဒမ ယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သဂ်ါယေယျာမ။

၂။ အရှင်ဘုရားတို့၊ တပည့်တော်များသည် ယခုပရိတ်ကိုဟောကြစို့။

၃။ ချစ်သား၊ ယခုသင်၏အမေသည် မန္တလေးမြို့မှ အိမ်သို့ပြန်လာလိမ့်မည်။

အမှတ် (၁၈) သင်ခန်းစာ
အဌာနမေတံဝါကျရေးနည်း

၁။ လောကၠ အရဝ်ဒေသ၊ အယူဝါဒအားလျော်စွာ ရှေးလူအများလက်ခံ ကျင့်သုံးလာသော အရာအားလုံးကို အစဉ်အလာဟူ၍လည်းကောင်း၊ ထုံးစံဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုကြ၏။ ယင်းအစဉ်အလာ ထုံးစံ နှင့် ဆန့်ကျင်လျှင် ''ဒါထုံးစံမဟုတ်ဘူး၊ အစဉ်အလာမဟုတ်ဘူး'' ဟု ပြောဆိုကာ လူအများလက်ခံလေ့မရှိကြပေ။

http://www.dhammadownload.com

၂။ ထိုသို့ ဖြစ်နိုင်စရာအကြောင်းမရှိ၊ မဖြစ်နိုင် ထုံးစံမဟုတ် ဟူသော အနက် ''အဓိပ္ပါယ်ပါရှိသောပုဒ်ကို အဌာနံပုဒ်ဖြင့် ရေးရ၏။''

၃။ အဌာနမေတံပုဒ်သည် ''ဖြစ်ရိုးဖြစ်စဉ်မဟုတ်၊ ထုံးစံမဟုတ်''ဟူသော မြန်မာ့အသုံးအနှုန်းစကားနှင့်ညီမျှ၏။

၄။ အဌာနမေတံဝါကျတွင် အဌာနံပုဒ်ပါရှိရာ နိယမဝါကျ၊ ယံပုဒ်ပါရှိရာ အနိယမဝါကျဟု နှစ်ဝါကျရှိရ၏။

၅။ ယင်းနှစ်ဝါကျကို နိယမာနိယမ (အန္တယီနာမ်စား) ဝါကျရေးနည်းအတိုင်း ရေးရ၏။

အမှာ။ နိယမာနိယမ (အန္တယီနာမ်စား) ဝါကျရေးနည်းကို ပါဠိဝါကျရေးနည်း ဒုတိယတွဲ အခန်း (၂) အမှတ် (၄) သင်ခန်းစာ၌ ပြန်ကြည့်ပါ။

၆။ ယံပုဒ်ပါရှိရာ အနိယမဝါကျတွင် ပဓာနကြိယာပုဒ်ကို အာချာတ်သတ္တမီ ဝိဘတ်ဖြင့် ရေးရ၏။ အဌာနံပုဒ်ပါရှိရာ နိယမဝါကျတွင် အာချာတ် ကြိယာပုဒ်မပါစေရ၊ အဌာနံ၊ အနဝကာသောဟူ၍ နာမသတ်ကြိယာပုဒ် ဖြင့်ရေးရ၏။

၇။ အဌာနံပုဒ်ပါရှိရာ နိယမဝါကျတွင် အဌာနံတစ်ပုဒ်၊ နိယမကို ညွှန်ပြသော ဇတံတစ်ပုဒ်၊ အနဝကာသောတစ်ပုဒ်ဟူ၍ သုံးပုဒ်ပါရှိရ၏။

၈။ ထိုတွင်အဌာနံ၌ ဌာနသဒ္ဒါသည် ''အကြောင်း'' ဟူသောအနက်ကို ဟော၏။ ''အနဝကာသော'' ၌ သြကာသ (အဝကာသ)ဟူသော သဒ္ဒါ သည်လည်း ''အကြောင်း''ဟူသောအနက်ကိုပင်ဟော၏။

၉။ အကြောင်းဟောသဒ္ဒါနှစ်ခု ကွဲပြားစေရန် အကျိုးတရားကိုဖြစ်ပေါ်စေ နိုင်သော (ဇနက)အကြောင်းကို ဌာနအရယူရ၏။ အကျိုးတရားကို တိုက် ရိုက်မဖြစ်ပေါ်စေနိုင်ဘဲ အကျိုးတရားကိုဖြစ်ပေါ်စေနိုင်သော ဇနက အကြောင်းတရားအား ကူညီထောက်ပံ့ရုံသာ ထောက်ပံ့နိုင်သော (ဥပတ္ထမ္ဘက) အကြောင်းကို သြကာသအရယူရ၏။

http://www.dhammadownload.com

၁၀။ ပါဠိစီကုံးသောအခါ ပထမဝါကျရှိ အဋ္ဌာနံပုဒ်ကို အ အက္ခရာနှင့်တွဲစပ်၍ အဋ္ဌာနံဟု စီကုံးရ၏။ ဇေတံဟူသောနိယမပုဒ်ကို အဋ္ဌာနံပုဒ်နှင့် ''အဋ္ဌာန'' မေတံဟု သန္ဓိပုဒ်အဖြစ်စပ်ရ၏။ ဩကာသပုဒ်ကို အနသဒ္ဒါနှင့် ''အန ဝကာသော''ဟု စပ်ရ၏။

၁၁။ အနက်ပေးသောအခါ အကြောင်းနှစ်ခု ကွဲပြားစေရန် ပထမဝါကျရှိ အဋ္ဌာနံပုဒ်၊ အနဝကာသောပုဒ်တို့ကိုရှုလျက် အနိယမ (ဒုတိယ)ဝါကျရှိ ယံပုဒ်ကို ယံ–အကြောင်းအကြောင်းကြောင့်၊ ယံ–အကြောင်းအထောက်အပံ့ကြောင့် ဟု အနက်နှစ်မျိုးခွဲလျက်ပေးရ၏။ ဇေတံပုဒ်ကို ''ဇေတံဋ္ဌာနံ'' ဤအကြောင်းမျိုးသည်၊ အဋ္ဌာနံ ဖြစ်နိုင်သောအကြောင်းမဟုတ်၊ ဇေတံ (ဇသောအဝကာသော) ဤအခွင့်အလမ်းမျိုးသည်၊ အနဝကာသော ဖြစ်နိုင်သောအခွင့်အလမ်းမျိုးမဟုတ်'' ဟု အနက်ပေးရ၏။

၁၂။ မြန်မာစကားပြေပြန်သောအခါ ယံ၊ ဇေတံ အသံထွက်မပါစေဘဲ ယံ သဒ္ဒါယှဉ်စပ်ရာ ကြိယာပုဒ်ကို ဝိသေသနပြင်၍ မြန်မာပြန်ရ၏။

ပုံစံ။ (က) အဋ္ဌာန မေတံ အာနန္ဒ အနဝကာသော၊ ယံ တထာဂတော ဝဇ္ဇီနံဝါ ဝဇ္ဇီပုတ္တ ကာနံဝါ ကာရဏာ သာဝကာနံ ပါရာဇိကံ သိက္ခာပဒံ ပညတ္တံ သမ္ဗဟနေယျ။*

အနက်။ အာနန္ဒ–အာနန္ဒာ၊ ယံ–အကြောင်းအကြောင်းကြောင့်၊ ယံ–အကြောင်းအထောက်အပံ့ကြောင့်၊ တထာဂတော – မြတ်စွာဘုရားသည်၊ ဝဇ္ဇီနံဝါ– ဝဇ္ဇီတိုင်းသူ တိုင်းသားတို့၏သော်လည်းကောင်း၊ ဝဇ္ဇီ–ပုတ္တကာနံဝါ– ဝဇ္ဇီတိုင်းသူ တိုင်းသားများ သားတို့၏သော်လည်းကောင်း၊ ကာရဏာအကြောင်းကြောင့်၊ သာဝကာနံ–တပည့်တို့အား၊ ပညတ္တံ–ပညတ်တော်မူအပ်ပြီးသော၊ ပါရာဇိကံသိက္ခာပဒံ – ပါရာဇိကသိက္ခာပုဒ်ကို သမ္ဗဟနေယျ – ပယ်နုတ်တော်မူရာ၏။ ဇေတံ–ဤအကြောင်းသည်၊ အဋ္ဌာနံ – ဖြစ်နိုင်သောအကြောင်း

---

* ပါရာဇိကပါဠို - ၂၇

http://www.dhammadownload.com

မဟုတ်၊ ဇတံ (ဇသောအဝကာသော) ဤအခွင့် အလမ်းမျိုးသည် အနဝကာသော – ဖြစ်နိုင်သောအခွင့်အလမ်းမျိုးမဟုတ်။

မြန်မာ။ အာနန္ဒာ၊ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်းသူ တိုင်းသားများ၏ အကြောင်းကြောင့်သော်လည်းကောင်း၊ ဝဇ္ဇီတိုင်းသူ တိုင်းသားတို့ သားများ၏ အကြောင်းကြောင့်သော်လည်းကောင်း၊ တပည့်တို့အား၊ ပညတ်အပ်ပြီးသော ပါရာဇိကသိက္ခာပုဒ်ကို ပယ်နုတ်ရာသောအကြောင်းသည် ဖြစ်နိုင်သောအကြောင်း အခွင့်အလမ်းမဟုတ်။

(ခ) အဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌသမ္မန္နော ပုဂ္ဂလော ကဋ္ဌ သခိ်ရံ် နိစ္စတော ဥပဂစ္ဆေယျ။[၁]

မြန်မာ။ ရဟန်းတို့၊ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သခိ်ရတရားကို ခိုင်မြဲသော နိစ္စတရားဟု စွဲယူရာသော အကြောင်းသည်ဖြစ်နိုင်သော အကြောင်းအခွင့် မဟုတ်။

(ဂ) အဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌသမ္မန္နော ပုဂ္ဂလော မာတရံ ဇီဝိတာ ဝေါရောပေယျ။[၂]

မြန်မာ။ ရဟန်းတို့၊ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်က အမိကို သတ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

(ဃ) အဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌသမ္မန္နော ပုဂ္ဂလော အညံ သတ္ထာရံ ဥဒ္ဒိသေယျ။[၃]

မြန်မာ။ ရဟန်းတို့၊ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှ တစ်ပါးသောသူကို ဆရာဟု ညွှန်ပြရာသော အကြောင်းသည် ဖြစ်နိုင်သောအကြောင်းအခွင့်မဟုတ်။

၁/၂။ အဂံ်တ္ထရပါဠိ - ပထမတွဲ - ၂၈။ ၃။ အဂံ်တ္ထရပါဠိ - ပထမတွဲ - ၂၉။

http://www.dhammadownload.com

(ငါ) အဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဇာတိသာလောက ဓါတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယ္ယုံ။*

မြန်မာ။ ရဟန်းတို့၊ တစ်ခုသောလောကမှာတော်၌ ပူဇော်အထူးကိုခံတော်မူထိုက်သော ဘုရားရှင် နှစ်ဆူတို့သည် မရှေးမနှောင်းပွင့်တော်မူရာသောအကြောင်းသည် ဖြစ်နိုင်သောအကြောင်းအခွင့်မဟုတ်။

မှတ်ချက်။ အပုဗ္ဗံ – ရှေးလည်းမရောက်၊ အစရိမံ – နောက်လည်းမကျ၊ တစ်နည်းအပုဗ္ဗံအစရိမံ – မရှေးမနှောင်း (တစ်ပြိုင်နက်) ဟု အနက် ပေးရမည်။

ပထမနေ့

၁။ အဌာနမေတံ ဘိက္ခဝေအနဝကာသော၊ ယံဒိဋ္ဌသမ္မန္နော ပုဂ္ဂလော ကဋ္ဌသခိါရံ သုခတော ဥပဂစ္ဆေယျ။

၂။ ရဟန်းတို့ သောတာပတ္တိ မဂ်ဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အဖကို သတ်ရာသောအကြောင်းအခွင့်အလမ်းမရှိ။

၃။ မိတ်ဆွေ၊ လောက၌ ယောကျ်ားက ကလေးမွေးဖွားတယ်ဆိုတာ မဖြစ်နိုင်ဘူး။

ဒုတိယနေ့

၁။ အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံဒိဋ္ဌသမ္မန္နော ပုဂ္ဂလော သံဃံဘိန္ဒေယျ။

၂။ သူငယ်ချင်း၊ လောက၌အနာဂါမ်သည် မေထုန်အကျင့်ကိုမှီဝဲရာသော အကြောင်းအခွင့်အလမ်းမရှိ။

၃။ အို မိန်းမ၊ လောက၌အနာဂါမ်သည် ပြစ်မှားလိုသောစိတ်ဖြင့် ဘုရားရှင်၏ သွေးကိုဖြစ်ပေါ်စေရာသော အကြောင်းအခွင့်အလမ်းမရှိ။

၄။ မျက်စိကန်းသူက, လကိုမြင်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

---

* အင်္ဂုတ္တရပါဠိ - ပထမတွဲ - ၂၉၊

http://www.dhammadownload.com

တတိယနေ့

၁။ အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကေသဿလောကဓါတုယာ ဒွေရာဇာနော စက္ကဝတ္တိအပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ။

၂။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သံဃာတော်ကို သင်းခွဲရာသောအကြောင်းအခွင့်အလမ်းမရှိ။

၃။ ငါ့ရှင်၊ ဒုစရိုက်တရားကို ပြုကျင့်သူက နတ်ပြည်သို့ရောက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။

အမှတ် (၁၉) သင်ခန်းစာ
ဌာနံခေါ ဇေတံဝါကျရေးနည်း

၁။ လောကဌ် အရပ်ဒေသ၊ အယူဝါဒအားလျာ်စွာ ရှေးလူများ လက်ခံကျင့်သုံးလာသော အရာအားလုံးကို အစဉ်အလာဟူ၍လည်းကောင်း၊ ထုံးစံဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုကြ၏။ ယင်းသို့ အစဉ်အလာနှင့် မဆန့်ကျင်လျှင် ဒါဖြစ်ရိုးဖြစ်စဉ်ပဲ၊ အစဉ်အလာပဲ၊ ထုံးစံပဲ''ဟူ၍ လူအများလက်ခံလေ့ရှိကြ၏။

၂။ ထိုသို့ ''အစဉ်အလာပဲ၊ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ ထုံးစံပဲ''ဟူသော အနက်အဓိပ္ပါယ်ပါရှိသောဝါကျကို ဌာနဋ္ဌေခေါ ဇေတံဝါကျဖြင့် ရေးသားရ၏။

မှတ်ချက်။ ဌာနံခေါ ပနေတံ ဝိဇ္ဇတိဟုလည်းရေးနိုင်၏။

၃။ ဌာနဋ္ဌေခေါ ဇေတံပုဒ်များသည် ''ဖြစ်ရိုးဖြစ်စဉ်ပဲ၊ အစဉ်အလာပဲ၊ ထုံးစံပဲ'' ဟူသော မြန်မာအသုံးအနှုန်းစကားနှင့်ညီမျှ၏။

၄။ ဌာနဋ္ဌေခေါ ဇေတံဝါကျတွင် ဇေတံဌာနံပုဒ်ပါရှိရာ နိယမဝါကျ၊ ယံပုဒ်ပါရှိရာ အနိယမဝါကျဟု နှစ်ဝါကျရှိရ၏။

http://www.dhammadownload.com

၅။ ယင်းနှစ်ဝါကျကို နိယမာနိယမ (အနွယီနာမ်စား) ဝါကျရေးနည်းအတိုင်း ရေးရ၏။

၆။ ဇေယျပုဒ်ပါရှိရာ အနိယမဝါကျတွင် ပဓာနကြိယာပုဒ်ကို အာချာတ် သတ္တမီ ဝိဘတ်ဖြင့်ရေးရ၏။ ဌာနံပုဒ်ပါရှိရာ နိယမဝါကျတွင် ပဓာနကြိယာပုဒ်ကို ဝတ္တမာန်ဝိဘတ်ဖြင့် ဝိဇ္ဇတိဟု ရေးရ၏။

၇။ အနက်ပေးသောအခါ ပထမဝါကျရှိ ဌာနသဒ္ဒါသည် အကြောင်းကို ဟူသောအနက်ကို ဟောခြင်းကြောင့် ဌာနံပုဒ်ကိုရွှေလျက် အနိယမ (ဒုတိယ) ဝါကျရှိ ယံပုဒ်ကို ''ယံ-အကြောင်အကြောင်းကြောင့်'' ဟု အနက်တစ်မျိုး သာပေးရ၏။ တေ ပုဒ်ကို ဌာနံပုဒ်နှင့်တွဲစပ်လျက် ''တေ ဌာနံ - ဤအကြောင်းမျိုးသည်'' ဟု အနက်ပေးရ၏။

၈။ မြန်မာစကားပြေပြန်ဆိုသောအခါ ယံ၊ တေ၊ အသံထွက်မပါစေဘဲ ယံသဒ္ဒါယှဉ်စပ်ရာ ကြိယာပုဒ်ကို ဝိသေသနပြင်၍ မြန်မာပြန်ရ၏။

ပုံစံ။ (က) ဌာနဉ္စ ခေါ တေ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကဋ္ဌ သခါရံ နိစ္စတော ဥပဂစ္ဆေယျ။*

မှတ်ချက်။ ဌာနံ ခေါ ပနေတံ ဘိက္ခဝေ ဝိဇ္ဇတိ ဟုလည်းရေးနိုင်၏။

အနက်။ ဘိက္ခဝေ-ရဟန်းတို့၊ ယံ-အကြောင်အကြောင်းကြောင့်၊ ပုထုဇ္ဇနော ပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည်၊ ကဋ္ဌ-တစ်စုံတစ်ခုသော၊ သခါရံ-သခါရတရားကို၊ နိစ္စတော-ခိုင်မြဲသော နိစ္စတရားဟူ၍၊ ဥပဂစ္ဆေယျ-စွဲယူရာ၏။ တေံဌာနံ-ဤသို့ ခွဲယူရာသောအကြောင်းမျိုးသည်၊ ဝိဇ္ဇတိ-ရှိ၏။

မြန်မာ။ ရဟန်းတို့၊ ပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည် တစ်စုံတစ်သော သခါရတရားကို ခိုင်မြဲသော နိစ္စတရားဟု စွဲယူရာသော အကြောင်းမျိုးသည် ရှိ၏။

---

* အဂုံတ္တရပါဠိ၊ ပထမတွဲ - ၂၈

http://www.dhammadownload.com

(ခ) ဌာနဋ္ဌ ခေါ ဇေတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော မာတရံ ဇီဝိတာ ဝေါရောပေယျ။[၁]

မြန်မာ။ ရဟန်းတို့၊ ပုထုဇဉ်သည် အမိကိုသတ်ရာသော အကြောင်းမျိုးသည် ရှိ၏။

တစ်နည်း။ ရဟန်းတို့၊ ပုထုဇဉ်က အမိကိုသတ်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

(ဂ) ဌာနဋ္ဌ ခေါ ဇေတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ကော်သ လောကဓာတု ယာ ဇေကာဝ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ ဥပ္ပဇ္ဇေယျ။[၂]

မြန်မာ။ ရဟန်းတို့၊ တစ်ခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင်တစ်ဆူတည်းသာ ပွင့်တော်မူရာသော အကြောင်းမျိုးသည်ရှိ၏။

ပထမနေ့

၁။ ဌာနဋ္ဌ ခေါ ဇေတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကဋ္ဌိ သခါရံ သုခေတော ဥပဂစ္ဆေယျ။

၂။ ရဟန်းတို့၊ ပုထုဇဉ်သည် အဖကို သတ်ရာသောအကြောင်းမျိုးသည် ရှိ၏။

၃။ ရဟန်းတို့၊ ပုထုဇဉ်က သံဃာတော်ကို သင်းခွဲတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

ဒုတိယနေ့

၁။ ဌာနဋ္ဌ ခေါ ဇေတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော တထာဂတဿ ပဒုဋ္ဌ စိတ္တော လောဟိတံ ဥပ္ပါဒေယျ။

၂။ မိတ်ဆွေ၊ လောကဌ် မိန်းမက ကလေးမွေးတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

၃။ ရဟန်းတို့၊ ယောက်ျားသည် သိကြားမင်းဖြစ်ရာသော အကြောင်းသည် ရှိ၏။

၁။ အင်္ဂုတ္တရပါဠိ၊ ပထမတွဲ - ၂၈ ၂။ အင်္ဂုတ္တရပါဠိ၊ ပထမတွဲ - ၂၉

http://www.dhammadownload.com

တတိယနေ့

၁။ ဌာနဋ္ဌ ခေါ် တေ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုရိသော ရာဇာ အသ စက္ကဝတ္တီ။

၂။ အရှင်ဘုရား၊ မျက်စိအမြင်ရှိသူသည် လက်ိုမြင်တယ်ဆိုတာ ရှိနိုင်ပါတယ်။

၃။ ရဟန်းတို့၊ ပုထုဇဉ်သည် တစ်စုံတစ်ခုသောတရားကို အတ္တဟု စွဲယူရာသော အကြောင်းသည် ရှိ၏။

အမှတ် (၂၀) သင်ခန်းစာ
နခေါပနေတဲ့ ပတိရူပ် ဝါကျရေးနည်း

၁။ ပတိရူပ (အနုစ္ဆဝိက) သဒ္ဒါများသည် သင့်လျော်ခြင်း၊ လျောက်ပတ်ခြင်းအနက်ကို ဟော၏။

၂။ ပတိရူပ်ပုဒ်ကို ပဋိသေဓအနက်ရှိသော ''န'' အက္ခရာနှင့် တွဲစပ်လျှင် ''နပတိရူပ်'' ဟု ဖြစ်လာ၏။ နပတိရူပ်ကို ''မသင့်လျော်၊ မလျောက်ပတ်၊ မသင့်တော်'' စသည်ဖြင့် မြန်မာပြန်ရ၏။

၃။ နခေါပနေတဲ့ ပတိရူပ် ဝါကျတွင် နခေါပနေတဲ့ ပတိရူပ် ပုဒ်များ ပါရှိရာ နိယမဝါကျ၊ ယံပုဒ်ပါရှိရာ အနိယမဝါကျဟု နှစ်ဝါကျရှိရ၏။

၄။ ယင်းနှစ်ဝါကျကို နိယမာနိယမ (အန္ဒယီနာမ်စား) ဝါကျရေးနည်းအတိုင်း ရေးရ၏။

၅။ ယံပုဒ်ပါရှိရာ အနိယမဝါကျတွင် ပဓာနကြိယာပုဒ်ကို အာချာတ်သတ္တမီ ဝိဘတ်ဖြင့် ရေးရ၏။ ကတ္တားပုဒ်က ''အဟံ'' ဟု အမှသဒ္ဒါဖြစ်လျှင် ကြိယာပုဒ်ကို အတ္တနောပုဒ်ကို ပရဿပုဒ်ပြန်ထားသော ယျံ ဝိဘတ်ဖြင့် အရေးများ၏။

http://www.dhammadownload.com

၆။ ယသဒ္ဒါနှင့် ယှဉ်တွဲရာပုဒ်၏ လိင်အားလျော်စွာ ယသဒ္ဒါကို ''ယော၊ ယာ၊ ယံ'' ဟု လိင်သုံးပါးဖြင့်ရေးရ၏။

၇။ နပတိရူပံပုဒ်ပါရှိရာ နိယမဝါကျတွင် အာချာတ်ကြိယာပုဒ် မပါစေရ၊ ''နပတိရူပံ'' ဟူ၍ နာမသတ်ကြိယာပုဒ်ဖြင့် ရေးရ၏။

၈။ နပတိရူပံပုဒ်ပါရှိရာ ပထမဝါကျတွင် ''ဇေတံ'' ဟု နိယမသဒ္ဒါပါရှိသော ကြောင့် ယ ဟူသော အနိယမပုဒ်ပါရှိရာ ဒုတိယဝါကျကို အနက်ပေး သောအခါ ကြိယာပုဒ်နှင့်တွဲစပ်၍ ယံသဒ္ဒါကို အပိုထည့်သွင်းလျှက် ''ယံ ကရေယျံ အကြင်ပြုရာ၏၊ ယံ ဂစ္ဆေယျံ – အကြင်သွားရာ၏'' စသည် ဖြင့် အနက်ပေးရ၏။

၉။ ဒုတိယဝါကျ၌ ယံသဒ္ဒါကို အပိုထည့်သွင်း၍ အနက်ပေးခြင်းကြောင့် ပထမဝါကျတွင် တဿဟု နိယမသဒ္ဒါကိုလည်း ထည့်သွင်းကာ ''တဿ– ထိုသူ၏၊ တဿမေ – ထိုငါ၏'' စသည်ဖြင့် အနက်ပေး ရ၏။

၁၀။ မြန်မာစကားပြေ ပြန်ဆိုသောအခါ ယ၊ တ အသံထွက် မပါစေဘဲ ယံသဒ္ဒါယှဉ်စပ်ရာ ကြိယာပုဒ်ကို ''သွားခြင်းသည်၊ ပေးခြင်းသည်'' စသည်ဖြင့် ကတ္တားအနက်ပြင်လျက် မြန်မာပြန်ရ၏။ ''သွားရန်၊ သွားလို့၊ ပေးရန်၊ ပေးလို့'' ဟုလည်း မြန်မာပြန်နိုင်၏။

ပုံစံ။ (က) နဒေါ ပနေတံ ပတိရူပံ၊ ယွာဟံ ဒသဗလဿ သာသနဝိပတ္တိံ သုတွာ အပ္ပေါသုက္ကော ဘဝေယျံ။*

အနက်။ ယွာဟံ ယောအဟံ – အကြင်ငါသည်၊ ဒသဗလဿ – မြတ်စွာ ဘုရား၏၊ သာသနာဝိပတ္တိံ – သာသနာတော်ပျက်စီးနေသည် ကို၊ သုတွာ – ကြားနေရပါလျက်၊ အပ္ပေါသုက္ကော – ကြောင့် ကြမဲ့သည်၊ ယံဘဝေယျံ – အကြင်ဖြစ်ရာ၏၊ (တဿမေ)

---

* ပါရာဒိကဏ်အဋ္ဌကထာ၊ ပထမတွဲ - ၂၆

http://www.dhammadownload.com

ထိုငါ၏။ တေ – ဤသို့ ကြောင့်ကြမဲ့ဖြစ်ခြင်းသည်၊ နခေါပတိ ရှုပံ – မလျောက်ပတ်။

မြန်မာ။ ငါသည် မြတ်စွာဘုရား၏ သာသနာတော် ပျက်စီးနေသည်ကို ကြားနေရပါလျက် ကြောင့်ကြမဲ့ဖြစ်ခြင်းသည် မလျောက်ပတ်။

(ခ) နခေါမေတံ ပတိရှုပံ၊ ယောဟံ ဘဂဝတော သြဋ္ဌာရိကံ ဝိရေစနံ ဒဒေယျံ။[၁]

မြန်မာ။ ငါသည် မြတ်စွာဘုရားအား ကြမ်းတမ်းသော ဝမ်းလျောဆေး ကို ပေးခြင်းသည် မလျောက်ပတ်။

(ဂ) နခေါမေတံ ပတိရှုပံ၊ ယွာဟံ ပိတုဝစနံ အတိက္ကမေယျံ။[၂]

မြန်မာ။ ငါသည် ခမည်းတော်၏ စကားကို လွန်ဆန်ရန် မသင့်လျော်။

ပထမနေ့

၁။ နခေါ မေတံ ပတိရှုပံ၊ ယွာဟံ ယောဗ္ဗနေ ဓနံ အလဘိတွာ ဧစဝ ပြဟ္မစရိယံ အစရိတွာစ ဝိဟာရေယျံ။

၂။ ငါသည် ဆရာ၏စကားကို လွန်ဆန်ခြင်းသည် မသင့်တော်။

၃။ အပျိုသည် ယောကျ်ားနှင့်အတူ တစ်ယောက်ချင်းချင်း လမ်းသွားခြင်း သည် မသင့်တော်။

ဒုတိယနေ့

၁။ နခေါ ပနေတံ ပတိရှုပံ၊ ယော ဘိက္ခု မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ဂါမန္တရံ ဂစ္ဆေယျ။

၂။ ရဟန်းတို့သည် ဘုရားရှင်၏ စကားတော်ကို မလိုက်နာဘဲ လူတို့နှင့် ရောနှောကြလျက် နေကြရန် မသင့်လျော်။

၃။ မိန်းမသည် ယောကျ်ား၏စကားကို မလိုက်နာဘဲ ကုန်သွယ်မှုကို ပြုလုပ် ရန် အခြားမြို့သို့သွားခြင်းသည် မလျောက်ပတ်။

၁။ ဝိနယမဟာဝဂ္ဂပါဠိ - ၃၉၀ ၂။ ဝိနယမဟာဝဂ္ဂပါဠိ - ၄၉၃

http://www.dhammadownload.com

တတိယနေ့

၁။ နခေါ ပနေတံ ပတိရူပံ၊ ယော မာတုဂါမော ပုရိသေန ဝိနာကေကောဝ ဘိက္ခုဩသ သန္တိကံ ဂစ္ဆေယျ။

၂။ လူငယ်များသည် မိဘတို့၏စကားကို မလိုက်နာဘဲ မိမိစိတ်ဖြင့် နေကြရန် မသင့်လျော်။

၃။ ဥပါသကာသည် သံဃာတော်နှင့် ကင်းကွာ၍ မိမိစိတ်ဖြင့်နေရန် မသင့်။

အမှတ် (၂၁) သင်ခန်းစာ
ပုရေ ပုရာဝါကျရေးနည်း

၁။ ပုရေ၊ ပုရာသဒ္ဒါတို့သည် နီးကပ်သောအနာဂတ်အနက်ကို ဟောကြ၏။

၂။ ပုရေ၊ ပုရာသဒ္ဒါတို့ကို ''မကြာမီ၊ မကြာခင်'' ဟု မြန်မာပြန်ရ၏။

၃။ ပုရေ၊ ပုရာသဒ္ဒါများကို အာချာတ်ကြိယာနှင့်တွဲ၍ ရေးသောဝါကျ၊ နာမ်ပုဒ်နှင့် တွဲ၍ရေးသော ဝါကျဟု ဝါကျနှစ်မျိုးရှိ၏။

၄။ အာချာတ်ကြိယာနှင့်တွဲ၍ရေးလျှင် ပုရေ၊ ပုရာသဒ္ဒါတို့ကို ဝါကျအစ၌ ထားရ၏။

၅။ ကြိယာပုဒ်ကို အနာဂတ်ကာလအနက်ဟော ဝတ္တမာန်ဝိဘတ်ဖြင့် ရေးရ၏။

၆။ နာမ်ပုဒ်နှင့်တွဲ၍ရေးလျှင် ပုရေ၊ ပုရာသဒ္ဒါတို့ကို နာမ်ပုဒ်ရှေ့၌ ထားရ၏။

၇။ ပုရေ၊ ပုရာသဒ္ဒါနှင့်တွဲသော နာမ်ပုဒ်ကို ပဉ္စမီဝိဘတ်ဖြင့် ရေးရ၏။

၈။ ပုရေ၊ ပုရာသဒ္ဒါနှင့်တွဲသော နာမ်ပုဒ်ကို ''မသေမီ၊ မသေခင်၊ မစားမီ၊ မစားခင်'' စသည်ဖြင့် မြန်မာပြန်ရ၏။

http://www.dhammadownload.com

အာချာတ်ကြိယာနှင့်တွဲသောပုံစံ

(က) ဟန္ဒ မယံ အာဝုသော ဓမ္မဥ္စ ဝိနယဉ္စ သင်္ဂါယေ ယျာမ၊ ပုရေ အဓမ္မော ဒိပ္ပတိ။[၁]

မြန်မာ။ ငါ့ရှင်တို့၊ အကုသလကမ္မပထတရား ဆယ်ပါးသည် မထွန်းကား မီ ယခု သုတ် အဘိဓမ္မာကိုလည်းကောင်း၊ ဝိနည်းကိုလည်း ကောင်း သင်္ဂါယနာတင်ကြကုန်စို့။

(ခ) ဇေယျာသိ ဘန္တေ ပုရာဟံ ဟညာမိ။[၂]

အရှင်ဘုရား တပည့်တော်ကို မသတ်အပ်မီ လိုက်ခဲ့ပါ။

(ဂ) အဟံ ဒါနံ ဒဿာမိ ပုရေမရာမိ။

အနက်။ ပုရေ – မကြာမီ၊ မရာမိ – သေရတော့အံ့၊ တစ်နည်း – ပုရေ မရာမိ – မသေမီ၊ အဟံ – ငါသည်၊ ဒါနံ – အလှူကို၊ ဒဿမိ – ပေးလှူအံ့။

မြန်မာ။ ငါသည် မသေမီ အလှူပေးအံ့။

နာမ်ပုဒ်နှင့်တွဲသောပုံစံများ

(က) အဟံ ပုရေမရဏာ ဒါနံ ဒဿာမိ။

အနက်။ အဟံ – ငါသည်၊ ပုရေမရဏာ – မသေမီ၊ ဒါနံ – အလှူကို၊ ဒဿာမိ – ပေးလှူအံ့။

မြန်မာ။ ငါသည် မသေမီ အလှူကို ပေးလှူပါအံ့။

(ခ) ပိတာ ခေတ္တံ ပုရေဂမနာ သြဒနံ ပစိဿတိ။

မြန်မာ။ အဖသည် လယ်သို့မသွားမီ ထမင်းကို ချက်လိမ့်မည်။

၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာပထမတွဲ - ၆ ၂။ ပါရာဇိကပါဠိ - ၅၃

http://www.dhammadownload.com

ပထမနေ့

၁။ ပိတာ ဗုဒ္ဓံ ဝန္ဒိဿတိ၊ ပုရေ ခေတ္တံ ဂစ္ဆတိ။

၂။ ငါ့ရှင်၊ မထေရ်သည် ကျောင်းသို့ပြန်မကြွလာမီ ရွာတွင်းသို့ ဆွမ်းအလို့ငှာ လှည့်လည်ပါလော။

၃။ မိတ်ဆွေ၊ ငါမသေမီ ဥစ္စာတို့ကို သင့်အား ပေးပါမည်။

ဒုတိယနေ့

၁။ တွံ သမ္မ ဗုဒ္ဓံ ဝန္ဒာဟိ၊ ပုရေ မာတာ ဂေဟံ အာဂစ္ဆတိ။

၂။ ဆရာပြန်မလာမီ ကလေးမသည် ကျောင်းမှပြေး၏။

၃။ သူငယ်ချင်းတို့ ငါတို့မသေမီ ကုသိုလ်ကို ကြိုတင်လုပ်ကြစို့။

တတိယနေ့

၁။ မယံ ဘန္တေ ဝိပဿနံ ဘာဝေယျာမ၊ ပုရေ မာတာပိတရော မရန္တိ။

၂။ ချစ်သား၊ သင်သည် နေမဝင်မီ အိမ်သို့ ပြန်လာခဲ့ပါ။

၃။ မိန်းမ၊ ငါတို့သည် မိုးမရွာခင် စပါးတို့ကို ရိတ်သိမ်းကြမည်။

အမှတ် (၂၂) သင်ခန်းစာ
တေနဟိ ဝါကျရေးနည်း

၁။ တေနဟိ သဒ္ဒါသည် စေခိုင်း တိုက်တွန်းခြင်း – ဥယျောဇန အနက်၌ ဖြစ်၏။

၂။ တေနေဟိ သဒ္ဒါစပ်ရာ ပဓာနကြိယာပုဒ်ကို အမျှားအားဖြင့် အာချာတ် ပဋမိဝိဘတ် သတ္တမီဝိဘတ်တို့ဖြင့် ရေးရ၏။ ဝတ္တမာန်ဝိဘတ်၊ ဘဝိဿန္တိ ဝိဘတ်တို့ဖြင့်လည်း ရေးနိုင်၏။ ရံခါ ကိတ်ကြိယာဖြင့်လည်း ရေးနိုင်၏။

http://www.dhammadownload.com

၃။ တေနဟိ သဒ္ဒါကို ဝါကျ၏အစဉ် ထားရ၏။

၄။ စေခိုင်းတိုက်တွန်းခြင်းအနက်၌ တေနဟိသဒ္ဒါကို ''တိုက်တွန်းပါ၏ဟု လည်းကောင်း၊ ထိုသို့ဖြစ်သည်ရှိသော်၊ ထိုသို့ဖြစ်လျှင်၊ သည်လိုဆိုလျှင်၊ ဒါဖြင့်'' စသည်ဖြင့်လည်းကောင်း သင့်လျော်သလို မြန်မာပြန်ရ၏။

ပုံစံများ

(က) တေနဟိ သမ္မ သာရထိ ယေန သော ပဗ္ဗဇိတော၊ တေန ရထံ ပေသေဟိ။[၁]

မြန်မာ။ အမောင် ရထားထိန်း၊ ထိုသို့ဖြစ်လျှင် ထိုရဟန်းရှိရာ အရပ်သို့ ရထားကို မောင်းပါလော့။

(ခ) တေနဟိ တာတ သုဒိန္န ဗီဇကမ္မိ ဒေဟိ။[၂]

မြန်မာ။ ချစ်သား သုဒိန်၊ ထိုသို့ဖြစ်လျှင် သားမျိုးစေ့ကို ပေးပါလော့။

(ဂ) တေနဟိ ဝဓု ယဒါ ဥတုနီ အဟောသိ၊ ပုပ္ဖံ တေ ဥပ္ပန္နံ ဟောတိ အထ မေ အာရောစေယျာသိ။[၃]

မြန်မာ။ ချွေးမ၊ တိုက်တွန်းပါရစေ၊ ဥတုလာ၍ မိန်းမတို့ ဓမ္မတာပန်းပွင့် သောအခါ၌ ငါ့အား ပြောပြပါလော့။

(ဃ) တေနဟိ ဘဏ္ဍေ မာဏဝက ရထံ မုဉ္စသု။[၄]

မြန်မာ။ အမောင်လုလင်၊ တိုက်တွန်းပါ၏၊ ရထားကို ချွတ်ပါလော့။

မှတ်ချက်။ မုဉ္စသု ကြိယာပုဒ်ကို ပဉ္စမီဝိဘတ် အတ္တနောပုဒ်သုဝိဘတ်ဖြင့် ရေးထား၏။

(င) တေနဟိ ဘဒ္ဒေ ဘဂဝန္တံ ပဋိပုစ္ဆိတွာ မမ အာရောစေယျာထ။[၅]

၁။ သုတ်မဟာဝါပါဠိ - ၂၄
၂။ ပါရာဇိကပါဠိ - ၂၀
၃။ ပါရာဇိကပါဠိ - ၂၀
၄။ ဝိနယမဟာဝဂ္ဂပါဠိ - ၄၉၂
၅။ ပါရာဇိကပါဠိ - ၃၆၀

http://www.dhammadownload.com

မြန်မာ။ အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်၍ တပည့်တော်အား ပြန်လည်မိန့်ကြားတော်မူကြပါ။

ဝတ္တမာန်ဝိဘတ်ပုံစံ

တေနဟိ ဘန္တေ အယျဿ အာရာမိကံ ဒမ္မိ။[၁]

အရှင်ဘုရား၊ ထိုသို့ဖြစ်ပါလျှင် အရှင်အား အာရာမ်စောင့်ကို လှူပါမည်။

ရှင်းလင်းချက်။ ဒမ္မိ–၌ ဝတ္တမာန် မိ–ဝိဘတ်ဖြစ်၏။ ဗိမ္မိသာရမင်းသည် အရှင် ဝိလိန္ဒဝစ္ဆအား အာရာမ်စောင့်ကို လှူပါမည်ဟု ဝန်ခံသွား၏။

ထို့ကြောင့် အနာဂတ်အနက်၌ ဝတ္တမာန်မိ–ဝိဘတ်ကို သုံးစွဲထားခြင်းဖြစ်၏။ တကယ်လှူခြင်းမဟုတ်သေး၍ ပစ္စုပ္ပန်အနက် မဖြစ်သင့်ပေ၊ အမှန်တကယ် အာရာမ်စောင့်ကို လှူသွားခြင်းဖြစ်ပါမူ မိ–ဝိဘတ်သည် ပစ္စုပ္ပန်အနက်၌ သက်သော မိ–ဝိဘတ်ဖြစ်နိုင်၏။ သို့ပါ၍ တေနဟိဝါကျကို ဝတ္တမာန်ဝိဘတ်၊ ဘဝိဿန္တိဝိဘတ်များဖြင့်လည်း ရေးနိုင်သည်ဟု ဆုံးဖြတ်ရခြင်းဖြစ်၏။

ဘဝိဿန္တိ ဝိဘတ်ပုံစံ

(က) တေနဟိ ဘန္တေ ပဒေသပထဝိကမ္မနံ ပဿိဿာမိ။[၂]

အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် တစ်စိတ်တစ်ပိုင်း မြေလှုပ်ခြင်းကို ကြည့်ပါမည်။

(ခ) တေနဟိ ဘန္တေ ကျွမံ တေမာသံ ကဿ သန္တိကေ ဝသိဿမိ။[၃]

မြန်မာ။ အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် ဤဝါတွင်းသုံးလပတ်လုံး အဘယ်ဆရာ၏အထံ၌ နေရပါမည်နည်း။

ကိတ်ကြိယာပုံစံ

တေန ဟိ တွံ သာရိပုတ္တ ဝိဝိတ္တံ သေနာသနံ ဒါတဗ္ဗံ။

၁။ ပါရာဇိကပါဠိ - ၃၆၀ ၃။ ဝိနယမဟာဝဂ္ဂပါဠိ - ၅၀၅

၂။ မိလိန္ဒပဉ္ဟပါဠိ - ၁၃

http://www.dhammadownload.com

မြန်မာ။ ချစ်သား သာရိပုတ္တရာ၊ ထိုသို့ဖြစ်လျှင် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို ပေးရမည်။

ပထမနေ့

၁။ တေနဟိ ဘန္တေ ထေရော ဘိက္ခူ ဥစ္စိနတု။

၂။ ငါ့ရှင်၊ ဒါဖြင့် သင်သည် တရားကို နာပါလော့၊ ငါ ဟောပါမည်။

၃။ မိတ်ဆွေ၊ ဒီလိုဆိုရင် သင်သည် လယ်သို့သွား၍ လယ်ကို ထွန်ယက်လော့။

မှတ်ချက်။ ဥစ္စိနတိ – ရွေးချယ်၏။

ဒုတိယနေ့

၁။ တေနဟိ ဘန္တေ ထေရော အာယသ္မန္တမ္ဩ အာနန္ဒံ ဥစ္စိနတု။

၂။ သား၊ ဒါဖြင့် နင့်အဖေ အိပ်ရာမှ ထာလာသောအခါ ငှါးအား လာ၍ ပြောပါလော့။

၃။ အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် တပည့်တော်သည် အရှင်ဘုရားအား သပိတ်နှင့် သင်္ကန်းကို လှူပါမည်။

တတိယနေ့

၁။ တေနဟိ ဝဓု ယေန အလင်္ကာရေန အလင်္ကတာ ပုတ္တသ မေ – သုဒိန္နသ ပိယာ အဟောသိ မနာပါ၊ တေန အလင်္ကာရေန အလင်္ကရ။

၂။ သမီးတို့၊ ထိုသို့ဖြစ်လျှင် သင်တို့သည် ဥယျာဉ်သို့သွား၍ ဥယျာဉ်စောင့်အား ထမင်းနှင့်ရေကို ပေးကြလော့။

၃။ အဖေ၊ ဒါဖြင့် ကျွန်မသည် အမေနှင့်အတူ အိမ်သို့ ပြန်လာမည်။

http://www.dhammadownload.com

အမှတ် (၂၃) သင်ခန်းစာ
ဟေတုဝါကျရေးနည်း

၁။ အကြောင်းပြစကားရပ်ကို ဟေတု (ဟိတ်) ခေါ်၏။ ကာရဏဟုလည်း ခေါ်၏။

၂။ အကြောင်းပြစကားရပ်သည် ပုဒ်အကြောင်းပြ၊ ဝါကျအကြောင်းပြဟု နှစ်မျိုးရှိ၏။

၃။ အကြောင်းပြပုဒ်ကို ဟိတ်ပုဒ်ခေါ်၍၊ အကြောင်းပြဝါကျကို ဟေတု (ကာရဏ) ဝါကျခေါ်၏။

၄။ ဟိတ်ပုဒ်သည် –

(က) နာမ်ပဋ္ဌမိဝိဘတ်ဖြင့်ရေးရသော ပဋ္ဌမိဝိဘတျန္တဟိတ်ပုဒ်၊

(ခ) တတိယာဝိဘတ်ဖြင့်ရေးရသော တတိယာဝိဘတျန္တဟိတ်ပုဒ်၊

(ဂ) ကာရဏပုဒ်၊ ဟေတုပုဒ်တို့နှင့် တွဲဖက်ရေးရသော ဟိတ်ပုဒ်ဟု သုံးမျိုးပြား၏။

၅။ ပဋ္ဌမိဝိဘတ်ဖြင့်ရေးရသော ဟိတ်ပုဒ်သည် –

(က) တွာ–ပစ္စည်း၊ တာ–ပစ္စည်းတို့နှင့် တွဲဖက်ရေးရသော ဟိတ်ပုဒ်၊

(ခ) ဘာဝ–ပုဒ်နှင့် တွဲဖက်ရေးရသော ဟိတ်ပုဒ်၊

(ဂ) တော–ပစ္စည်းဖြင့်ရေးရသော ဟိတ်ပုဒ်၊

(ဃ) ဟိတ်အနက်၌သက်သော ပဋ္ဌမိဝိဘတ်ဖြင့် ရေးရသော ဟိတ်ပုဒ်ဟု လေးမျိုးပြား၏။

၆။ (က) ဟိတ်ပုဒ်ကို ဒြပ်ဟောသဒ္ဒါနောင် တွာ–ပစ္စည်း၊ တာ–ပစ္စည်းတို့ဖြင့် ရေး၍ ထို တွာ–ပစ္စည်း၊ တာ–ပစ္စည်းများကို သဒ္ဒာ–ဝိဘတ်ဖြင့် ယှဉ်တွဲရေးရ၏။ တွာ–ပစ္စည်းများသည် နပုလ္လိင်ဖြစ်၍ တာ–ပစ္စည်း သည် ဣတ္ထိလိင်ဖြစ်၏။

http://www.dhammadownload.com

(ခ) ဟိတ်ပုဒ်သည် နာမနာမ်၊ သဗ္ဗနာမ်၊ သမာသ်နာမ်၊ တဒ္ဓိတ်နာမ် ဖြစ်သော်လည်းကောင်း၊ ကိတ်နာမ်ဖြစ်၍ ယင်းကိတ်နာမ်ပုဒ်က ကတ္တားဟော ဖြစ်သော်လ၊ည်းကောင်း၊ ဟိတ်ပုဒ်၏ ကတ္တားပုဒ်ကို ဆဋ္ဌိဝိဘတ်ဖြင့်ရေး၍၊ ကတ္တားပုဒ်ကို (၏၊ သည်) ဟု အနက်မြန်မာပြန်ရ၏။

(ဂ) ဟိတ်ပုဒ်က ကိတ်နာမ်ဖြစ်၍ ယင်းကိတ်နာမ်ပုဒ်က ကံဟော ပုဒ်ဖြစ်လျှင် ဟိတ်ပုဒ်၏ ကံပုဒ်ကို ဆဋ္ဌိဝိဘတ်ဖြင့်ရေး၍ ကံပုဒ်ကို (၏၊ ကို) ဟု အနက်မြန်မာပြန်ရ၏။

တွာ၊ တာ–ပစ္စည်း ပုံစံများ

(က) တဿ ဇနတ္တာ (နာမနာမ်)

တဿ ဇနတာယ (နာမနာမ်)

မြန်မာ။ သူသည် လူသားဖြစ်သောကြောင့်။

(ခ) အမ္ဗဿ အညတ္တာ။ (သဗ္ဗနာမ်)

အမ္ဗဿ အညတာယ။ (သဗ္ဗနာမ်)

မြန်မာ။ ကျွန်တော်ခိုးသော သရက်သီးသည် ဤယောကျ်ားစိုက်ပျိုး သော သရက်သီးမဟုတ်သောကြောင့်။

(ဂ) အာယသ္မတော မဟာမောဂ္ဂလ္လာနဿ ခီဏာသဝတ္တာ (သမာသ်နာမ်)

အာယသ္မတော မဟာမောဂ္ဂလ္လာနဿ ခီဏာသဝတာယ။ (သမာသ်နာမ်)

မြန်မာ။ အရှင်မဟာမောဂ္ဂလာန်သည် ရဟန္တာဖြစ်သောကြောင့်။

(ဃ) မာဏဝဿ ဒေါဝါရိကတ္တာ (တဒ္ဓိနာမ်)

မာဏဝဿ ဒေါဝါရိကတာယ (တဒ္ဓိနာမ်)

http://www.dhammadownload.com

မြန်မာ။ လုလင်သည် တံခါးစောင့်ဖြစ်သောကြောင့်။

(ငး) ဥယျာနပါလဿ ဆာတတ္တာ (ကတ္တားဟောကိတ်နာမ်)

ဥယျာနပါလဿ ဆာတာယ (ကတ္တားဟောကိတ်နာမ်)

မြန်မာ။ ဥယျာဥ်စောင့်သည် ဆာသောကြောင့်။

ဂေဟဿ ကတတ္တာ၊ (ကံဟောကိတ်နာမ်)

ဂေဟဿ ကတတာယ၊ (ကံဟောကိတ်နာမ်)

မြန်မာ။ အိမ်ကို ဆောက်လုပ်အပ်သောကြောင့်။

ရ။ ဟိတ်ပုဒ်ကို ပါဠိဝါကျထဲ၌ သုံးစွဲသောအခါ ဟိတ်ပုဒ်၏ ကတ္တားပုဒ်၊ ကံပုဒ်ကို မထည့်ဘဲ ဟိတ်ပုဒ်သက်သက်ကိုသာ ထည့်ရေးသောအရာလည်းရှိ၏။ ဟိတ်ပုဒ်၏ ကတ္တားပုဒ် (သို့မဟုတ်) ကံပုဒ်ကိုပါ ထည့်ရေးသောအရာလည်းရှိ၏။ ဟိတ်ပုဒ်ကို ဝါကျ၏အလယ်၊ အဆုံးတို့၌ ကြိုက်သလို ထားနိုင်၏။ ဝါကျ၏အဆုံး၌ ထားသောအခါ ကသ္မာ–ဟု အမေးစကားရပ်ကိုထည့်လျက် နှစ်ဝါကျခွဲလျက်လည်း ရေးနိုင်၏။

ကတ္တားမထည့်သောပုံစံများ

(က) ဥယျာနပါလော ဆာတတ္တာ အမ္ဗံ ခါဒတိ။

မြန်မာ။ ဥယျာဥ်စောင့်သည် ဆာသောကြောင့် သရက်သီးကို ခွဲစား၏။

(ခ) အရိယာ ပန ဗာဟိတပါပတ္တာ ဗြဟ္မဏာတိ ဝုစ္စန္တိ။*

မြန်မာ။ အရိယာတို့ကိုကား မျှောအပ်ပြီးသော မကောင်းမှု ရှိကြသောကြောင့် ဗြာဟ္မဏတို့ဟူ၍ ဆိုအပ်ကုန်၏။

---

* ပါရာဇိကဏ်အဋ္ဌကထာ (ပထမတွဲ) ၁၈။

http://www.dhammadownload.com

ကတ္တားထည့်သောပုံစံများ

(က) အဘိဓမ္မပိဋကေ အနုသယပ္ပဟာနံ ဝုတ္တံ အနုသယ ပဋိပက္ခတ္တာ ပညာယ။

မြန်မာ။ အဘိဓမ္မာပညာသည် အနုသယ၏ ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် အဘိဓမ္မာပိဋကတ်၌ အနုသယကို ပယ်ခြင်းကို ဟော တော်မူအပ်၏။

(ခ) အရဟာတာ အရဟတော ဒိန္နဒါနမေဝ အဂ္ဂံ၊ ကသ္မာ? ဘဝါလယသ္သ ဘဝပတ္ထနာယ အဘာဝတော။*

မြန်မာ။ ရဟန္တာက ရဟန္တာအား လှူသော အလှူသည်သာမြတ်၏။ အဘယ့်ကြောင့် မြတ်သနည်း၊ ဘဝ၌ တွယ်တာမှု ဘဝကို တောင့်တမှု၏ မရှိခြင်းကြောင့် မြတ်၏။

အမှာ။ ဤ (ဂ) အမှတ်ပြ ပုံစံသည် တော–ပစ္စည်း ပုံစံဖြစ်ပါသည်။

(ဂ) ဥယျာနပါလော အမ္ဗံ ခါဒတိ၊ ကသ္မာ? ဆာတတ္တာ။

မြန်မာ။ ဥယျာဉ်စောင့်သည် သရက်သီးကို ခဲစား၏။ အဘယ့်ကြောင့် ခဲစားသနည်း၊ ဆာသောကြောင့် ခဲစား၏။

၈။ ဟိတ်ပုဒ်ကို ဒြပ်ဟောသဒ္ဒါနောင် ဘာဝသဒ္ဒါဖြင့်ရေး၍၊ ယင်းဘာဝပုဒ်ကို သ္မာ–ဝိဘတ်ဖြင့် ယှဉ်တွဲရေးရ၏။

---

* ဥပရိပဏ္ဏာသဇာတကဋ္ဌကထာ - ၂၂၇။

http://www.dhammadownload.com

ဘာဝပုဒ် ပုံစံများ

ဇနဘာဝါ (နာမနာမ်)
အညဘာဝါ (သဗ္ဗနာမ်)
ဒီဏာသဝဘာဝါ (သမာသ်နာမ်)
ဒေါဝါရိကဘာဝါ (တဒ္ဓိတ်နာမ်)
ဆာတဘာဝါ (ကိတ်နာမ်)

၉။ ဟိတ်ပုဒ်ကို ဘာဝသဒ္ဒါနောင် ပဉ္စမီဝိဘတ်အနက်၌သက်သော တော–ပစ္စည်းဖြင့် ရေးရ၏။ ကတ္တားပုဒ်၊ ကံပုဒ်ရေးပုံနှင့် မြန်မာပြန်ပုံသည် တူ၊ တာ ပစ္စည်းပုံစံနှင့်တူ၏။

တောပစ္စည်းပုံစံများ

ဇနဘာဝတော (နာမနာမ်)
အညဘာဝတော (သဗ္ဗနာမ်)
ဒီဏာသဝဘာဝတော (သမာသ်နာမ်)
ဒေါဝါရိကဘာဝတော (တဒ္ဓိတ်နာမ်)
ဆာတဘာဝတော (ကိတ်နာမ်)

အမှာ။ ပါဠိဝါကျ၌ သုံးစွဲပုံသည် တူ၊ တာ–ပစ္စည်းပုံစံနှင့်တူ၏။

၁၀။ ဟိတ်ပုဒ်ကို ဟိတ်အနက်၌သက်သော ပဉ္စမီဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ (က) အနနုဗောဓာ စတုန္နံ အရိယသစ္စာနံ။

မြန်မာ။ လေးပါးကုန်သော အရိယသစ္စာတို့ကို လျော်စွာမသိခြင်းကြောင့်။

(ခ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ။

မြန်မာ။ အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကြကုန်၏။

http://www.dhammadownload.com

၁၁။ ဟိတ်ပုဒ်ကို ဟိတ်အနက်၌သက်သော တတိယာဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ (က) ပုရိသော အန္ဓေန ဝသတိ။

မြန်မာ။ ယောကျ်ားသည် ထမင်းကြောင့် နေ၏။

(ခ) ဘိက္ခု ဓမ္မေန ဝသတိ။

မြန်မာ။ ရဟန်းသည် တရားကြောင့် နေ၏။

(ဂ) မာဏဝေါ ဝိဇ္ဇာယ ဝသတိ။

မြန်မာ။ လုလင်သည် အတတ်ပညာကြောင့် နေ၏။

အမှာ ။ တတိယာဝိဘတ်ဖြင့်ရေးရသော ဟိတ်ပုဒ်၌ ယင်းဟိတ်ပုဒ်၏ ကတ္တားပုဒ်၊ ကံပုဒ်ကို ထည့်မရေးရ။

၁၂။ ကာရဏဟိတ်ပုဒ်နှင့် ဟေတုဟိတ်ပုဒ်ကို ဆဋ္ဌီဝိဘတ်ဆုံးနေသော ဆဋ္ဌီဝိဘတ္တိန္တပုဒ်နှင့် တွဲဖက်ရေးလျှင် ကာရဏဟိတ်ပုဒ်၊ ဟေတုဟိတ်ပုဒ် ဖြစ်လာ၏။

ပုံစံ။ (က) အစ္ဆရာနံ ကာရဏာ။

မြန်မာ။ နတ်သမီးတို့၏ အကြောင်းကြောင့်။

(ခ) အစ္ဆရာနံ ဟေတု။

မြန်မာ။ နတ်သမီးတို့၏ အကြောင်းကြောင့်။

ဝါကျပုံစံ။(က) ကိံနုခေါ ဘန္တေ တွံ အစ္ဆရာနံ ကာရဏာ ပြဟ္မစရိယံ စရသိ။

(ခ) ကိံ နုခေါ ဘန္တေ တွံ အစ္ဆရာနံ ဟေတု ပြဟ္မစရိယံ စရသိ။

မြန်မာ။ အရှင်ဘုရား၊ အရှင်ဘုရားသည် နတ်သမီးတို့၏အကြောင်းကြောင့် မြတ်သောအကျင့်ကို ကျင့်နေပါသလား။

http://www.dhammadownload.com

အမှာ ။ ပုတ္တသ ဟေတု–ဟု ခွဲလျက်လည်းကောင်း၊ ပုတ္တဟေတု–ဟု တစ်ပုဒ်တည်း ပေါင်းစပ်လျက်လည်းကောင်း၊ ကြိုက်သလိုရေးနိုင်၏။ ပါဠိဝါကျ၌ ဟိတ်ပုဒ်ကိုရေးလိုသောအခါ တွ, တာ, တော ပစ္စည်းများ ဖြင့်သာ ရေးပါလေ။

၁၃။ အကြောင်းပြ ဟေတုဝါကျကိုရေးရာ၌ ရှေ့ဝါကျ၌ အကြောင်းဟောယသ္မာ, ယတော ပုဒ်တစ်ခုခုဖြင့်ရေး၍ နောက်ဝါကျ၌ တသ္မာ, တတော ပုဒ်တစ်ခုခုဖြင့် ရေးရ၏။ ယသ္မာ, ယတော၊ တသ္မာ, တတောပုဒ်တို့ကို ဝါကျအစ၌ဖြစ်စေ၊ ဝါကျအလယ်၌ဖြစ်စေ သင့်သလိုထားနိုင်၏။

ပုံစံ (က) ယသ္မာ ပုရိသော ပရေသံ အဒိန္နံ အာဒိယတိ၊ တသ္မာ တံ ရာဇာ ဗန္ဓတိ။

မြန်မာ။ အကြင်ကြောင့် ယောကျ်ားသည် သူတစ်ပါးတို့၏ ကိုယ်နှုတ်ဖြင့် မပေးအပ်သောဥစ္စာကို ခိုးယူ၏၊ ထို့ကြောင့် ထိုယောကျ်ားကို မင်းသည် ဖမ်းချုပ်၏။

(ခ) ယသ္မာ သမ္မာသမ္ဗုဒ္ဓေါ ဓရမာနောယေဝ ဝိနယပရိယတ္တိံ နိဿာယ အာယသ္မန္တံ ဥပါလိ ဇေတဝဂ္ဂေ ထပေသိ၊ တသ္မာ ဥပါလိတ္ထေရံ ပုစ္ဆိတ္ဝာ ဝိနယံ သင်္ဂါယာမ။

မြန်မာ။ အကြင်ကြောင့် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ဝိနည်းပရိယတ်ကိုမှီ၍ အရှင်ဥပါလိကို ဇေတဝန်အရာ၌ ထားတော်မူခဲ့ပြီ၊ ထို့ကြောင့် ဥပါလိထေရ်ကိုမေး၍ ဝိနည်းကို သံဂါယနာတင်ကြပါစို့။

(ဂ) ယတော ပုရိသော ပါပံ ကရောတိ၊ တတော သော ဗာလော နာမ ဟောတိ။

မြန်မာ။ အကြင်ကြောင့် ယောကျ်ားသည် မကောင်းမှုကို ပြုလုပ်၏။ ထို့ကြောင့် သူသည် လူမိုက်မည်၏။

http://www.dhammadownload.com

ပထမနေ့

၁။ အာယသ္မာ ဥပါလိတ္ထေရော ဒီဏာသဝတ္တာ ဒက္ခိဏေယျော ဟောတိ။

၂။ လုလင်သည် လူဖြစ်သောကြောင့် ကုသိုလ်၊ အကုသိုလ်ကိုသိ၏။

၃။ ကိုရင်သည် တရားတော်ကြောင့် ပစ္ဆိမာရုံကျောင်းတိုက်၌ နေ၏။

၄။ ဖခင်သည် သားသမီးတို့၏အကြောင်းကြောင့် အလုပ်ကို လုပ်၏။

၅။ ယောကျ်ားသည် အကြင်ကြောင့် မကောင်းမှုကို ပြုလုပ်၏။

ထို့ကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာဖြစ်သော မကောင်းသောလားရာ ငရဲသို့ ကပ်ရောက်ရ၏။

ဒုတိယနေ့

၁။ ရာဇာ ကေသဿ မာဏဝဿ ဝရံ ဒေတိ၊ ကသ္မာ၊ ဒေါဝါရိကတ္တာ။

၂။ အပျိုသည် အလွန်လှသောကြောင့် လုလင်သည် သူမအားပန်းကိုပေး၏။

၃။ ရဟန်းသည် ပညာကြောင့် ပစ္ဆိမာရုံကျောင်းတိုက်သို့လာ၏။

၄။ အကြင်ကြောင့် အမေသည် သမီးကိုမြတ်နိုး၏။ ထို့ကြောင့်သားသည် အမေကို မရိုသေ။

တတိယနေ့

၁။ ယတော ပုရိသော ဆာတတိ၊ တတော သော ဘတ္တံ ဘုဉ္ဇတိ။

၂။ အင်္ဂုလိမာလသည် သူတစ်ပါးတို့၏ လက်ညှိုးကိုဖြတ်ခြင်းကြောင့် သူ့ကို လူတို့က လူမိုက်ဟု ပြောကြ၏။

၃။ လူတို့သည် ထမင်းကြောင့် အလုပ်ကို လုပ်ကြ၏။

၄။ ယောကျ်ားများသည် မယား၏အကြောင်းကြောင့် မကောင်းမှုကို ပြုလုပ်ကြ၏။

http://www.dhammadownload.com

အမှတ် (၂၄) သင်ခန်းစာ
ယဒိဇေဝါကျရေးနည်း

၁။ တစ်စုံတစ်ယောက်ကပြောဆိုလိုက်သောစကားကို မကျေနပ်၍ စောဒနာတက်သောဝါကို ယဒိဇေဝံဖြင့် ရေးရ၏။

၂။ ယဒိဇေဝံပုဒ်ကို ဝါကျ၏အစ၌ထားရ၏။

၃။ ယဒိဇေဝံပုဒ်ကို ''ယင်းသို့ဖြစ်လျှင် ဒီလိုသာဆိုလျှင်'' စသည်ဖြင့် မြန်မာပြန်ရ၏။

မှတ်ချက်။ နားလည်ရုံ၊ ပါဠိဝါကျရေးတတ်ရုံသာ ရည်ရွယ်ပါသည်။ အနက်ပေးသောအခါ ယဒိဇေဝံကို နှစ်ပုဒ်ခွဲလျက် အကျယ်တစ်နည်း အနက်ပေးလေ့ရှိကြပါသည်။ ယင်းအကျယ်အနက်ပေးနည်းကို ပါဠိစာပေ ကျွမ်းကျင်လာသောအခါ မိမိကိုယ်တိုင်ကြည့်ရှုရုံဖြင့် သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့်အကျယ်အနက်ပေးနည်းကို မပြတော့ပါ။

ပုံစံ (က) ယသ္မာ ပနဿ ကိဉ္စိ ဒဿဇလဒေသိတံ သုတ္တယျောဒိကံ ဘဂဝတော အသမ္မုခါ ပဋိဂ္ဂဟိတံ နာမ နတ္ထိ၊ တသ္မာ ဝိနာပိ နသက္ကာ။

ယဒိဇေဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ။ အထက်သ္မာ နဥစ္စိနိတော။

ပထမဝါကျမြန်မာပြန်

ဝိနာပိ နသက္ကာ၏ အကြောင်းပြစကားရပ်ကိုပြပါမည်။ အကြင်ကြောင့် ထိုအရှင်အာနန္ဒာမှာ မြတ်စွာဘုရားဟောကြားတော်မူအပ်သော သုတ္တဂေယျစသော တစ်စုံတစ်ခုသော တရားတော်သည် မြတ်စွာဘုရား၏ မျက်ကွယ်၌ နာခံအပ်သော တရားတော်မည်သည်မရှိ၊ ထို့ကြောင့် ထိုအရှင်အာနန္ဒာနှင့် ကင်းရှင်းလည်း သုတ် အဘိဓမ္မာကို သံဂါယနာတင်ခြင်းကို ပြုလုပ်ရန် မတတ်ကောင်း။

http://www.dhammadownload.com

ယဒိဇေဝါကျမြန်မာပြန်

ယင်းသို့ဖြစ်လျှင် သေက္ခပုဂ္ဂိုလ်ဖြစ်သော်လည်း သုတ်အဘိဓမ္မာကို သံဂါယနာတင်ခြင်းအတွက် ကျေးဇူးများလှသောကြောင့် အရှင်မဟာကဿပ ထေရ်က ရွေးချယ်သင့်ရာ၏။ ထိုသို့ရွေးချယ်သင့်ပါလျက် အဘယ်ကြောင့် ရွေးချယ်တော်မမူပါသနည်း။

(ခ) အတ္ထိ ဒိန္နံ နှုတဒိ နယပွဝတ္တ သမ္မာဒဿနဝသေန ဒိဋ္ဌိယာ ''ဥဇုကရဏံ ဒိဋ္ဌိုကမ္မံနာမ''[၁]

ယဒိဇေဝ ဉာဏဝိပ္ပယုတ္တစိတ္တုပ္ပါဒဿ ဒိဋ္ဌိုကမ္မ ပုညကိရိယာ ဘာဝေါ နု လဗ္ဘတိ။

ပထမဝါကျမြန်မာပြန်

အလှူပေးခြင်းသည် အကျိုးရှိ၏စသော နည်းဖြင့်ဖြစ်သော ''မှန်မှန်ကန်ကန် ရှုမြင်ခြင်း၏အစွမ်းဖြင့်'' အယူကို ဖြောင့်မတ်အောင်ပြုခြင်းသည် **ဒိဋ္ဌိုကမ္မ** မည်၏။

ယဒိဇေဝါကျမြန်မာပြန်

ယင်းသို့ဖြစ်လျှင် ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်သည် ဒိဋ္ဌိုကမ္မပုညကိရိယာ ဝတ္ထုအမည်ကို မရနိုင်သည်မဟုတ်လော။

(ဂ) မဟာဘူတေ ဥပါဒါယ ပဝတ္တံရူပံ **ဥပါဒါယရူပံ**။

ယဒိဇေဝံ ''ကေမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ'' တျာဒိ ဝစနတော ဇကေက မဟာဘူတာ သေသမဟာဘူတာနံ နိဿယာ ဟောန္တိတိ တေသမ္ပိ ဥပါဒါယ ရူပတာ ပသင်္ဂေါ။[၂]

၁။ ပါရာဇိကတ်အဋ္ဌကထာ ပထမတွဲ - ၆ ၂။ ဋီကာကျော်ပါဠို - ၁၇၇

http://www.dhammadownload.com

ပထမဝါကျမြန်မာပြန်

မဟာဘုတ်ကိုမှီ၍ ဖြစ်သောရုပ်သည် ဥပါဒါယရုပ်မည်၏။

ယဒိဇဝံဝါကျမြန်မာပြန်

ယင်းသို့ဖြစ်လျှင် ''ငကဲ့ မဟာဘူတဲ့ ပဋိစ္စ တယောမဟာဘူတာ''စသော စကားတော်ကို ဟောတော်မူခြင်းကြောင့် တစ်ပါးတစ်ပါးသော မဟာဘုတ်တို့သည် ကြင်းသောမဟာဘုတ်တို့၏ မှီရာဖြစ်သောကြောင့် ထိုမဟာဘုတ်တို့ကိုလည်း ဥပါဒါရုပ်အဖြစ် ယုံမှားနိုင်သည်မဟုတ်ပါလော။

ပထမနေ့

၁။ ဂစ္ဆတီတိ ဂေါတိ ဝုစ္စတိ၊ ယဒိဇဝံ မနုဿောပိ ဂစ္ဆတိ၊ အထကသ္မာသော ဂေါတိ နဝုစ္စတိ။

၂။ ငြိမ်းအပ်ပြီးသော မကောင်းမှုရှိသောကြောင့် ''သမဏ''ဟုဆိုအပ်၏။ ယင်းသို့ဖြစ်လျှင် ဒေဝဒတ်မည်သောရဟန်းသည် ဘုရားရှင်၏သွေးကို ဖြစ်ပေါ်စေ၏။ ထိုသို့ဖြစ်ပါလျက် ဒေဝဒတ်ကို အဘယ်ကြောင့် ''သမဏ'' ဟုဆိုအပ်ပါသနည်း။

၃။ မြေ၌အိပ်သောကြောင့် ကျွဲဟုခေါ်၏။ ယင်းသို့ဖြစ်လျှင် ခွေးသည်လည်း မြေ၌အိပ်၏။ သို့ပါလျက် အဘယ်ကြောင့် ထိုခွေးကို ''ကျွဲ''ဟု မခေါ်ပါသနည်း။

ဒုတိယနေ့

၁။ ရူပါဒီသု သဉ္ဇန္တီတိ သတ္တာတိ ဝုစ္စန္တိ၊ ယဒိဇဝံ ခီဏာသဝေါ ရူပါဒီသု နသဇ္ဇတိ၊ အထကသ္မာသော သတ္တောတိ ဝုစ္စတိ။

၂။ မိမိ၏သားသမီးကို မြတ်နိုးခြင်းကြောင့် မာတာ-အမေ ဟုခေါ်၏။ ဒီလိုသာဆိုလျှင် အချို့မိန်းမတို့သည် မိမိ၏ကိုယ်ဝန်ကို ပျက်ကျစေ၏။ ထို့ကြောင့် ထိုမိန်းမတို့ကို ''အမေ''ဟု အဘယ်မှာခေါ်နိုင်အံ့နည်း။

http://www.dhammadownload.com

၃။ မိဘတို့က ဆောင်ထားအပ်သောကြောင့် ဓိတာ–သမီး· ဟုခေါ်၏။ ဒီလိုသာဆိုလျှင် အချို့မိန်းမတို့သည် မိဘတို့ကို စွန့်ပယ်၍ ယောကျ်ား၏အိမ်သို့လိုက်သွားကြ၏။ ထို့ကြောင့် ထိုမိန်းမတို့ကို သမီးဟု အဘယ်မှာ ခေါ်နိုင်ပါအံ့နည်း။

အမှတ် (၂၅) သင်ခန်းစာ
လာဘာဝတဝါကျရေးနည်း

၁။ မိမိအလုပ် မိမိဘဝအပေါ်၌ အားရကျေနပ်လှသဖြင့် ''ငါသည်အရတော်ပေစွတကား'' ဟု စိတ်ကူးကြံစည်သောစကားရပ်ကို လာဘာဝတ သဒ္ဒါများဖြင့်ရေးရ၏။ လာဘာဝတ သဒ္ဒါနောက်၌ သုလဒ္ဓံဝတသဒ္ဒါကိုလည်း ထည့်ရေးရ၏။

၂။ လာဘာဝတသဒ္ဒါများ ပါရှိသောဝါကျတွင် နိယမဝါကျ အနိယမဝါကျဟု နှစ်ဝါကျပါရှိရ၏။ ပထမဝါကျသည် နိယမဝါကျဖြစ်၏။ ဒုတိယဝါကျသည် အနိယမဝါကျဖြစ်၏။

၃။ အနိယမဝါကျ၌ ကတ္တားပုဒ်၏ လိင်အားလျော်စွာ ယောဟံ၊ ယွာဟံ၊ ယာဟံ၊ ယမဟံ ဟု အနိယမသဒ္ဒါကို အဟံဟူသောကတ္တားပုဒ်နှင့် တွဲဖက်၍ ရေးရ၏။ အနိယမပုဒ်သည် ကတ္တားပုဒ်မဟုတ်ဘဲ ယဿ၊ ယဿိ'စသည်ဖြင့်လည်းရှိတတ်၏။

၄။ နိယမဝါကျကို ပါဠိစီကုံးရာ၌ ''လာဘာဝတမေ၊ သုလဒ္ဓံဝတမေ''ဟု နိယမဖြစ်သော တသဒ္ဒါကို မထည့်ဘဲရေးရ၏။

၅။ လာဘာဝတကို အရတော်ပေစွတကားဟု မြန်မာပြန်၍ သုလဒ္ဓံဝတကို ကောင်းစွာရအပ်ပေစွတကား ဟု မြန်မာပြန်ရ၏။

---

* ဋီကာကျော်ပါဠို - ၁၉၅

http://www.dhammadownload.com

၆။ အနက်ပေးသောအခါ၌သာ ''(တဿ) မေ ထိုငါ၏'' ဟု, နိယမဖြစ်သော တဿဒ္ဒါကိုထည့်လျက် အနက်ပေးရ၏။

သုလဒ္ဓံဝတမေဝါကျကို အနက်ပေးသောအခါ ''ကြွဒံသာသနံ'' ဟု ကံပုဒ် ထည့်လျက် အနက်ပေးရ၏။

၇။ မြန်မာပြန်ရာ၌ အနိယမဝါကျ၏ ပဓာနကြိယာကို ဝိသေသနပြင်၍ မြန်မာပြန်ရ၏။

ပုံစံ (က) လာဘာဝတမေ၊ သုလဒ္ဓံ ဝတ မေ၊ ယော ဟံ ဝေရူပေဟိ သပြဟ္မစာရီဟိ သဒ္ဓိ ဝိဟရာမိ။[၁*]

အနက်ပေးပုံ။ ယောဟံ – အကြင်ငါသည်၊ ဝေရူပေဟိ – ဤသို့သဘောရှိကုန်သော၊ သပြဟ္မစာရီဟိ သီတင်းသုံးဖော်တို့နှင့် သဒ္ဓိအတူ၊ ဝိဟရာမိ နေထိုင်ရ၏။

(တဿ) မေ – ထိုငါ၏။ လာဘာ – အကျိုးစီးပွားနှင့်ချမ်းသာကိုရခြင်းတို့သည်၊ ဟောန္တိဝတ ဖြစ်ကုန်စွတကား။ (တဿ) မေ – ထိုငါ သည် (ကြွဒံသာသနံ) ဤသာသနာတော်ကို သုလဒ္ဓံဝတ – ကောင်းစွာ ရအပ်ပေစွ။

မှတ်ချက် ။ ရဟန်းဘဝ၊ သာသနာရေးကိစ္စဖြစ်နေ၍ ''ကြွဒံသာသနံ'' ဟု ထည့်ပေးရခြင်းဖြစ်၏။ လူသားဖြစ်လျှင် ''ကြွဒံမနုဿတ္တံ'' ဟု ပြောင်းလဲ ထည့်ပေးနိုင်၏။

မြန်မာ။ ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့်အတူ နေထိုင်ရသောငါသည် အရတော်စွတကား၊ ကောင်းစွာရအပ်ပေစွတကား။

(ခ) တဿတေ အာဝုသောစုန္ဒလာဘာ၊ တဿတေသုလဒ္ဓံ၊ ယဿတေတထာဂတော၊ ပစ္ဆိမံပိဏ္ဍပါတံ ပရိဘုဉ္ဇိတ္ထာ ပရိနိဗ္ဗုတော။

---

* ဝိနယမဟာဝဂ္ဂပါဠိ - ၄၉၈ ၂။ ဥဒါန ပါဠိ - ၁၈၂

http://www.dhammadownload.com

မြန်မာ။ ဒါယကာစုန္ဒ၊ မြတ်စွာဘုရားသည် သင်၏နောက်ဆုံးဆွမ်းကို ဘုဉ်းပေးတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို့ကြောင့် သင်သည် အရတော်ပေစွ၊ ကောင်းစွာရအပ်ပေစွ။

၈။ အဋ္ဌကထာ၏ ဖွင့်ဆိုချက်အရ အနိယမဝါကျတွင် ကတ္တားပုဒ်၌ ''ယောဟံ'' ဟုမရှိရ။ ''ယမဟံ'' ဟုသာရှိရပါမည်။

၉။ ယမဟံဟုရှိလျှင် ဒုတိယဝါကျသည် အကြောင်းပြဝါကျသာဖြစ်လာ၏။ ထို့ကြောင့် ယမဟံကို ယံ + အဟံ ဟု ပုဒ်ခွဲလျှက် ယံ–အကြောင်းအကြောင်းကြောင့်ဟု အနက်ပေးရမည်။ ဒုတိယဝါကျအစတွင် ''တသ္မာ ထို့ကြောင့်'' ဟု တသ္မာပုဒ်ကိုထည့်လျက် အနက်ပေးရမည်။ တသ ဟု နိယမသဒ္ဒါကိုမထည့်ရ။

ဤနည်းက ပို၍သဘာဝကျပါသည်၊ သို့သော် ပါဠိတော်နည်း အတိုင်းသာ လေ့ကျင့်ပါ။

ပုံစံ။ လာဘာဝတမေ၊ သုလဒ္ဓံဝတမေ၊ ယမဟံ ဇဝရူပေဟိ သဗြဟ္မစာရီဟိ သဒ္ဓိ ဝိဟရာမိ။

မြန်မာ။ ငါသည် ဤသို့ သဘောရှိသော သီတင်းသုံးဖော်တို့နှင့်အတူ နေရ၏။ ထို့ကြောင့် ငါသည် အရတော်စွတကား၊ ကောင်းစွာရအပ်ပေစွ တကား။

၁၀။ လာဘ ဝတ ဝါကျရှိသကဲ့သို့ အလာဘာဝတဝါကျလည်းရှိ၏၊ လာဘာဝတသဒ္ဒါ၏အစ၌ အအက္ခရာတစ်လုံးကို ထည့်ရေးလျှင် အလာဘာဝတဝါကျဖြစ်လာ၏။

၁၁။ အလာဘာဝတဝါကျတွင် နဝတမေလာဘာ ဟု သဒ္ဒါတစ်မျိုး တိုးလာရုံသာထူး၏။ သုလဒ္ဓံ ဝတ မေ သဒ္ဒါအစား ဒုလ္လဒ္ဓံ ဝတမေ၊ နဝတမေ သုလဒ္ဓံဟု အစားထိုးရေးရုံသာဖြစ်၏။

http://www.dhammadownload.com

ပုံစံ။ အလာဘာဝတမေ၊ နဝတမေလာဘာ၊ ဒုလ္လဒ္ဓံဝတမေ၊ နဝတ မေသုလဒ္ဓံ၊ ယောဟံ ဇဝံ သွာက္ခာတေ ဓမ္မဝိနယေ ပဗ္ဗဇိတွာ နာသက္ခိ ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရိတုံ။*

အနက်။ ယောအဟံ – အကြင်ငါသည်၊ ဇဝံ – ဤသို့၊ သွာက္ခာတေ – ကောင်းစွာဟောပြတော်မူအပ်သော၊ ဓမ္မဝိနယေ – တရားသဖြင့် ဆုံးမရာ သာသနာတော်၌၊ ပဗ္ဗဇိတွာ – ရှင်ရဟန်းပြု၍၊ ယာဝဇီဝံ – အသက်ထက်ဆုံး၊ ပရိပုဏ္ဏံ – ထက်ဝန်းကျင်ပြည့်စုံစွာ၊ ပရိသုဒ္ဓံ – ထက်ဝန်းကျင်စင်ကြယ်စွာ၊ ဗြဟ္မစရိယံ – မြတ်သောအကျင့်ကို၊ စရိတုံ – ကျင့်ခြင်းငှာ၊ နာသက္ခိ – မစွမ်းနိုင်ခဲ့။

(တဿ) မေ – ထိုငါ၏၊ အလာဘာ – စျာန်စသော ဂုဏ်ကျေးဇူးတရားတော်တို့ကို မရခြင်းတို့သည်၊ ဟောန္တိဝတ – ဖြစ်ကုန်စွတကား၊ (တဿ) မေ – ထိုငါသည်၊ ပဋ္ဌိလဒ္ဓါပိ – ရအပ်ပြီးသော ရဟန်းအဖြစ်၊ သရဏဂုံကျင့်ဝတ်သိက္ခာကို ဆောက်တည်ခြင်း ဂုဏ်ကျေးဇူးတရား တို့သည်၊ နလာဘာဝတ – ရအပ်သည် မမည်ကုန်စွတကား၊ (တဿ) မေ – ထိုငါသည်၊ ဣဒံသာသနံ – ဤသာသနာတော်မြတ်ကို၊ ဒုလ္လဒ္ဓံဝတ – မကောင်းသဖြင့် ရအပ်လေစွတကား၊ (တဿ) မေ – ထိုငါသည်၊ ဣဒံသာသနံ – ဤသာသနာတော်မြတ်ကို၊ နသုလဒ္ဓံဝတ– အခြားသူတို့ကဲ့သို့ အရမတော်လေစွတကား။

မြန်မာ။ ဤသို့ ကောင်းစွာဟောပြတော်မူအပ်သော တရားသဖြင့် ဆုံးမတော်မူရာ သာသနာတော်၌ ရဟန်းပြုလျက် မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်အောင် ကျင့်ရန်မစွမ်းနိုင်ခဲ့သော ငါသည် စျာန်စသော ဂုဏ်ကျေးဇူးတရားတော်ကို မရလေစွတကား၊ ရှင်ရဟန်းအဖြစ်ကို အရမတော်လေစွတကား၊ သာသနာတော်ကို မကောင်းသဖြင့် ရအပ်ပေစွတကား၊ သာသနာတော်ကို ကောင်းစွာရခြင်း မဟုတ်လေစွတကား။

---

* ပါရာဇိကဏ်ပါဠိ - ၂၂

http://www.dhammadownload.com

မှတ်ချက်။ လူသားဖြစ်လျှင် လူဘဝနှင့် သင့်လျော်အောင် ဘာသာပြန်တတ်ဖို့ လိုလိမ့်မည်။ ဘာသာပြန်ပုံကို ပုံသေမှတ်မထားသင့်။

၁၂။ သူတစ်ပါးပြောပြ၍ တစ်ဆင့်ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရာ၌ လာဘာဝတဝါကျတွင် ''လာဘာကိရမေ၊ သုလဒ္ဓံ ကိရမေ'' ဟု ကိရပုဒ်ကို ဝတပုဒ်နေရာ၌ အစားထိုးရေးရုံသာထူး၏။ အလာဘာဝတဝါကျတွင်လည်း ''အလာဘာကိရ'' ဟု ကိရပုဒ်ကို အစားထိုးရုံသာထူး၏။

၁၃။ မြန်မာပြန်သောအခါ ''လာဘာကိရ – အရတော်သတတ်၊ အရတော်သတဲ့'' ဟု မြန်မာပြန်ရ၏။

ပုံစံ။ လာဘာကိရမေ၊ သုလဒ္ဓံ ကိရမေ၊ ဗဟုံ ကိရ မယာပုညံ ပသုတံ သဂ္ဂါကိရမေ အာရဒ္ဓါ။*

မြန်မာ။ ငါသည် အရတော်သတတ်၊ ငါသည် ကောင်းစွာရအပ်သတတ်၊ ငါသည် များစွာသော ကုသိုလ်ကောင်းမှုကို ဆည်းပူးအပ်သတတ်၊ ငါသည် နတ်ပြည်၌ဖြစ်စေတတ်သော ကောင်းမှုကို အားထုတ်အပ်သတတ်။

ပထမနှေ့

၁။ လာဘာဝတမေ၊ သုလဒ္ဓံ ဝတမေ၊ ယောဟံ ပုပ္ပေနဝါ ပဒီပေနဝါ စေတိယံ ပူဇေမိ။

၂။ ဘုရားရှင် ဟောပြောတော်မူအပ်သော သာသနာတော်၌ မိမိရင်၌ဖြစ်သော သားကို ရှင်ပြုစေခဲ့သောငါသည် အရတော်စွတကား၊ ကောင်းစွာရအပ်လေစွတကား။

၃။ မနေ့က ပြစ်မှားလိုသောစိတ်ဖြင့် ရဟန်းတစ်ပါးကို ဆဲခဲ့သောငါသည် အရမတော်စွတကား၊ ကောင်းစွာ မရပ်အပ်ပေစွတကား။

---

* ဝိနယမဟာဝဂ္ဂပါဠိ - ၃၁၈

http://www.dhammadownload.com

ဒုတိယနေ့

၁။ အလာဘာဝတ မေ၊ နဝတ မေလာဘာ၊ နလ္လဒ္ဓံ ဝတမေ၊ နဝတမေ သုလဒ္ဓံ၊ ယောဟံ ကုပိတော အနတ္တမနော ကေ၀ ဘိက္ခုံ ဟတ္ထေန ပဟာရာမိ။

၂။ အိုမင်းနေသော အရွယ်လွန်နေသော ကျေးဇူးကြီးများလှသောမိခင်ကို လုပ်ကျွေးနေရသော ငါသည် အရတော်စွတကား၊ ကောင်းစွာရအပ်လေစွတကား။

၃။ ရခဲသော လူ့အဖြစ်ကိုရ၍ ဘုရားရှင်ဟောတော်မူအပ်သော သာသနာတော်၌ ရဟန်းမပြုခဲ့သောငါသည် ရှင်ရဟန်းအဖြစ်ကို မရလေစွတကား၊ လူအဖြစ်ကို အရမတော်စွတကား၊ လူအဖြစ်ကို မကောင်းသဖြင့် ရအပ်ပေစွတကား။ လူအဖြစ်ကို ကောင်းစွာရခြင်းမဟုတ်လေစွတကား။

တတိယနေ့

၁။ လာဘာကိရမေ၊ သုလဒ္ဓံ ကိရမေ၊ ဗဟုံကိရမယာ ပုညံ ပသုတံ၊ သဂ္ဂါကိရမေ အာရဒ္ဓါ။ ယောဟံ ဓမ္မေန သမေန ကမ္မံ ကတွာ ပုတ္တ ဥေ၀ ဒါရဥ္စ ပေါသာမိ။

၂။ လူဖြစ်ပါလျက် ဒါနစသော ကောင်းမှုတို့ကို မပြုလုပ်ဘဲ ကာမဂုဏ်ငါးပါးတို့ကို ခံစားလျက် မေ့လျော့သည်ဖြစ်၍ နေထိုင်ခဲ့သောငါသည် အရမတော်စွတကား၊ လူအဖြစ်ကို မကောင်းသဖြင့် ရအပ်လေစွတကား၊ လူအဖြစ်ကို ကောင်းစွာရခြင်းမဟုတ်လေစွတကား။

၃။ ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်လျက် လူအများ၏အကျိုးစီးပွားအလို့ငှာ လူအများ၏ ချမ်းသာခြင်းအကျိုးငှာ လုပ်သင့်သော ကောင်းမှုကို ပြုလုပ်လျက်လည်းကောင်း၊ နေ့တိုင်းနေ့တိုင်း ကမ္မဋ္ဌာန်းကို ပွားများလျက်လည်းကောင်း နေထိုင်သူသည် အရတော်သတတ်၊ ကောင်းစွာရအပ်သတတ်၊ များစွာသော ကောင်းမှုကို ဆည်းပူးအပ်သတတ်၊ သုဂတိဘုံသို့ သွားရောက်ရန် ကြိုးစားအပ်သတတ်။

http://www.dhammadownload.com

စတုတ္ထနေ့

၁။ အလာဘာဝတမေ၊ နဝတမေလာဘာ၊ ဒုလ္လဒ္ဓံဝတမေ၊ နဝတမေ သုလဒ္ဓံ၊ ယသ မေ အနဘိရတိ ဥပ္ပန္နာ၊ ရာဂေါစိတ္တံအနုဒ္ဓံသေတိ။

၂။ မိမိ၏ ထင်မြင်ချက်ဖြင့် သီလကို မြတ်နိုးကုန်သော အခြားရဟန်းတို့ကို အထင်သေးသောငါသည် စျာန်စသော ဂုဏ်ကျေးဇူးတရားတော်ကို မရလေစွတကား၊ ရှင်ရဟန်းအဖြစ်ကို အရမတော်လေစွတကား၊ သာသနာတော်ကို မကောင်းသဖြင့် ရအပ်ပေစွတကား၊ သာသနာတော်ကို ကောင်းစွာရခြင်းမဟုတ်လေစွတကား။

မှတ်ချက်။ ပဋိဘာန – ထင်မြင်ချက်။ အတိမညတိ၊ **အဝမညတိ အထင်သေး၏**။

၃။ အိုမင်းနေသော အရွယ်လွန်ကုန်သော မိဘတို့ကို စွန့်ပစ်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့်သာ မွေ့လျော်နေခဲ့သော ငါသည် ကုသိုလ်ကောင်းမှုတို့ကို မရလေစွတကား၊ လူအဖြစ်ကို အရမတော်စွတကား၊ လူအဖြစ်ကို မကောင်းသဖြင့် ရအပ်လေစွတကား၊ လူအဖြစ်ကို ကောင်းစွာရခြင်းမဟုတ်လေစွတကား။

အမှတ် (၂၄) သင်ခန်းစာ
တုမှ၊ အမှ သဒ္ဒါဝါကျရေးနည်း

၁။ ပါဠိသဒ္ဒါ၌ တုမှ၊ အမှသဒ္ဒါကို ဝေါပြု၊ တေ–ပြုလျက်လည်းကောင်း၊ အမှ–သဒ္ဒါကို နော–ပြု၊ မေ–ပြုလျက်လည်းကောင်း ပါဠိတွင် အသုံးပြုသောအခါ ရေးချင်သလိုရေးခွင့်မရှိဘဲ စည်းကမ်းနှင့်အညီ ရေးသားရန် သတ်မှတ်ချက်များ ရှိကြ၏။

http://www.dhammadownload.com

၂။ ပါဠိသဒ္ဒါကျမ်းများ၌ ပထမာ၊ ဒုတိယာ၊ တတိယာ၊ စတုတ္ထီ၊ ဆဋ္ဌီဗဟု ဝုစ်ဝိဘာတ်တို့နှင့်တကွ တုမှ-သဒ္ဒါကို ဝေါ-ပြု၍၊ အမှ-သဒ္ဒါကို နော ပြုရ၏၊ ယင်း ဝေါ၊ နော-ပုဒ်တို့ကို ပါဠိဝါကျတွင် ဝါကျ၏ အစ၌ မထားရ၊ အနည်းဆုံး တစ်ပုဒ်နောင်ထားရ၏၊ ဝါကျထဲတွင် နိပါတ်ပုဒ်ပါလျှင် နိပါတ်ပုဒ်နောင် ထားရ၏။

မှတ်ချက်။ ။ ဝေါနော-ပုဒ်တို့ကို နှစ်ပုဒ်နောင်၊ သုံးပုဒ်နောင်စသည်တို့၌လည်း ထားနိုင်၏။

ပထမာ ဗဟုဝုစ် ဝိဘာတ်ပုံစံများ

(က) ဂါမံ ဝေါ ဂစ္ဆေယျာထ။[၁]

မြန်မာ။ သင်တို့သည် ရွာသို့ သွားကြလော။

(ခ) တေနဟိ ဝေါ ကုမာရာ နိသီဒထ။[၂]

မြန်မာ။ ထိုသို့ဖြစ်လျှင် မင်းသားတို့ သင်တို့သည် ထိုင်ကြလော။

(ဂ) ဂါမံ နော ဂစ္ဆေယျာမ။[၃]

မြန်မာ။ ငါတို့သည် ရွာသို့ သွားကြရာ၏။

(ဃ) ယဥ္စ နော အပုစ္ဆိမှာ။[၄]

မြန်မာ။ ငါတို့သည် အကြောင်အကြောင်းအရာကိုလည်း မေးခဲ့ကြပြီ။

ဒုတိယာဗဟုဝုစ်ဝိဘာတ်ပုံစံများ

(က) ပဟာယ ဝေါ ဘိက္ခဝေ ဂမိဿာမိ။[၅]

မြန်မာ။ ရဟန်းတို့၊ သင်တို့ကိုစွန့်၍ သွားရတော့အံ့။

(ခ) မာ နော အဇ္ဇ ဝိကာလိံသု။[၆]

၁။ ဆဋ္ဌမူ ကစ္စည်းသဒ္ဒါကြီးပါဠိ-၉၇
၂။ ဝိနယမဟာဝဂ္ဂပါဠိ - ၃၁
၃။ ဆဋ္ဌမူ ကစ္စည်းသဒ္ဒါကြီးပါဠိ-၉၇
၄။ သုတ်မဟာဝါပါဠိ - ၂၂၇
၅။ ဆဋ္ဌမူကစ္စည်းသဒ္ဒါကြီးပါဠိ - ၉၅
၆။ ဆဋ္ဌမူကစ္စည်းသဒ္ဒါကြီးပါဠိ - ၉၅

http://www.dhammadownload.com

မြန်မာ။ ယနေ့ ငါတို့ကို မခုတ်ဖြတ်ပါစေကုန်လင့်။

(ဂ) ဘတော ဝါ နော ဘရိဿတိ။[၁]

မြန်မာ။ ငါတို့ မွေးမြူထားသော သားသမီးသည် ငါတို့ကိုပြန်၍ လုပ်ကျွေးမွေးမြူလိမ့်မည်။

တတိယာဗဟုဝုစ်ဝိဘတ်ပုံစံများ

(က) ကတံ ဝေါ ကမ္မံ။[၂]

မြန်မာ။ သင်တို့သည် အလုပ်ကို ပြုလုပ်အပ်ပြီ။

(ခ) ဇေဝဟိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗံ။[၃]

မြန်မာ။ အာနန္ဒာ၊ သင်တို့သည် ဤသို့သာ ကျင့်သုံးရမည်။

(ဂ) တေ ဝေါ ဘိက္ခဝေ စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာ သမာဒါပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ။[၄]

မြန်မာ။ ရဟန်းတို့၊ သင်တို့သည် မိမိစကားကို နာယူလိမ့်မည်ဟု မှတ်ထင်ရသော ထိုမိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို သတိပဋ္ဌာန်လေးပါးတို့ကို ပွားများရန် ဆောက်တည်စေအပ်ကုန်၏။ သွင်းထားအပ်ကုန်၏။ တည်စေအပ်ကုန်၏။

(ဃ) တာနိ ဝေါ ပဋိဇ္ဈိတဗ္ဗာနိ။[၅]

မြန်မာ။ ရဟန်းတို့၊ သင်တို့သည် ထိုအနာဂတ်ဘေးငါးမျိုးတို့ကို သိထားအပ်ကုန်၏။

(င) ကတံ နော ကမ္မံ။*

မြန်မာ။ ငါတို့သည် အလုပ်ကို ပြုလုပ်အပ်ပြီ။

၁။ အဂုတ္တရပါဠိ (ဒုတိယတွဲ) ၃၇
၂။ ဆဋ္ဌမုကစ္စည်းသဒ္ဒါကြီးပါဠိ - ၉၇
၃။ အဂုတ္တရပါဠိ (ဒုတိယတွဲ) ၁၉၂
၄။ သံယုတ္တပါဠိ (တတိယတွဲ) ၁၆၅
၅။ အဂုတ္တရပါဠိ (ဒုတိယတွဲ) ၉၃

http://www.dhammadownload.com

(စ) သက္ကောစ နော ဒေဝါနမိန္ဒော ဒိဇ္ဇော။[၁]

မြန်မာ။ ငါတို့သည် နတ်တို့ကို အစိုးရသော သိကြားမင်းကိုလည်း တွေ့မြင်အပ်ပြီ။

(ဆ) ဒိဠ္ဠ စ နော ဘန္တေ သုတံ စ သုယျိဿတိစ။[၂]

မြန်မာ။ မြတ်စွာဘုရား၊ တပည့်တော်တို့သည် မြင်လည်းမြင်အပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ၊ ကြားလည်း ကြားအပ်လတ္တံ့။

စတုတ္ထိဗဟုဝုစ်ဝိဘတ်ပုံစံများ

(က) မမံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ။*

မြန်မာ။ သင်တို့အား တရားတော်ကို ဟောတော်မူမည်။

(ခ) အသပ္ပုရိဆ္ဆ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သပ္ပုရိသဿ။[၃]

မြန်မာ။ ရဟန်းတို့၊ သင်တို့အား လူယုတ်ကိုလည်းကောင်း၊ သူတော်ကောင်းကိုလည်းကောင်း ဟောပေအံ့။

(ဂ) သံဝိဘဇေထ နော ရဇ္ဇေန။

မြန်မာ။ ကျွန်ုပ်တို့အား တိုင်းပြည်ဖြင့် ဝေပေးပါကုန်။

ဆဋ္ဌိဗဟုဝုစ်ဝိဘတ်ပုံစံများ

(က) တုဒ္ဒောသ္မိ ဝေါ ဘိက္ခဝေ ပကတိယာ။*

မြန်မာ။ ရဟန်းတို့၊ သင်တို့၏ ပင်ကိုအားဖြင့် အားရတော်မူ၏။

(ခ) ကိစ္စံ ဝါ နော ကရိဿတိ။[၄]

မြန်မာ။ ငါတို့၏ ကိစ္စကိုလည်း ပြုလုပ်လိမ့်မည်။

(ဂ) သတ္ထာ နော ဘဂဝါ အနုပ္ပတ္တော။*

၁။ သုတ်မဟာဝါပါဠို - ၂၂၇ ၃။ သံယုတ်ပါဠို (တ) ၁၆
၂။ အင်္ဂုတ္တရပါဠို (ဒုတိယတွဲ) ၁၈၄ ၄။ အင်္ဂုတ္တရပါဠို (ဒု) ၄၂
* ဆဋ္ဌမုကစ္စည်းသဒ္ဒါကြီးပါဠို

http://www.dhammadownload.com

မြန်မာ။ ငါတို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင်သည် ကြွရောက်တော်မူလာပြီ။

၃။ တတိယာ၊ စတုတ္ထီ၊ ဆဋ္ဌီကေဝုစ်ဝိဘတ်များနှင့်တကွ တုမှ–သဒ္ဒါကို တေ–ပြု၍၊ အမှ–သဒ္ဒါကို မေ–ပြုရ၏။ ယင်းတေ။ မေ–ပုဒ်တို့ကို ပါဠိသဒ္ဒါစည်းကမ်းအရ ဝါကျ၏အစ၌ မထားရ၊ အနည်းဆုံး တစ်ပုဒ်နောင် ထားရ၏။ ဝါကျထဲတွင် နိပါတ်ပုဒ်များပါလျှင် ယင်းနိပါတ်ပုဒ်နောင် ထားရ၏။

တတိယာကေဝုစ်ဝိဘတ်ပုံစံများ

(က) ကတံ တေ ပါပံ။*

(ခ) ဇဝံဟိ တေ ရာဟုလ သိက္ခိတဗ္ဗံ။[၁]

မြန်မာ။ ရာဟုလာ၊ သင်သည် ဤအတိုင်းသာ ကျင့်ရမည်။

(ဂ) ကတံ မေ ပါပံ။*

(ဃ) ဣမံဟိ မေ ဘန္တေ ဓမ္မပရိယာယံ သုတွာသောကသလ္လံပဟီနံ။[၂]

မြန်မာ။ အရှင်ဘုရား၊ ကျွန်ုပ်သည် ဤတရားတော်ကို ကြားနာရ၍ သောကငြောင့်ကို ပယ်နုတ်ပြီးပါပြီ။

စတုတ္ထီကေဝုစ်ဝိဘတ်ပုံစံများ

(က) ဒဒါမိ တေ ဂါမဝရာနိ ပဉ္စ။*

မြန်မာ။ သင့်အား ငါးပါးသော ရွာစားဆုတို့ကို ပေး၏။

(ခ) အာမန္တယာမိ တေ မဟာရာဇ။

မြန်မာ။ မင်းမြတ်၊ သင့်အား သိစေပါ၏။

(ဂ) ဒဒါဟိ မေ ဂါမဝရံ။*

၁။ မဇ္ဈိမပဏ္ဏာသပါဠိ - ၈၃ * ဆဋ္ဌမုကစ္စည်းသဒ္ဒါကြီးပါဠိ

၂။ အင်္ဂုတ္တရပါဠိ (၃) ၅၅

http://www.dhammadownload.com

မြန်မာ။ ကျွန်တော်အား ရွာစားဆုကို ပေးတော်မူပါ။

(ဃ) အထ မေ အာရောစေယျာသိ။[၁]

မြန်မာ။ ထိုအခါ ငါ့အား ပြောပြပါလော။

ဆဋ္ဌီကေဝုစ်ဝိဘတ်ပုံစံများ

(က) ကွဒံ တေ ရဋ္ဌံ။*

မြန်မာ။ ဤနိုင်ငံတော်သည် အရှင်မင်းမြတ်၏ နိုင်ငံတော်ပါတည်း။

(ခ) ကွဒံ တေ ပတ္တစီဝရံ ဘဝိဿတိ။[၂]

မြန်မာ။ ဤသပိတ်သင်္ကန်းသည် သင်၏ သပိတ်သင်္ကန်းဖြစ်လိမ့်မည်။

(ဂ) အယံ မေ ပုတ္တော။*

မြန်မာ။ ဤသူသည် ငါ၏သားပါတည်း။

(ဃ) ကွဓ မေ ပတ္တေ အာကိရ။[၃]

မြန်မာ။ ငါ၏ ဤသပိတ်၌ လောင်းထည့်ပါလော။

ပထမနေ့

၁။ ခေတ္တံ ဝေါ ကသထ။

၂။ ငါတို့သည် မြစ်သို့ သွားကြစို့။

၃။ ချစ်သားတို့၊ ငါတို့သည် သင်တို့ကို အိမ်၌ထားခဲ့ပြီး လယ်သို့ သွားကြမည်။

၄။ အရှင်ဘုရားတို့သည် တပည့်တော်တို့အား တရားကို ဟောပြကြလော။

၅။ ဤသူမသည် ငါ၏ သမီးပါတည်း။

၁။ ပါရာဇိကပါဠို - ၂၀ ၂။ ပါရာဇိကပါဠို - ၁၇

၂။ ပါရာဇိကပါဠို - ၈၇

http://www.dhammadownload.com

ဒုတိယနေ့

၁။ ပါပါနိ တေ ကတာနိ။

၂။ လယ်သမားတို့သည် ငါတို့၏ နွားကို ဝယ်ကြ၏။

၃။ အရှင်ဘုရားသည် တပည့်တော်အား ဖိနပ်ကို လှူပါ။

၄။ သားသည် ငါတို့ကို စွန့်ထားခဲ့ပြီး မယား၏ အိမ်သို့ လိုက်သွား၏။

တတိယနေ့

၁။ ကိ နုခေါ ဝေါ အကုသလံ ကရောထ။

၂။ အမေသည် ငါတို့အား အဝတ်တို့ကို ပေးလျှင် ကောင်းမှာပဲ။

၃။ သင်သည် ငှဲ့အား ဆုကို ပေးဖူးပါသလား။

၄။ သင်တောင်မှ ငှဲ့အား ရွှေကိုပေးနိုင်သေးတာပဲ၊ ငါက အဘယ်ကြောင့် သင့်အား မပေးနိုင်ဘဲ ရှိပါအံ့နည်း။

အမှတ် (၂၇) သင်ခန်းစာ
အလံသဒ္ဒါဝါကျရေးနည်း

၁။ အလံ သဒ္ဒါသည် တားမြစ်ခြင်းအနက်၊ စွမ်းနိုင်ခြင်းအနက်၊ သင့်လျော်ခြင်းအနက်၊ တန်ဆာဆင်ခြင်းအနက်တို့၌ ဖြစ်၏။

၂။ အလံ သဒ္ဒါကို ဝါကျ၏အစ၌ ထားရ၏။

၃။ တားမြစ်ခြင်းအနက်ရှိသော အလံသဒ္ဒါကို ''မသင့်၊ တော်ပြီ'' စသည်ဖြင့် သင့်လျော်သလို မြန်မာပြန်ရ၏။ စွမ်းနိုင်ခြင်းအနက်ရှိသော အလံသဒ္ဒါကို ''စွမ်းနိုင်၏'' ဟု မြန်မာပြန်၏။ သင့်လျော်ခြင်းအနက်ရှိသော အလံသဒ္ဒါကို ''သင့်လျော်ခြင်း၊ ထိုက်တန်ခြင်း'' ဟု မြန်မာပြန်ရ၏။ တန်ဆာဆင်ခြင်းအနက်ရှိသော အလံသဒ္ဒါကို ''ဆင်ယင်အပ်သော တန်ဆာရှိသူ'' စသည်ဖြင့် မြန်မာပြန်ရ၏။

http://www.dhammadownload.com

တားမြစ်ခြင်းအနက်ရှိသော အလံသဒ္ဒါပုံစံ

(က) အလံ အာဝုသော သုဘဒ္ဒ၊ မာ တထာဂတံ ဝိဟေဌေသိ။ ကိလန္တော ဘဂဝါ။[၁]

မြန်မာ။ ငါ့ရှင် သုဘဒ္ဒ၊ ခွင့်မပြုနိုင်ပါ၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါနှင့်၊ မြတ်စွာဘုရား ပင်ပန်းတော်မူနေ၏။

(ခ) အလံ အာနန္ဒ မာ သုဘဒ္ဒံ ဝါရေသိ။[၂]

မြန်မာ။ အာနန္ဒာ၊ တားမြစ်ရန်မသင့်၊ သုဘဒ္ဒကို မတားမြစ်ပါနှင့်။

(ဂ) အလံ အာနန္ဒ မာသောစိ၊ မာ ပရိဒေဝိ။[၃]

(ဃ) အလံ မောဂ္ဂလာန မာ တေ ရုစိ ပထဝိ ပရိဝတ္တေတုံ။[၄]

မြန်မာ။ မောဂ္ဂလာန်၊ မသင့်လျော်ပေ၊ မြေကြီးကို လှုန်ရုန် သင် မနှစ်သက်နှင့်။

စွမ်းနိုင်ခြင်းအနက်ရှိသော အလံသဒ္ဒါပုံစံ

(က) အလဉ္စဒါနိ ဟောတိ မာတုဂါမံ ဒဋ္ဌုလ္လာဟိဝါစာဟိ သြဘာသိတုံ။[၅]

မြန်မာ။ မာတုဂါမကို ရုန့်ရင်းကြမ်းတမ်းသောစကားတို့ဖြင့် ယုတ်ယုတ်မာမာ ပြောဆိုခြင်းငှာ စွမ်းနိုင်၏။

(ခ) တသ္မာ တိဟ ကုမာရိယော ဇဝံ သိက္ခိတဗ္ဗံ။ ယေ တေ ဘတ္တုံ အပ္ပန္နရောကမ္မန္တာ 'ဥဏ္ဏာ' တိ ဝါ၊ 'ကပ္ပါ' တိဝါ၊ တတ္ထ-ဒက္ခာ ဘဝိဿာမ အနလသာ တတြုပါယာယ ဝိမံသာယ သမန္နာ ဂတာ အလံ ကာတုံ၊ အလံ သံဝိဓာတု ''နွှဲ''။[၆]

၁။ သုတ်မဟာဝါပါဠို - ၁၂၄
၂။ သုတ်မဟာဝါပါဠို - ၁၂၄
၃။ သုတ်မဟာဝါပါဠို - ၁၁၉
၄။ ပါရာဇိကပါဠို - ၈
၅။ ပါရာဇိကပါဠို - ၂၉၁
၆။ အင်္ဂုတ္တရပါဠို (၃) ၃၂

http://www.dhammadownload.com

မြန်မာ။ သတို့သမီးတို့၊ ထို့ကြောင့် ဤလောကၦ ဤသို့လည်း ကျင့်ကြရမည်။ ''လင်ယောကျ်ား၏ သိုးမွေးဝါဂွမ်းဟူသောအိမ်တွင်းမှ လုပ်ငန်းတို့ၦ ကျွမ်းကျင်၍ မပျင်းရိဘဲ ထိုအိမ်တွင်းမှလုပ်ငန်းၦ အကြောင်းဥပါယ်ဖြစ်သော စူးစမ်းမှုပညာနှင့် ပြည့်စုံလျက် ကိုယ်တိုင်ပြုလုပ်ရန် စီမံခန့်ခွဲရန် စွမ်းနိုင်သူများ ဖြစ်ကြရမည်'' ဟု ကျင့်သုံးကြရမည်။

သင့်လျော်ခြင်းအနက်ရှိသော အလံသဒ္ဒါပုံစံ

(က) ဇရာမရဏသ စေ ဘိက္ခု နိပ္ပိဒါယ ဝိရာဂါယ နိရောဓါယ ဓမ္မံ ဒေသေတိ၊ ''ဓမ္မကထိကော ဘိက္ခု'' တိ အလံ ဝစနာယ။[၁]

မြန်မာ။ ရဟန်း၊ အိုမှု၊ သေမှုကို ငြီးငွေ့ရန်၊ တပ်မက်မှုကင်းရန်ချုပ်ငြိမ်းရန် အကယ်၍ တရားဟောခဲ့လျှင် ''တရားဟောသူ ဓမ္မကထိကရဟန်း'' ဟူ၍ ပြောဆိုရန် သင့်လျော်၏။

(ခ) အလံ ဟိ သုမနေ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ။[၂]

မြန်မာ။ သုမနာ၊ အလှူဒါနတို့ကို ပေးလှူရန် သင့်လျော်လှသည်သာတည်း၊ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရန် သင့်လျော်လှသည်သာတည်း။

တန်ဆာဆင်ခြင်းအနက်ရှိသော အလံသဒ္ဒါပုံစံ

တေန ဟိ ဝဓု ယေန အလင်္ကာရေန အလင်္ကတာ ပုတ္တသ မေ သုဒိန္နသ ပိယာ အဟောသိမနာပါ၊ တေန အလင်္ကာရေန အလင်္ကရ။[၃]

မြန်မာ။ ချွေးမ၊ ငါတို့က်တွန်းပါ၏။ ငါသား သုဒိန် ချစ်ခင်နှစ်သက်သော အဝတ်တန်ဆာဖြင့် တန်ဆာဆင်ပါလော့။

၁။ သံယုတ္တပါဠိ (ပ) ၂၅၈ ၃။ ပါရာဇိကပါဠိ - ၁၉
၂။ အင်္ဂုတ္တရပါဠိ (၃) ၂၈

http://www.dhammadownload.com

မှတ်ချက်။ အလက်ာရေန၊ အလက််တာ၊ အလက်ရ–ပုဒ်တို့ကို အလံ–သဒ္ဒါ ဟု ဆိုလိုပါသည်။

ပထမနေ့

၁။ အလံ သုဘဒ္ဒ တိဋ္ဌတေတံ။

၂။ ချစ်သား။ မသင့်လျော်ဘူး၊ သင်သည် ငါ့ကို ဤသို့မပြောပါနှင့်။

၃။ ငါသည် လူ့ဘောင်ကိုစွန့်ခွာ၍ ရဟန်းပြုရန် စွမ်းနိုင်၏။

၄။ လူအားလုံးသည် မဟာမြတ်မုနိရုပ်ပွားတော်ကို ဖူးမြင်ရန် မန္တလေးမြို့သို့ သွားရန် သင့်လျော်လှ၏။

၅။ သမီး၊ သင်သည် မိမိကိုယ်ကို နှစ်သက်မြတ်နိုးဖွယ်သော အဝတ်တန်ဆာဖြင့် တန်ဆာဆင်ပါလော့။

ဒုတိယနေ့

၁။ အလံ မနုဿော မနုဿဘူတော သမာနော အဒန္တံ ဖရုသံ လာမကံ အတ္တာနော စိတ္တံ ဒမေတွာ တထာဂတပ္ပဝေဒိတော ဓမ္မဝိနယေ သဒ္ဓံ ပဋိလဘိတုံ။

၂။ သမီး၊ မသင့်ဘူး၊ မိန်းမဆိုတာ ယောကျ်ား၏ အနောင်အဖွဲ့ဖြစ်တယ်၊ ဒါ့ကြောင့် အသက်ဟူသော အကြောင်းကြောင့်ပင် မိန်းမဟာ မိမိ၏ လင်ယောကျ်ားကို ဆင်းရဲအောင် စိတ်မကောင်းအောင် မပြုလုပ်သင့်ဘူး။

၃။ ရဟန်းတော်အားလုံးသည် လူတို့နှင့်လည်းကောင်း၊ ကာမဂုဏ်တို့နှင့်လည်းကောင်း မရောနှောဘဲ သီးခြားနေရန် သင့်လျော်လှ၏။

၄။ လူသည် ကုသိုလ်၊ အကုသိုလ်ကိုခွဲခြား၍ သိနိုင်ရန်စွမ်းနိုင်၏။

http://www.dhammadownload.com

အမှတ် (၂၈) သင်ခန်းစာ
မည်ဝါကျရေးနည်း

၁။ နှင့်လိုအကောင်ကို 'ထင်းတုံးလောက်ထင်သည်' စသည်ဖြင့် မလေးမစား ပြောဆိုအပ်သော အနာဒရဝါကျမျိုးဌ ကြိယာပုဒ်ကို မည်ပုဒ်ဖြင့် ရေးရ၏။

၂။ (က) မန–ဓာတ် (မည်) ၏ ယှဉ်ရာဝါကျဖြစ်ခြင်း၊

(ခ) မလေးမစားပြောဆိုခြင်း၊

(ဂ) သက်ရှိသတ္တဝါမဟုတ်ခြင်း၊

ဤအင်္ဂါသုံးပါးနှင့် ညီညွတ်လျှင် နှိုင်းယှဉ်အပ်သော သက်မဲ့နာမ်ပုဒ်ကို စတုတ္ထိဝိဘတ်ဖြင့် ရေးရ၏။

၃။ ယင်းစတုတ္ထိဝိဘတ်သက်ထားသော သက်မဲ့နာမ်ပုဒ်ကို ''ထင်းတုံးလောက်၊ ထင်းတုံးလို'' စသည်ဖြင့် မြန်မာပြန်ရ၏။ ထင်းတုံးအား–ဟု မြန်မာမပြန်ရ။

ပုံစံ။ (က) အဟံ ကဋ္ဌဿ တုဝံ မညေ။

မြန်မာ။ ငါသည် နှင့်ကို ထင်းတုံးလို မှတ်ထင်၏။

(ခ) အဟံ ကလိင်္ဂရဿ တုဝံ မညေ။

မြန်မာ။ ငါသည် နှင့်ကို ထင်းပုပ်၊ ထင်းဆွေးလို မှတ်ထင်၏။

မှတ်ချက်။ တိ၊ မိ၊ တု၊ မိ၊ ယျ၊ ယျာသိ၊ ယျာမိ၊ ယျံ ဟူသော ဝိဘတ်ရှစ်လုံးကို ပြေ့ရသောကြောင့် မညတိ၊ မညာမိ စသည်ဖြင့်လည်း ကြိယာပုဒ်ကို ရေးနိုင်၏။

၄။ နှင့်လိုအကောင်ကို ''ခွေးလိုမှတ်သည်'' စသည်ဖြင့် သက်ရှိ သတ္တဝါဖြင့် နှိုင်းယှဉ်ပြောဆိုရာ၌ ''သုနခံ'' စသည်ဖြင့် နှိုင်းယှဉ်အပ်သော နာမ်ပုဒ်ကို ဒုတိယဝိဘတ်ဖြင့်ရေးရ၏။

http://www.dhammadownload.com

ပုံစံ။ အဟံ ဂဒြဘံ တုဝံ မညေ။

မြန်မာ။ ငါသည် နင့်ကို မြည်းသတ္တဝါလောက် မှတ်ထင်၏။

ပထမနေ့

၁။ ဇိဝိတံ တိဏာယပိ န မညမာနော။

၂။ ငါသည် နင့်ကို ငှက်ပျောပင်လို မှတ်ထင်၏။

၃။ ငါသည် နင့်ကို နွားလို မှတ်ထင်၏။

ဒုတိယနေ့

၁။ အဟံ တုဝံ ရဇဿ မညေ။

၂။ ငါသည် နင့်ကို သစ်ရွက်လို မှတ်ထင်၏။

၃။ ငါသည် နင့်ကို ကျီးကန်းလို မှတ်ထင်၏။

အမှတ် (၂၉) သင်ခန်းစာ
တထာဟိဝါကျရေးနည်း

၁။ ရှေ့ဝါကျ၌ ပြောဆိုခဲ့သောစကားကို ခိုင်မာအောင် အသင့်ယုတ္တိဖြင့် ရှင်းပြသောစကားရပ်နှင့် ဘုရားရှင်စသော ပညာရှိများ၏ အဆိုအမိန့်ကို ကိုးကားလျက် ရှင်းပြသောဝါကျကို တထာဟိ – ပုဒ်ဖြင့် ရေးရ၏။

၂။ လောကသဘာဝ အသင့်ယုတ္တိအားဖြင့် ရှင်းပြသောဝါကျကို ယုတ္တိဒဋ္ဌိကရဏဝါကျခေါ်၏။ အကိုးအကားသာဓကပြလျက် ရှင်းပြသောဝါကျကို အာဂမဒဋ္ဌိကရဏဝါကျခေါ်၏။

၃။ တထာဟိ–ပုဒ်ကို ဝါကျအစ၌ ထားရ၏။

၄။ ယုတ္တိဒဋ္ဌိကရဏဝါကျ၌ တထာဟိ–ပုဒ်ကို ''ထိုစကားမှန်၏'' ဟု မြန်မာပြန်ရ၏။ အာဂမဒဋ္ဌိကရဏဝါကျ၌ ''ထို့ကြောင့်ပင်'' ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

မှတ်ချက် ။ တထာဟိ–ပုဒ်ကို ဉာပကဟေတုဝါကျ၊ ဝိတ္ထာရဝါကျ၊ ဒဋ္ဌိကရဏဝါကျတို့၌ သုံးစွဲရေးသားရသော်လည်း ဤနေရာ၌ ဒဋ္ဌိကရဏဝါကျအတွက်သာ ရည်ရွယ်၍ ရေးခဲ့ပါသည်။

ပုံစံ ။ (က) သတိသူရဘာဝ ဗြဟ္မစရိယယောဂျတာဒိဂုဏောဟိ ဥက္ကဋ္ဌ မနတာယ မနော ဥဿန္နံ ဇတေသန္တိ မနုဿာ။

တထာဟိ ပရမသတိနေပက္ကာဒိပဂတာ ဗုဒ္ဓါဒယောပိ မနုဿ ဘူတာယေဝ။*

မြန်မာ ။ သတိကောင်းခြင်း၊ ရဲရင့်ခြင်း၊ မြင့်မြတ်သောအကျင့်ကို ကျင့်သုံးရန် အသင့်လျော်ဆုံးဖြစ်ခြင်း စသော ဂုဏ်တို့ဖြင့် မြင့်မြတ်ထက်မြက်သော စိတ်ဓာတ်ရှိသောကြောင့် မနုဿ (လူ) **ခေါ်ဏ်**။ ထိုစကားမှန်၏။ သတိလွန်စွာရင့်ကျက်တော်မူကြသောဘုရား (စသော) ပစ္စေကဗုဒ္ဓါ၊ သာဝကများသည်လည်း (မနုဿ) လူသားများသာဖြစ်ကြ၏။

(ခ) သိလယတိ ဉပဓာရေတီတိ သီလံ၊ ဉပဓာရဏံ ပနေတ္ထ ကုသလာနံ အဓိဋ္ဌာနဘာဝေါ၊ တထာဟိ ဝုတ္တံ ''သီလေ ပတိဋ္ဌာယ'' တျာဒိ။ *

မြန်မာ ။ ကပ်၍ဆောင်ထားသောကြောင့် သီလခေါ်၏။ ဆက်လက်ရှင်းပြပါအံ့၊ ဤ 'ဉပဓာရေတိ' ဟူသောစကားရပ်၌ ကပ်၍ ဆောင်ခြင်းဟူသည် ကုသိုလ်တရားများ၏ တည်ရာပင်ဖြစ်၏။ ထို့ကြောင့်ပင် 'သီလေ ပတိဋ္ဌာယ' စသော စကားရပ်ကို ဘုရားရှင်မိန့်ကြားတော်မူခဲ့၏။

မှတ်ချက်။ တထာဟိပုဒ်ဖြင့် ဝိတ္ထာရဝါကျ၊ ဒဋ္ဌိကရဏဝါကျ၊ ဉာပကဟေတုဝါကျ သုံးမျိုးကို ညွှန်ပြပါသည်။ ဤကျမ်းစာ၌ ဒဋ္ဌိကရဏဝါကျတစ်မျိုး အတွက်သာ ပုံစံထုတ်ခဲ့ပါသည်။

---

* ဋီကာကျော် ၁၆၂ ။ * ဋီကာကျော် ၁၇၆ ။

http://www.dhammadownload.com

ပထမနေ့

၁။ တတ္ထ ရတနတ္တယပဏာမပွယောဇနံ တာဝ ဗဟုဓာ ပပဉ္စေန္တိ အာစရိယာ၊ ဝိသေသတော ပန အန္တရာယနိဝါရဏံ ပစ္စာသီသန္တိ။ တထာဟိ ဝုတ္တံ – သင်္ဂီဟကာရေဟိ ''တဿာနုဘာဝေန – ဟတန္တရာယော'' တိ။

၂။ လူ၏အသက်ရှည်ရေးအတွက် အစာအာဟာရသည် လူအားကျေးဇူး အများဆုံးဖြစ်၏။ ထိုစကားမှန်၏။ လူသည် သင့်လျော်သော အစာအာဟာရကို မစားရလျှင် အသက်မရှည်နိုင်ပေ၊ ထို့ကြောင့် ဘုရားရှင်သည် ''သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'' ဟု မိန့်ကြားတော်မူခဲ့၏။

၃။ ရှေးက အမျိုးကောင်းသားများသည် မိဘတို့ကို အရိုအသေပြုခဲ့ကြ၏။ အလေးအမြတ်ပြုခဲ့ကြ၏။ မြတ်နိုးခဲ့ကြ၏။ ထိုစကားမှန်၏။ အမျိုးကောင်းသားများသည် မိဘတို့၏ပြောစကားအားလုံးကို လိုက်နာခဲ့ကြ၏။

ဒုတိယနေ့

၁။ အာယသ္မာ မဟာကဿပေါ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ၊ တထာဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ ''နဝါယံ ကုမာရကော မတ္တမညာသီ'' တိ ကုမာရကဝါဒေန သြဝဒတိ။

၂။ ဝိနည်းသည် ရဟန်းတော်များ၏ အသက်ဖြစ်၏။ ထိုစကားမှန်၏။ ဝိနည်းကွယ်သည်ရှိသော် ဤလောကၠ ရဟန်းမည်သည် မရှိနိုင်တော့ပေ၊ ထို့ကြောင့် သင်္ဂီယနာတင်မထေရ်တို့သည် ''ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ – ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ''ဟူ၍ မိန့်ကြားတော်မူအပ်ပြီ။

၃။ နိုင်ငံတိုင်း၌ မင်းသည် အခြေခံပဓာနအကျဆုံးဖြစ်၏။ ထို စကားမှန်၏။

http://www.dhammadownload.com

နိုင်ငံသူ နိုင်ငံသားများသည် မင်းကိုမှီခိုနေထိုင်ကြရ၏။ မင်း၏ အမိန့် အာဏာကို ရှိသေကြရ၏။ လေးစားကြရ၏။ မြတ်နိုးကြရ၏။ မင်းက တရားစောင့်လျှင် နိုင်ငံသူ နိုင်ငံသားအားလုံး တရားစောင့်ကြရ၏။ မင်းက တရားမစောင့်လျှင် နိုင်ငံသူ နိုင်ငံသားအားလုံး တရားမစောင့်ကြတော့၊ ထို့ကြောင့် ဘုရားရှင်က ''မင်းပြဋ္ဌာန်းသည်'' ဟု မိန့်ကြားတော်မူခဲ့၏။

* * * * *

http://www.dhammadownload.com

အခန်း (၂)
သမာသ်နာမ်

အချင်းချင်း (ငဲ့မှု) ဆက်စပ်မှုရှိသော အနက်အဓိပ္ပါယ်ကွဲပြားရ၍ တစ်ပုဒ်စီ တစ်ပုဒ်စီတည်ရှိနေသော နာမ်ပုဒ်များကို တစ်ပုဒ်တည်းအနက်အဓိပ္ပါယ် တစ်မျိုး တည်းဖြစ်အောင် ဆက်စပ်ခြင်း၊ ချုံ့ခြင်းကို သမာသ်နာမ်ဟုခေါ်၏။

ရညော + ပုတ္တော၌ မင်းဒြပ်ကိုဟောသောရညောဟူသော နာမ်တစ်ပုဒ်၊ သားဒြပ်ကိုဟောသော ပုတ္တောဟူသောနာမ်တစ်ပုဒ်ဟူ၍ နာမ်ပုဒ်နှစ်ပုဒ်ဖြစ်နေ၏။ တစ်ပုဒ် တစ်ပုဒ်စီ၌ ဝိဘတ်တစ်မျိုးစီရှိနေ၏။ ထို့ကြောင့် ပုဒ်အနေဖြင့် ကျယ်နေ၏။ ထိုသို့နှစ်ပုဒ်စီဖြစ်နေသော ရညောနှင့် ပုတ္တောကို သမာသပ်စပ်လိုက်သောအခါ **ရာဇပုတ္တော** ဟု တစ်ပုဒ်တည်းဖြစ်သွားသောကြောင့် ပုဒ် ကျဉ်းသွား။ ဤသို့ပုဒ်ကျဉ်းသွားသည်ကို သဒ္ဒါကိုချုံ့ခြင်း (သဒ္ဒသမသန) ခေါ်၏။

ရညော + ပုတ္တော ဟု ဝါကျတုန်းက ရညောအရ မင်းဒြပ်ကိုရ၏။ ပုတ္တောအရ သားဒြပ်ကိုရ၏။ ဤသို့အနက်နှစ်မျိုးကိုရခြင်းကြောင့် အနက်အား ဖြင့် ကျယ်နေ၏။ ရာဇပုတ္တောဟု သမာသပ်စပ်လိုက်သောအခါ **မင်းသား** ဟူသောအနက် ဒြပ်တစ်ခုကိုသာရ၏။ ဤသည်မှာအနက်အားဖြင့် ကျဉ်းခြင်း၊ ချုံ့ခြင်း ကို ''အတ္ထသမသန'' ခေါ်၏။ ဤသို့တစ်ပုဒ်စီ ကွဲပြားနေသောနာမ်ပုဒ်များကို တစ်ပုဒ်တည်းဖြစ်အောင်နှင့် အနက်အဓိပ္ပါယ်တစ်မျိုးတည်းဖြစ်အောင် ဆက်စပ် ခြင်း၊ ချုံးခြင်းကို သမာသ်နာမ်ခေါ်၏။

သမာသ်နာမ်သည်ဘာသာစကားတိုင်း၌ရှိနေ၏။ မြန်မာဘာသာ၌ မြစ်ကြီး၊ လှေငယ်၊ ရေအိုး၊ ကျောင်းအောက်၊ အိမ်နောက်၊ လူရွေ့၊ ရေတွင်းစသော ဝေါဟာရများသည် သမာသ်နာမ်ပုဒ်များဖြစ်ကြ၏။ မြန်မာစကားကို ပါဠိစီကုံး ရမည်ဖြစ်၍ ရှေးဦးစွာ မြန်မာသမာသ်ပုဒ်များကို နားလည်ထားဖို့လိုအပ်လှ၏။ မြန်မာသမာသ်ပုဒ်များကို နားလည်ပါမှ ပါဠိစီကုံးရာ၌ လွယ်ကူပေလိမ့်မည်။

http://www.dhammadownload.com

သမာသ်လက္ခဏာနှစ်ပါး

၁။ နာမ်ပုဒ်အချင်းချင်းသာဖြစ်ရခြင်း

၂။ ယင်းနာမ်ပုဒ်များသည် အချင်းချင်းအနက်အဓိပ္ပာယ်အားဖြင့် ဆက်စပ်မှု ရှိရခြင်းဟူ၍ သမာသပ်စပ်နိုင်သောအင်္ဂါနှစ်မျိုးရှိ၏။

ပုံစံ ။ မဟန္တော ပုရိသော (ဝါကျ)

မဟာပုရိသော (သမာသ်)

မြန်မာ ။ မြတ်သောယောကျ်ား၊ ယောကျ်ားမြတ်

ဤ၌မဟန္တသဒ္ဒါသည် မြတ်သောဂုဏ်ကို အကြောင်းပြု၍ ဤနေရာ၌ ယောကျ်ား ဒြပ်ကိုညွှန်ပြ၏။ ပုရိသသဒ္ဒါသည် ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အချင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်းပြု၍ ယောကျ်ားဒြပ်ကိုပင် ညွှန်ပြ၏။ ဤသို့ မဟန္တောဟူသော နာမ်ပုဒ်နှင့် ပုရိသော ဟူသော နာမ်ပုဒ်တို့ကို မဟာပုရိသောဟု သမာသပ်စပ်လိုက်သော် ''မြတ်သော ယောကျ်ား'' ဟူသောအနက် (အဓိပ္ပာယ်) တစ်မျိုးတည်း ဖြစ်ခြင်းကို သမာသ်နာမ်ဟုခေါ်၏။

သမာသ်နှစ်မျိုး

ဤမဟာပုရိသောဟူသော သမာသ်ဝယ် ''မဟန္တော'' ဟူသော ရှေ့ပုဒ်၌ ဝိဘတ်ကျေပျောက်ပြီး သမာသ်ဖြစ်၏။ ဤသမာသ်မျိုးကို လုတ္တသမာသ်ဟုခေါ်၏။

''ဒီပံ ကရောတိတိ ဒီပင်္ကရော'' ဟူသော သမာသ်ဝယ် ဒီပံဟူသော ရှေ့ပုဒ်၌ ဝိဘတ်မကျေဘဲသမာသ်ဖြစ်၏။ ဤသမာသ်မျိုးကို အလုတ္တသမာသ်ဟုခေါ်၏။

http://www.dhammadownload.com

သမာသ် ၆ မျိုး

သမာသ်နာမ်သည်

၁။ အဗျယီဘောသမာသ်

၂။ ကမ္မဓာရယ်သမာသ်

၃။ ဒိဂုသမာသ်

၄။ တပ္ပုရိသ်သမာသ်

၅။ ဗဟုဗ္ဗီဟိသမာသ်

၆။ ဒွန်သမာသ် ဟု ခြောက်မျိုးပြား၏။

ဆောင် ။ ဗျ၊ ကမ်၊ ဒိ၊ တပ်၊ ဗ၊ ဒွန်၊ ထပ်၊ ခြောက်ရပ်သမာသာ။

သမာသ် ၆ မျိုးကို လိင်ခွဲပြပုံ

၁။ အဗျယီဘောသမာသ်၊ သမာဟာရဒိဂုသမာသ်၊ သမာဟာရဒွန် သမာသ်ပုဒ်တို့သည် နပုလ္လိင်ဖြစ်ကြ၏။

၂။ အသမာဟာရဒိဂုသမာသ်၊ အသမာဟာရဒွန် သမာသပ်ပုဒ်တို့သည် နောက်ပုဒ်အတိုင်း လိင်သုံးပါး၌ဖြစ်ကြ၏။

၃။ ကမ္မဓာရယ်သမာသ်၊ သုဒ္ဓတပ္ပုရိသ်သမာသ်ပုဒ်တို့သည် နောက်ပုဒ် လိင်သုံးပါး၌ဖြစ်ကြ၏။

၄။ ဗဟုဗ္ဗီဟိသမာသ်သည် အညပုဒ်၏လိင်အတိုင်း လိင်သုံးပါး၌ဖြစ်ကြ၏။

သမာသ်နှင့်ပုံစံတွဲစပ်ပြပုံ

သမာသ်အမည်	လိင်	ပုံစံ
၁။ အဗျယီဘောသမာသ်	နပုလ္လိင်	ဥပနဂရံ
၂။ ကမ္မဓာရယ်သမာသ်	ပုလ္လိင်	မဟာပုရိသော
။	ကွတ္ထိလိင်	မဟာနဒီ
။	နပုလ္လိင်	နီလုပ္ပလံ

http://www.dhammadownload.com

၃။	သမာဟာရဒိဂုသမဒသ်	နပုလ္လိင်	တိလောကံ
	အသမာဟာရဒိဂုသမာသ်	ပုလ္လိင်	ဧကပုဂ္ဂလော
	။	ကွတ္ထိလိင်	ဧကိတ္ထီ
	။	နပုလ္လိင်	ဒသသဟဿစက္ကဝါဠာနိ
၄။	တပ္ပုရိသမာသ်	ပုလ္လိင်	ဘူမိဂတော
	။	ကွတ္ထိလိင်	ရူပသညာ
	။	နပုလ္လိင်	စောရဘယံ
၅။	ဗဟုဗ္ဗီဟိသမာသ်	ပုလ္လိင်	ဇိတိန္ဒြိယော
	။	ကွတ္ထိလိင်	အာကိဉ္စညတနသာ
	။	နပုလ္လိင်	သုဂန္ဓံ
၆။	သမာဟာရဒွန်သမာသ်	နပုလ္လိင်	စက္ခုသောတံ
	အသမာဟာရဒွန်သမာသ်	ပုလ္လိင်	စန္ဒိမသူရိယာ
	သမာဟာရဒွန်သမာသ်	ကွတ္ထိလိင်	ပုတ္တဓိတရော
	အသမာဟာရဒွန်သမာသ်	နပုလ္လိင်	ဓာတုလိင်္ဂါနိ

အမှတ် (၁) သင်ခန်းစာ
အဗျယီဘောသမာသ်ပုဒ်ရေးနည်း

၁။ ဥပသာရပုဒ် နိပါတ်ပုဒ်တို့သည် လိင်သုံးပါး ဝိဘတ်ခုနစ်သွယ်တို့နှင့် ဆက်သွယ်သော်လည်း ပုံသဏ္ဌာန်ပြောင်းလဲပျက်စီးမှုမရှိသောကြောင့် အဗျယမည်၏။

http://www.dhammadownload.com

၂။ ထိုအဗျယမည်သော ဥပသာရဗုဒ်၊ နိပါတ်ပုဒ်များနှင့် ဆက်စပ်ပြဋ္ဌာန်းခြင်းရှိသောသမာသ်သည် အဗျယီဘောသမာသ်မည်၏။

၃။ အဗျယီဘောသမာသ်ကို တွဲစပ်သောအခါ

(က) ဥပသာရဗုဒ်၊ နိပါတ်ပုဒ်တို့ကို ရှေ့ဆုံးကထားရမည်။

(ခ) ထိုဥပသာရဗုဒ်၊ နိပါတ်ပုဒ်တို့၏ အနက်သာ ပြဋ္ဌာန်းရမည်။

(ဂ) ရှေ့ပုဒ်၌ ပထမာဝိဘတ်၊ နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တို့တွင် တစ်မျိုးမျိုး ကျရမည်။

(ဃ) လိင်အားဖြင့် နပုံလိင်ဧကဝုစ်အားဖြင့်သာ ဆက်သွယ်ရေးသားရမည်။

၄။ အဗျယီဘောသမာသ်၌ (အ၊ ဣ၊ ဥ) ဟု ကာရန်သုံးမျိုးသာရှိ၏။ အာ၊ ဤ၊ ဦ ဒီဃသရတို့ကို အစဉ်အတိုင်း (အ၊ ဣ၊ ဥ) ပြုရ၏။ ဩကို ဥပြုရ၏။

၅။ အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါသုတ်၏ သတ်မှတ်ချက်အတိုင်း အကာရန္တ (အ–အက္ခရာဆုံးသော) အဗျယီဘောသမာသ်ပုဒ်နောင် ပထမာ၊ ဒုတိယာဝိဘတ်တို့ကို အံပြုရ၏။ တတိယာ၊ စတုတ္ထီ၊ ဆဋ္ဌီ၊ သတ္တမီဝိဘတ်တို့ကို အချို့အရာ၌သာ အံပြုရ၏။

၆။ ဣ၊ ဥ ဆုံးသော (ဣကာရန္တ၊ ဥကာရန္တ) အဗျယီဘောသမာသ်ပုဒ်နောင် ဝိဘတ်အားလုံး ချေဖျက်ပစ်ရ၏။

ပုံစံ။ (က) ဘိက္ခူ အန္ဓဒ္ဓမာသံ ပါတိမောက္ခံ ဥဒ္ဒိသန္တိ။

မြန်မာ။ ရဟန်းတော်များသည် လခွဲတိုင်း လခွဲတိုင်း၌ ပါတိမောက်ကို ရွတ်ပြကြ၏။

(ခ) သာမဏေရာ အန္တောနဂရံ အဓိကုမာရိ ကထေန္တိ။

http://www.dhammadownload.com

မြန်မာ။ ကိုရင်တို့သည် မြို့တွင်း၌ မိန်းမပျိုနှင့်ပတ်သက်သော စကားကို ပြောကြ၏။

အဗျယီဘောသမာသ်ပုံစံများ

အကာရန္တပုံစံများ

ပါဠိ		မြန်မာ
အနုရူပံ	=	အဆင်းအားလျော်သည် (အဆင်းအလျောက်၊ သဘောအားလျော်သည်)
အနုရထံ	=	ရထားနောက်
အန္တဒ္ဓမာသံ	=	လခွဲတိုင်း + လခွဲတိုင်း
အနုဇေဋ္ဌံ	=	ကြီးသူတို့အစဉ် (ကြီးစဉ်ငယ်လိုက်)
အနုဝါတံ	=	လေနောက်၊ လေအောက်၊ လေစုန်
အဗ္ဘ တ္တံ	=	မိမိကိုစွဲ၍ဖြစ်သောတရား
အာပါဏကောဋ္ဌိကံ	=	အသက်ဆုံးသည့်တိုင်အောင်
အာကုမာရံ	=	သတို့သားတို့တိုင်အောင်
ဥပနဂရံ	=	မြို့အနီး
ဥပကုမ္ဘံ	=	အိုးအနီး
နိဒ္ဓရထံ	=	အပူအပင်မရှိ
နိမ္မသကံ	=	ခြင်မရှိ
ပဋိသောတံ	=	ရေအလျဉ်၏ဆန့်ကျင်ဘက် (ရေဆန်၊ ရေညာ)
ပဋိပထံ	=	ခရီး၏ဆန့်ကျင်ဘက် (ခရီးရင်ဆိုင်)
ပဋိဝါတံ	=	လေ၏ဆန့်ကျင်ဘက် (လေဆန်၊ လေညာ)

http://www.dhammadownload.com

က္ကာ၊ ဥ ကာရန္တပုံစံများ

ပါဠိ		မြန်မာ
အဓိတ္ထိ	–	မိန်းမကိုစွဲ၍ဖြစ်သောစကား၊ မိန်းမကိုအကြောင်းပြု၍ ဖြစ်သောစကား၊ မိန်းမနှင့်ပတ်သက်သောစကား။
အဓိကုမာရိ	–	သတို့သမီးကိုစွဲ၍ဖြစ်သောစကား၊ သတို့သမီးကို အကြောင်း ပြု၍ ဖြစ်သောစကား၊ သတို့သမီးနှင့်ပတ်သက်သောစကား။

နိပါတ်ပုဒ်နှင့်တွဲစပ်သောပုံစံများ

အန္တောဝဿံ	=	ဝါတွင်း
အန္တောနဂရံ	=	မြို့တွင်း
အန္တောပါသဒံ	=	ပြာသာဒ်အတွင်း
ဥပရိမဉ္စံ	=	ညောင်စောင်းအထက်၊ ခုတင်ထက်
ဥပရိပါသာဒံ	=	ပြာသာဒ်အထက်
တိရောပါကာရံ	=	တံတိုင်းတစ်ဘက်၊ တံတိုင်းဟိုဘက်
တိရောကုဋ္ဋံ	=	နံရံတစ်ဘက်၊ နံရံဟိုဘက်
တိရောပဗ္ဗတံ	=	တောင်တစ်ဘက်၊ တောင်ဟိုဘက်
ပစ္ဆာဘတ္တံ	=	ညနေခင်း
ပုရေဘတ္တံ	=	နံနက်ခင်း
ယထာဝဓံ	=	ကြီးစဉ်ငယ်လိုက်
ယထာသတ္တိ	=	အစွမ်းသတ္တိအားလျော်စွာ၊ အစွမ်းရှိသလောက်
ယထာဗလံ	=	အားရှိသလောက်
ယာဝဇီဝံ	=	အသက်ရှည်သမျှ၊ အသက်ထက်ဆုံး၊ သက်ဆုံးတိုင်

http://www.dhammadownload.com

ယာဝဒတ္ထံ = အလိုရှိသရွေ့၊ အလိုရှိတိုင်း

ယာဝတာယုကံ = အသက်ရှည်သမျှ

ဗဟိနဂရံ = မြို့ပြင်

ပထမနေ့

၁။ ကဿကာ ဥပနဂရံ ခေတ္တံ ကသန္တိ။

၂။ ငါတို့သည် သာသနာတော်မှာ ပူပင်မှုမရှိဘဲ နေထိုင်ကြ၏။

၃။ လူတို့သည် ဝါတွင်း၌ ဥပုသ်ကို စောင့်သုံးကြ၏။

ဒုတိယနေ့

၁။ ဗိဠာရော မာတု ဟေဋ္ဌာမဉ္စံ သယတိ။

၂။ ရဟန်းတို့သည် မိန်းမနှင့်ပတ်သက်သောစကားကို မပြောကြပါ။

၃။ လူတို့သည် အသက်ထက်ဆုံး မိမိ၏သားကို ချစ်ခင်ကြ၏။

တတိယနေ့

၁။ တွံ ယာဝဒတ္ထံ ပိဏ္ဍပါတံ ဂဏှာဟိ။

။၂ သူတို့၏အလုပ်သမားတို့သည် မြို့တွင်း၌ လမ်းများကို ဖြောင့်တန်းအောင် ဖောက်လုပ်ထားကြ၏။

၃။ ကျောင်း၏တံတိုင်းတစ်ဖက်၌ အိမ်များရှိကြ၏။

http://www.dhammadownload.com

အမှတ် (၂) သင်ခန်းစာ
ကမ္မဓာရယ်သမာသ်ပုဒ်ရေးနည်း

၁။ ရှေ့ပုဒ်နောက်ပုဒ်နှစ်ပါးတို့, အနက် = ဖြင့်အရတူသော သမာသ်သည် ''ကမ္မဓာရယ်'' သမာသ်မည်၏။

ပုံစံ။ မဟာပုရိသောဟူသော ပြယုဂ်၌ မဟန္တအရမြတ်သူဟူသည်ယောဂျ်ား ပင်ဖြစ်၏။ ပုရိသအရ ယောဂျ်ားဟူသည်လည်း မြတ်သူပင်ဖြစ်၏။ ဤသို့ တည်ရာအနက်အားဖြင့် တူကြသည်ကို (တုလျာဓိကရဏ) ရှေ့ပုဒ် နောက်ပုဒ် အရတူသည်ဟု ခေါ်ကြ၏။

၂။ ကံပုဒ်သည် ကြိယာအကျိုးနှစ်ပါးကို ဆောင်သလို အမည်နှစ်မျိုးကို ဆောင်သောကြောင့် ''ကမ္မဓာရယ်'' သမာသ်မည်၏။

ရှင်း။ မဟာပုရိသောဟူသောပြယုဂ်၌ ယောဂျ်ားဖြင့်တစ်ခုတည်းက ''မြတ်သောဂုဏ်'' ဟူသောအမည် ''ယောဂျ်ားဇာတ်'' ဟူသောအမည် နှစ်မျိုးကို ဆောင်ထားသောကြောင့် ''ကမ္မဓာရယ်'' သမာသ်မည်၏။

၃။ မဟာပုရိသောစသည်၌ ရှေ့မှာရှိနေသော မဟန္တသဒ္ဒါကို မဟာပြုရ၏။

၄။ တပ္ပုရိသော စသည်၌ သန္တသဒ္ဒါကို သ–ပြုရ၏။

၅။ ပုလ္လိင် စသည်၌ နောက်လိင်စသည်ကြောင့် ပုမ၏ အဆုံးအသရကိုချေ၍ မအက္ခရာသည် နိဂ္ဂဟိတ်ဖြစ်သွားကာ နိဂ္ဂဟိတ်ကို နောက်ကတွဲပုဒ်၏ ဗျည်းအားလျော်စွာ ဂ၊ ဉ၊ ဏ၊ န၊ မ၊ လ ပြုရ၏။

ပုံစံ။ ပုန္နာဂေါ၊ ပုင်္ကောကိလော။

၆။ ပုဒ်နှစ်ခုတွင် နောက်ပုဒ်က ရှေ့ပုဒ်နှင့်အရတူသော ကွက္ထိလိင်ဟောပုဒ် ဖြစ်နေလျှင် မူလက ပုလ္လိင်ဟောဖူးပြီး၊ ယခု ကွက္ထိလိင်ကိုဟောနေသော ရှေ့ပုဒ်ကို ပုလ္လိင်အဖြစ် သတ်မှတ်ရ၏။ ယင်းသို့ ပုလ္လိင်အဖြစ် သတ်မှတ်လိုက်သောအခါ ရှေ့ပုဒ်၌ မူလက ကွက္ထိလိင်ကို ဖော်ညွှန်းသော အာ၊ ဤ၊ ကွနီပစ္စည်းများ ကျေပျောက်သွားကြ၏။

http://www.dhammadownload.com

ဝါကျပုံစံ

(က) ဗြာဟ္မဏီစ သာဒါရိကာစ

(ခ) ခတ္ထိယာစ သာကညာစ

သမာသ်ပုံစံ

(က) ဗြာဟ္မဏဒါရိကာ

(ခ) ခတ္ထိယကညာ

ရှင်း။ (က) ဗြာဟ္မဏဒါရိကာ၌ ဒါရိကာဟူသောနောက်ပုဒ်သည် ဗြာဟ္မဏီဟူသော ရှေ့ပုဒ်နှင့်အရတူသော ကွက်ထိလိင်ဖြစ်၏။ ဗြာဟ္မဏီဟူသော ရှေ့ပုဒ်သည် ဗြာဟ္မဏဟူသော ပုလ္လိင်ကို ဟောဖူးပြီး ယခုအခါ ကွက်ထိလိင်ကို ဟောနေဆဲပင်ဖြစ်၏။ ထို့ကြောင့် ပုလ္လိင် ကို ဟောဖူးသော ဗြာဟ္မဏီဟူသောရှေ့ပုဒ်ကို ပုလ္လိင်အဖြစ် သတ်မှတ် (ဲ့) သောအခါ ဤပစ္စည်းကျေပျောက်သွားကာ ဗြာဟ္မဏဒါရိကာဟု သမာသ်ပုဒ်ဖြစ်လာ၏။

အမှာ။ ခတ္ထိယကညာကိုလည်း နည်းမှီ၍ ရှင်းတတ်ပါစေ။

၎။ ဂင်္ဂါနဒီ၊ တဏှာနဒီ၊ ပထဝီဓာတု၊ နန္ဒာပေါက္ခရဏီ၊ နန္ဒာဒေဝီ စသော အမည်ဟော ပင်ကို ကွက်ထိလိင်သဒ္ဒါများရှေ့ပုဒ်တွင် အာ၊ ဤ၊ ကွန်ဟူသော ကွက်ထိလိင်ကို ထွန်းပြသောပစ္စည်းများကို မချေဖျက်ဘဲ သမာသ်စပ်ရ၏။

၈။ ကမ္မဓာရယ်သမာသ်ပုဒ်ကို နောက်ပုဒ်၏လိင်အတိုင်း ထားရခြင်းကြောင့် လိင်သုံးပါးဆက်သွယ်ရေးသားရ၏။

၉။ သမာသ်ပုဒ်ကဟောအပ်သော (သမာသ်ပုဒ်အတွက် အရကောက်ရသော အနက်ဒြပ် (အဘိဓေယျ) အတိုင်း ဧကဝုစ် ဗဟုဝုစ်ဖြင့် ရေးရ၏။

၁၀။ မြန်မာဝါကျကို ပါဠိစီကုံးသောအခါ သတိပြုစရာအချက်မှာ မြန်မာအသံထွက်၌ ရှေ့ပုဒ်အဆုံးမှာ ''သော'' ဟူသော ဝိသေသနအသံထွက်ပါ

http://www.dhammadownload.com

လာလျှင် ယင်းပုဒ်ကို ကမ္မဓာရယ် သမာသ်ပုဒ်ဟုမှတ်ပါ။ ကမ္မဓာရယ် သမာသ်ပုဒ် တည်ဆောက်နည်းအတိုင်း ပါဠိစီကုံးပါ။

ပုံစံ။ မဟာပုရိသော နီလုပ္ပလံ ဗုဒ္ဓဿ ဒေတိ။

မြန်မာ။ ယောကျ်ားမြတ်သည်ကြည်ပြိန်းကို ဘုရားရှင်အား လှူဒါန်းပါသည်။

ကမ္မဓာရယ်သမာသ်ပုဒ်

ကမ္မဓာရယ်သမာသ်သည်

၁။ ဝိသေသနပုဗ္ဗပဒ
၂။ ဝိသေသနုတ္တရပဒ
၃။ ဝိသေသနောဘယပဒ
၄။ ဥပမာနုတ္တရပုဗ္ဗပဒ
၅။ သမ္ဘာဝနာပုဗ္ဗပဒ
၆။ အဝဓာရဏပုဗ္ဗပဒ
၇။ နှ-နိပါတပုဗ္ဗပဒ
၈။ ကု-နိပါတ ပုဗ္ဗပဒ
၉။ ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်ဟူ၍ ၉ မျိုး ပြားပါသည်။

ကျက်မှတ်ရန်ပုံစံများ

ဝိသေသနပုဗ္ဗပဒ

ဝိသေသနပုဒ်ကို ရှေ့ကထား၍ တွဲစပ်လျှင် ''ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်'' သမာသ်မည်၏။

ပုံစံများ

ပါဠို	မြန်မာ
ဥတ္တမပုရိသော	ဥတ္တမပုရိသ်
ဥပရိမကာယော	အထက်ပိုင်းကိုယ်
ကဏ္ဌသပ္ပေါ	မည်းသောမြွေ
ဒန္ဓပုရိသော	ယဉ်ကျေးသောယောကျ်ား

http://www.dhammadownload.com

နဝါဝါသော	အသစ်နေရာ (နေရာသစ်)
နီလုပွလံ	ညိုသောကြာ (ကြာညို)
ပုဗ္ဗပုရိသော	ရှေ့ယောက်ျား
မဟာပုရိသော	မြတ်သောယောက်ျား
မဟဒ္ဓယံ	ကြီးသောဘေး
မဟာနဒီ	ကြီးသောမြစ် (မြစ်ကြီး)
လောဟိတစန္ဒနံ	နီသောစန္ဒကူး
ဝိရပုရိသော	ရဲရင့်သောယောက်ျား
သပ္ပုရိသော	သူတော်ကောင်း
သေတဟတ္ထီ	ဖြူသောဆင်

ဝိသေသနုတ္တရပဒ

ဝိသေသနပုဒ်ကို နောက်ကထား၍ တွဲစပ်လျှင် ''ဝိသေသနုတ္တရပဒ ဓမ္မဓာရယ်'' သမာသ်မည်၏။

ပုံစံများ

ပါဠို		မြန်မာ
ဂဏှတ္တမော	–	မြတ်သောဂိုဏ်း
ဓမ္မပါလာစရိယော	–	ဆရာတော်အရှင်ဓမ္မပါလ
ဗုဒ္ဓဃောသာစရိယော	–	ဆရာတော်ဗုဒ္ဓဃောသ
ဂဏာစရိယော	–	ဂိုဏ်းဆရာ
မဟောသဓပဏ္ဍိတော	–	မဟောသဓာပညာရှိ
ဝိဓုရပဏ္ဍိတော	–	ဝိဓုရသုခမိန်
ဝတ္ထုဝိသေသော	–	နေရာအထူး

http://www.dhammadownload.com

သာရိပုတ္တထေရော – အရှင်သာရိပုတ္တရာထေရ်
အာစရိယဂုတ္တိလော – ဆရာဂုတ္တိလ

ဝိသေသနောဘယပဒ

ဝိသေသနပုဒ်တွေချည်း တွဲစပ်လျှင် ''ဝိသေသနောဘယပဒကမ္မဓာရယ်'' သမာသ်မည်၏။

ပုံစံများ

ပါဠို	မြန်မာ
အန္ဓဗဓိရော	– ကန်းလည်းကန်း၊ နားလည်းထိုင်းသူ
ဥစ္စာဝစံ	– အမြတ်လည်းပါ၊ အယုတ်လည်းပါသောကိစ္စ (အကောင်းအဆိုး အမျိုးမျိုးသောကိစ္စ)
ကတာကတံ	– ပြုအပ်ပြီး မပြုအပ်သေးသောအလုပ်
ခဉ္ဇခုဇ္ဇော	– ခွင်လည်းခွင်၊ ကုန်းလည်းကုန်းသောသူ
ဂတပစ္စာဂတံ	– အသွားလည်းဆောင်အပ်၊ အပြန်လည်းဆောင်အပ်သော ကမ္မဋ္ဌာန်း (အသွားအပြန်ဆောင်အပ်သော ကမ္မဋ္ဌာန်း)
ဆိဒ္ဒါဝဆိဒ္ဒံ	– အပေါက်ကြီးလည်းရှိ၊ အပေါက်ငယ်လည်းရှိသောဝတ္ထု (အပေါက်ကြီး အပေါက်ငယ်ပါသောဝတ္ထု)
ဆိန္နဘိန္နံ	– ဖြတ်လည်းဖြတ်၊ ခွဲလည်းခွဲအပ်သောဝတ္ထု (ဖြတ်ခွဲသင့်သောဝတ္ထု)
သိတ္တသမ္ဗဒ္ဓံ	– ရေလည်းဖြန်းအပ်၊ တံမြက်လည်းလှည်းအပ်သောနေရာ (ရေဖြန်းပြီးမှ တံမြက်လှည်းအပ်သောနေရာ)
သီတုဏှံ	– အေးလည်းအေး၊ ပူလည်းပူသော စားဖွယ် (အေးပူသောစားစရာ)

http://www.dhammadownload.com

ဥပမာနုတ္တရပဒ

ဥပမာပုဒ်ကို နောက်ကထား၍ တွဲစပ်သောသမာသ်သည် ''ဥပမာနုတ္တရပဒကမ္မဓာရယ်'' သမာသ်ဖြစ်၏။ မြန်မာဘာသာပြန်ဆိုသောအခါ ဥပမာပုဒ်ကို သင့်လျော်သလို တွဲစပ်ရသည်။

ပုံစံများ

ပါဠို		မြန်မာ
ဗုဒ္ဓနာဂေါ	=	ဆင်ပြောင်ကြီးနှင့်တူတော်မူသော မြတ်စွာဘုရား
ဗုဒ္ဓါဒိစ္စော	=	နေမင်းနှင့်တူတော်မူသော မြတ်စွာဘုရား
မုခစန္ဒော	=	လှပတင့်ရွှန်း လပြည့်ဝန်းကဲ့သို့ ကျက်သရေရှိသောမျက်နှာ
မုခပဒုမံ	=	ပဒုမ္မာကြာနှင့်တူသော မျက်နှာ
မုနိသီဟော	=	ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တော်မူသောမြတ်စွာဘုရား
မုနိပုဂ်ဂေါ	=	နွားလားနှင့်တူတော်မူသောမြတ်စွာဘုရား
ဝိနယသာဂရော	=	သမုဒ္ဒရာနှင့်တူသောဝိနည်း
သမဏပဒုမော	=	ပဒုမ္မာကြာနှင့်တူသောရဟန်း
သမဏပုဏ္ဍရိကော	=	ကြာပုဏ္ဍရိက်နှင့်တူသောရဟန်း
သဒ္ဓမ္မရံသီ	=	ရောင်ခြည်နှင့်တူတော်မူသော သူတော်ကောင်းတရား

သမ္ဘာဝနာပုဗ္ဗပဒ

ချီးမြှင့်ခြင်း၊ မြှင့်တင်ခြင်းကို သမ္ဘာဝနာခေါ်သည်။ ထိုသမ္ဘာဝနာအနက်ကို ကွတိသဒ္ဒါကပြ၏။ သမာသ်စပ်ရာ၌ ရှေ့ပုဒ်ဝယ် (ချီးပင့်မြှင့်တင်ခြင်း သမ္ဘာဝနာအနက်ကိုပြသော ကွတိသဒ္ဒါကျေပျောက်၍ သမာသ်ပုဒ်ဝယ် ယင်း၏အနက် (အသံ) ထွက်ပေါ်နေသော သမာသ်သည် ''သမ္ဘာဝနာပုဗ္ဗပဒကမ္မဓာရယ်'' သမာသ်မည်၏။

http://www.dhammadownload.com

မြှင့်တင်ပုံမှာ ''ဓမ္မော ဗုဒ္ဓိ'' ၌ ဓမ္မောအရ တရားရ၏။ ဗုဒ္ဓိအရ အသိဉာဏ်ရ၏။ ဤသို့ ဓမ္မနှင့် ဗုဒ္ဓိတို့အနက်အရချင်းမတူကြ၍ တုလျာဓိကရဏာမဖြစ်ခြင်းကြောင့် ဓမ္မ၏အနက်က ဗုဒ္ဓိ၏အနက်ကို မမီဘဲ နိမ့်ကျသကဲ့သို့ ဖြစ်နေရာ ဓမ္မောကတိတရားဟူ၍ဖြစ်သော ဗုဒ္ဓိ–အသိဉာဏ်ဟု ကတိသဒ္ဒါက ဓမ္မ၏အနက်ကို မြှင့်တင်ပေးလိုက်မှ ဗုဒ္ဓိ၏အနက်နှင့် အနက်ချင်းညီမျှ၍ တုလျာဓိကရဏာဖြစ်ကာ ကမ္မဓာရယ်သမာသ်တွဲစပ်နိုင်လေသည်။

ပုံစံများ

ပါဠိ		မြန်မာ
အတ္တာသညာ	–	အတ္တာဟုဖြစ်သောသညာ
အတ္တာဒိဋ္ဌိ	–	အတ္တာဟုဖြစ်သောအယူ
အတ္ထိသညာ	–	ရှိ၏ဟုဖြစ်သောသညာ
အသုဘသညာ	–	အသုဘဖြစ်သောသညာ
အနိစ္စသညာ	–	အနိစ္စ (မမြဲ) ဟု ဖြစ်သောသညာ
အနတ္တာသညာ	–	အနတ္တာဟုဖြစ်သောသညာ
ဓာတုသညာ	–	ဓါတ်ဟုဖြစ်သောသညာ
ဓီတုသညာ	–	သမီးဟုဖြစ်သောသညာ
ဓမ္မဗုဒ္ဓိ	–	ဓမ္မဟုဖြစ်သောအသိဉာဏ်
ဓမ္မသညာ	–	တရားဟုဖြစ်သောသညာ
ဓမ္မသမ္မတော	–	တရားဟုသမုတ်အပ်၏
ဓမ္မသခီတော	–	တရားဟုဆိုအပ်၏
ပါဏာသညိတာ	–	သတ္တဝါဟုအမှတ်ရှိသူ၏အဖြစ်

http://www.dhammadownload.com

ဤသို့ဖြစ်လျှင် ကွတိသဒ္ဒါကျောရာ၌သာ သမ္ဟာဝနာပုဗ္ဗပဒကမ္မဓာရယ်ဟု ရှုပသဒ္ဒိစာကိုယ်နှင့် ဋီကာတို့ မိန့်ဆိုကြသည်။

ရှေးရှေးမြန်မာဆရာတော်အဆက်ဆက်ကမူ ''ဟုတ္တာ၊ သခီတာ၊ ဘူတ၊ ဇေ၊ ကွတိ'' သဒ္ဒါတို့ ကျသော သမာသ်ကို သမ္ဟာဝနာပုဗ္ဗပဒကမ္မဓာရယ်ဟု မိန့်တော်မူကြသည်ဖြစ်၍

ဟေတုပစ္စယော = ဟိတ်၏ကျေးဇူးပြုတတ်သောတရား

အလောဘကုသလမူလံ = အလောဘဟုဆိုအပ်သောကုသိုလ်မူလ

ဉာဏဒဿနံ = ဉာဏ်ဖြစ်၍ ဖြစ်သောအမြင်

ရှုပါယတနံ – အဆင်းသာလျှင် အာယတန – စသည်တို့ကိုလည်း သမ္ဟာပုဗ္ဗပဒကမ္မဓာရယ်သမာသ်၌ သွင်းတော်မူကြသည်။

အဝဓာရဏာပုဗ္ဗပဒ

အဝဓာရဏာအနက်ကို ညွှန်ပြသော ဇေသဒ္ဒါကျပျောက်လျက် သမာသ်ပုဒ်၌ ၎င်း၏အနက်ဖြစ်သော ''သာလျှင်'' ဟူသောအသံ ပေါ်ထွက်နေသော သမာသ်သည် ''အဝဓာရဏာပုဗ္ဗပဒ'' ကမ္မဓာရယ်သမာသ်မည်၏။

ပုံစံများ

ပါဠို	မြန်မာ
ဂုဏာဓနံ	= ဂုဏ်သည်သာလျှင်ဥစ္စာ
စက္ခာယတနံ	= စက္ခုသာလျှင် အာယတန
စက္ခုဓာတု	= စက္ခုသာလျှင်ဓာတ်
စက္ခုဒ္ဓါရံ	= စက္ခုသာလျှင်ဒွါရ
ပညာဓနံ	= ပညာသည်သာဥစ္စာ
သဒ္ဓါဓနံ	= သဒ္ဓါသည်သာဥစ္စာ

http://www.dhammadownload.com

သီလဓနံ = သီလသည်သာဥစ္စာ

ရူပါယတနံ = အဆင်းသည်သာအာယတန

စက္ခုန္ဒြိယံ = စက္ခုသည်သာကွန်ဒြေ

နဒီပါတပုဗ္ဗပဒ

နောက်ပုဒ်၏အနက်ပေါ်တွင် (ပီပြင်) စေရန် နဟူသော နိပါတ်ပုဒ်ရှေ့ ရှိသော သမာသ်သည် ''နဒီပါတပုဗ္ဗပဒ'' ကမ္မဓာရယ်သမာသ်မည်၏။

ပုံစံများ

ပါဠို	မြန်မာ
အမနုဿကော	= လူအစစ်မဟုတ်သောသူ၊ လူနှင့်တူသောသူ (နတ်၊ ဘီလူး)
အဿမဏော	= ရဟန်းအစစ်မဟုတ်သောသူ၊ ရဟန်းအစစ်နှင့်ဘူသူ (ရဟန်းတု)
အဗျာကတော	= ကုသိုလ် အကုသိုလ်အဖြစ် မဟုတ်သောတရား
အကုသလော	= ကုသိုလ်၏ဆန့်ကျင်ဘက် (အကုသိုလ်)
အလောဘော	= လောဘ၏ဆန့်ကျင်ဘက် (အလောဘ)
အနရိယော	= အရိယာမဟုတ်သောသူ (ပုထုဇဉ်)
အပြာဟ္မဏော	= ပုဏ္ဏားအစစ်မဟုတ်သောသူ၊ ပုဏ္ဏားအစစ်နှင့်တူသူ (ပုဏ္ဏားတု)
အမိတ္တော	= မိတ်ဆွေမဟုတ်သူ၊ မိတ်ဆွေ၏ဆန့်ကျင်ဘက် (ရန်သူ)
အနိဿရော	= အစိုးရသူမဟုတ်
အနိဋ္ဌော	= ကျဋ္ဌာရုံမဟုတ်
အနုပဝါဒေါ	= မစွပ်စွဲအပ်
အသံကိလိဋ္ဌော	= သံကိလိဋ္ဌတရားမဟုတ်ကုန်။

http://www.dhammadownload.com

မှတ်ချက်။ နနိပါတပုဗ္ဗပဒကမ္မဓာရယ်သမာသ်အရာ၌ နောက်ပုဒ်အစ၌ သရရှိနေလျှင် နကို အန်ပြုရမည်။ ဗျည်းစနေလျှင် နကို အ,ပြောင်း၍ ဆက်စပ်ရမည်။

ကုနိပါတပုဗ္ဗပဒ

ကုနိပါတ်ပုဒ်ရှေ့ရှိသော သမာသ်သည် ''ကုနိပါတပုဗ္ဗပဒ'' ကမ္မဓာရယ်သမာသ်မည်၏။ နောက်ပုဒ်၏အစ၌ သရရှိနေလျှင် က၊ ကဒ်ပြုရသည်။ အနည်းငယ်ဟူသော ကုနိပါတ်ပုဒ်နှင့် အချို့စက်ဆုတ်ဖွယ်အနက်ဟော ကုနိပါတ်ပုဒ်ကို ကာပြုရမည်။

ပုံစံများ

ပါဠို	မြန်မာ
ကဒန္ဓံ	= စက်ဆုတ်ဖွယ်ထမင်း
ကဒသန္ဓံ	= စက်ဆုတ်ဖွယ်အစားအစာ
ကာလာဝနံ	= အနည်းငယ်သောဆား
ကာပုပ္ဖံ	= အနည်းငယ်သောပန်း
ကာပုရိသော	= စက်ဆုတ်ဖွယ်ယောကျ်ား

ပါဒိပုဗ္ဗပဒ

ပ–အစရှိသော ဥပသာရပုဒ်ရှေးရှိသော ကမ္မဓာရယ်သမာသ်သည် ''ပါဒိပုဗ္ဗပဒ'' ကမ္မဓာရယ်သမာသ်မည်၏။

ပုံစံများ

ပါဠို	မြန်မာ
ပါဝစနံ	= ပြဋ္ဌာန်းသောဘုရားစကားတော်
သမာဓာနံ	= ကောင်းစွာထားခြင်း၊ အညီအမျှထားခြင်း၊ တည်ကြည်ခြင်း

http://www.dhammadownload.com

ဝိမတိ = အထူးထူးအပြားပြားသိခြင်း၊ တွေးတောခြင်း

ဝိကပ္ပေါ = အထူးထူးအပြားပြားကြံစည်ခြင်း၊ အမျိုးမျိုးအဖုံဖုံ ကြံစည်ခြင်း

အဓိသီလံ = လွန်ကဲသောသီလ၊ မြင့်မြတ်သောသီလ

သုဂန္ဓော = ကောင်းသောအနံ့၊ မွှေးကြိုင်သောအနံ့

ဒုဂ္ဂန္ဓော = စက်ဆုတ်အပ်သောအနံ့၊ မကောင်းသောအနံ့

သုကတံ = တင့်တယ်စွာ ပြုအပ်သောအမှု၊ ကောင်းစွာပြုအပ်သော အမှု

ဒုက္ကဋံ = မတင့်မတယ်ပြုအပ်သောအမှု

ပထမနေ့

၁။ နဒန္တပုရိသော ကဏ္ဍသပ္ပံ ဃာတေတိ။

၂။ ရဲရင့်သောယောကျ်ားသည် ခဲယဉ်းစွာပြုလုပ်အပ်သောအလုပ်ကို ပြုလုပ်နိုင်၏။

၃။ သူတော်ကောင်းသည် တရားဟုဖြစ်သောသည်ကို ပွားများသည်ရှိသော် တရားဟုဖြစ်သော အသိဉာဏ်ကိုရရှိ၏။

ဒုတိယနေ့

၁။ ဂဏာစရိယော နဝါ ဝါသေ သိဿေ သြဝဒတိ။

၂။ လင်သည် မိမိဇနီး၏ပဒုမ္မာကြောနှင့်တူသောမျက်နှာကို တွေ့မြင်ရသော် လွန်စွာ ဝမ်းမြောက်၏။

၃။ ခြင်္သေ့မင်းနှင့်တူတော်မူသော ဘုရားရှင်သည် သမုဒ္ဒရာနှင့်တူသော ဝိနည်းတော်ကို ပညတ်တော်မူခဲ့ပြီ။

http://www.dhammadownload.com

တတိယနေ့

၁။ နှ သပ္ပုရိသော ပရေသံ ကတာကတံ အဝေက္ခတိ။

၂။ နေမင်းနှင့်တူတော်မူသော မြတ်စွာဘုရားသည် ရောင်ခြည်နှင့်တူတော်မူသော သူတော်ကောင်းတရားဖြင့် တင့်တယ်တော်မူ၏။

၃။ ရေလုပ်သားသည် မြစ်ကြီးကို လှေငယ်ဖြင့် ဖြတ်ကူး၏။

အမှတ် (၃) သင်ခန်းစာ
ဒိဂုသမာသ်ပုဒ်ရေးနည်း

၁။ သချ်ာသဒ္ဒါရှေ့ရှိသော ကမ္မမာရယ်သမာသ်သည် ဒိဂုသမာသ်မည်၏။ ထိုဒိဂုသမာသ်သည် –

(က) နပုံလိင်ကေဝုစ်ထားရသော သမာဟာရဒိဂု

(ခ) နောက်ပုဒ်၏လိင်အတိုင်း လိင်သုံးပါး၊ ဝုစ်နှစ်ပါးထားရသော အသမာဟာရဒိဂုဟု နှစ်မျိုးရှိ၏။

၂။ ဒိဂုသမာသ်ပုဒ်၌

(က) ရှေ့ပုဒ်နောက်ပုဒ်အရအတူခြင်း

(ခ) သချ်ာပုဒ်ရှေ့ကရှိရခြင်း

(ဂ) သမာဟာရဒိဂုဖြစ်က အမြဲနပုံးလိင်၊ ဧကဝုစ်ဝိဘတ်ရှိရခြင်း အသမာဟာရဒိဂုသမာသ်ဖြစ်က နောက်ပုဒ်၏လိင်အတိုင်း လိင်သုံးပါး၊ ဝုစ်နှစ်ပါးရှိရခြင်းဟူ၍ အင်္ဂါသုံးပါးရှိရ၏။

၃။ သမာဟာရဒိဂုသမာသ်ပုဒ်ကို စိတ္တာဒိဂိုဏ်း ဧကဝုစ်ဝိဘတ်အတိုင်း ပါဠိစကုံးရမည်။ ပဒမာလာစဉ်လိုက စိတ္တာဒိဂိုဏ်း ဧကဝုစ်ဝိဘတ်အတိုင်း ပဒမာလာစဉ်ရမည်။

http://www.dhammadownload.com

၄။ မြန်မာအသံထွက်၌ ''သုံးပါးသောလောက'' စသည်ဖြင့် ရှေ့ပုဒ်၌ ''သုံးပါးသော'' ဟူ၍ သချ်ာအနက်ပါရှိလျှင် ဒိဂုသမာသ်ဟုမှတ်ကာ ဒိဂုသမာသ်ရေးထုံးအတိုင်း ပါဠိစီကုံးရမည်။

ပုံစံ။ တိလောကေ ဇေပုဂ္ဂလော ပဋ္ဌ သိက္ခာပဒံ သမာဒိယတိ။

မြန်မာ။ လောကသုံးပါး၌ တစ်ယောက်သောပုဂ္ဂိုလ်သည် ငါးပါးသော သိက္ခာပုဒ်ကို ဆောက်တည်၏။

ဒိဂုသမာသ်ပုဒ်

ဒိဂုသမာသ်သည် သမာဟာရ ဒိဂု၊ အသမာဟာရဒိဂုဟု နှစ်မျိုးပြား၏။

သမာဟာရဒိဂု

တစ်ပေါင်းတည်းဆောင်ခြင်းသည် သမာဟာရဒိဂုမည်၏။ ''တယော + လောကာ = တိလောကံ'' ဟူသောပုံစံ၌ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို ''လောက'' ခေါ်၏။ ထိုသတ္တဝါသုံးမျိုးကို စိတ်ဖြင့်မှန်း၍ တစ်ပေါင်းတည်းပြုလိုသော် ''တိလောကံ'' သုံးပါးသောလောကဟု တစ်ပေါင်းတစ်စုတည်းဖြစ်၏။ ဤသို့ တစ်ပေါင်းတည်း ပေါင်းပြသော သမာသ်သည် ''သမာဟာရဒိဂုသမာသ်'' ဖြစ်၏။

သမာဟာရဒိဂုသမာသ်၌ နပုံလိင်၊ ကေဝုစ်ဝိဘတ်ဖြင့်ထား၏။ ထို့ကြောင့် သမာဟာရဒိဂုသမာသ်ပုဒ်ကို စိတ္တာဒိဂိဏ်ကေဝုစ်ဝိဘတ်အတိုင်း ပဒမာလာစဉ်ရ၏။

ပုံစံများ

ပါဠို		မြန်မာ
အဋ္ဌသီလံ	=	ရှစ်ပါးသီလ
စတုဒ္ဒိသံ	=	လေးပါးသောအရပ်မျက်နှာ
တိလက္ခဏံ	=	သုံးပါးသောလက္ခဏာ

http://www.dhammadownload.com

စတုသစ္စံ	=	လေးပါးသောသစ္စာ
တိရတ္တံ	=	သုံးညဉ့်
တိလောကံ	=	သုံးပါးသောလောက
တိမလံ	=	သုံးခုသောအညစ်အကြေး
တိဒဏ္ဍံ	=	သုံးချောင်းသောတုတ်
သဠါယတနံ	=	ခြောက်ပါးသောအာယတန
ဒသသီလံ	=	ဆယ်ပါးသီလ
ဒ္ဝိရတ္တံ	=	နှစ်ညဉ့်
ဒ္ဝင်္ဂုလံ	=	နှစ်ခုသောလက်ချောင်း (လက်နှစ်သစ်)
နဝလောကုတ္တရံ	=	ကိုးပါးသောလောကုတ္တရာ
သတ္တာဟံ	=	ခုနစ်ရက်
သတယောဇနံ	=	တစ်ရာသောယူဇနာ
ပဉ္စသိက္ခာပဒံ	=	ငါးပါးသောသိက္ခာပုဒ်

အသာမာဟာရဒိဂု

တစ်ပေါင်းတည်းမဆောင်သော သမာသ်သည် အသမာဟာရဒိဂုသမာသ် မည်၏။

''ပဉ္စ + ဂုန္နံ်ယာနိ = ပဉ္စဂုန္နံ်ယံ'' ဟူသော ပုံစံ၌ သဒ္ဒါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဂုဏ်ကြီးပါးသည် မူလကပင် တစ်မျိုးစီကွဲပြားနေ၏။ ပဉ္စန်္ဒြိယံဟု သမာသ်စပ်ပြီးသောအခါ၌လည်း မူလအတိုင်းပင် ကွဲပြားမြဲ ကွဲပြားနေ၏။ ထိုသို့ တစ်ပေါင်းတစ်စုတည်း ပေါင်းစပ်မရဘဲ မူလအတိုင်းပြသော သမာသ်သည် ''အသမာဟာရဒိဂုသမာသ်'' မည်၏။

အသမာဟာရဒိဂုသမာသ်၌ နောက်ပုဒ်၏ လိင်အတိုင်း လိင်သုံးပါး ဝုစ်နှစ်ပ်းရှိနိုင်၏။

http://www.dhammadownload.com

အသမာဟာရဒီဂုပုံစံများ

ပါဠို	မြန်မာ
ဇကပုတ္တော	တစ်ယောက်တည်းသောသား
ဇကပုဂ္ဂလော	တစ်ယောက်တည်းသောပုဂ္ဂိုလ်
ဇကဓမ္မော	တစ်ပါးသောတရား
ဇကိတ္ထီ	တစ်ယောက်သောမိန်းမ
စတုဒ္ဒိသာ	လေးပါးသောအရပ်
တိဘဝါ	သုံးပါးသောဘဝ
ဒသသဟသစက္ကဝါဠာနိ	တစ်သောင်းသောစကြာဝဠာ

မှတ်ချက်။ ရတ္တိ၊ အဂ်ုလိ၊ ဂေါဓာဝရီစသော သဒ္ဒါများနှင့် အပစ္စည်း ဆက်သွယ်လျှင် ပုဒ်အဆုံးသရများ ကျေပျောက်သွား၏။

ပုံစံ။ ဒွိရတ္တံ၊ ဒွဂ်ုလံ၊ သတ္တဂေါဓာဝရံ စသည်။

သုရာဘိ၊ သု၊ ဒု၊ ပုတိသဒ္ဒါများနှင့် ဂန္ဓသဒ္ဒါတွဲစပ်သောအခါ ဂန္ဓ၏အစိတ် အ–အက္ခရာကို ''က္ခ'' ပြုရ၏။

ပုံစံ။ သုရာဘိဂန္ဓိ၊ သုဂန္ဓိ၊ ဒုဂ္ဂန္ဓိ၊ ပုတိဂန္ဓိ။

ပထမနေ့

၁။ ဇကိတ္ထီ သတ္တာဟံ တိလက္ခဏံ ဘာဝေတိ။

၂။ သုဒ္ဓါဒနမင်း၏ တစ်ယောက်တည်းသောသားဖြစ်တော်မူသောဘုရား ရှင်သည် သစ္စာလေးပါးကို ထိုးထွင်းသိတော်မူ၏။

၃။ ကိုရင်သည် ဆယ်ပါးသီလကို အမြဲဆောက်တည်၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ မာယာနာမ ဒေဝီ ကေပုတ္တံ ဝိဇာယိတွာ ကာလံ ကရောတိ။

၂။ ငါသည် မန္တလေးမြို့သို့သွား၍ ထိုမန္တလေးမြို့၌ သုံးညအိပ်ခဲ့၏။

၃။ ရဟန်းတော်များနှင့် သာမဏေများသည် ပုဆစ်ဒူးဝန်းမှစ၍ သင်းပိုင်ကို လက်နှစ်သစ်ချလျက် အဝန်းညီစွာ ဝတ်ကြ၏။

အမှတ် (၄) သင်ခန်းစာ
တပ္ပါရိသ်သမာသ်ပုဒ်ရေးနည်း

၁။ တပ္ပရိသသဒ္ဒါနှင့်တူသောကြောင့် တပ္ပါရိသ်သမာသ်ခေါ်၏။ တပ္ပါရိသော ပုဒ်ကို တ–အက္ခရာတစ်ပုဒ်၊ ပုရိသတစ်ပုဒ်ခွဲ၍ တဿပုရိသောဟု ဝါကျဖြစ်လာသောအခါ တ–အက္ခရာအရ မင်းဒြပ်ကိုရ၏။ ပုရိသောအရ မင်းချင်းယောကျ်ားကို ရ၏။ သမာသ်စပ်၍ တပ္ပါရိသော ဟု ဖြစ်လာသောအခါ မင်းဒြပ်ကို မရတော့ဘဲ နောက်ပုဒ်အရဖြစ်သော မင်းချင်းယောကျ်ားကိုသာရ၏။

''မဟာပုရိသော'' ဟူသော သမာသ်ပုဒ်၌လည်း မဟာအရ ''မြတ်သော ဂုဏ်'' ကို မရဘဲ ''ပုရိသော'' ဟူသော နောက်ပုဒ်၏အနက်ဖြစ်သော ယောကျ်ားဒြပ်ကိုသာရ၏။ ဤသို့ တပ္ပါရိသ သဒ္ဒါသည် နောက်ပုဒ်အနက်ကို ပမာနအားဖြင့် ဟောသကဲ့သို့ ကမ္မဓာရယ်သမာသ်သည်လည်း နောက်ပုဒ်အနက်ကို ပမာနအားဖြင့် ဟောသောကြောင့် အဒွတ္ထသညာအားဖြင့် ''တပ္ပါရိသ်'' မည်၏။

၂။ တပ္ပါရိသ်သမာသ်သည် အောက်ပါတိုင်း နှစ်မျိုးပြား၏။

(က) မိဿကတပ္ပါရိသ်သမာသ်၊

(ခ) အမာဒိတပ္ပါရိသ်သမာသ်၊

http://www.dhammadownload.com

ဥဘော တပ္ပုရိသာ သုတ်ဖြင့် ပြအပ်သော တပ္ပုရိသ်သမာသ်ကို မိဿက တပ္ပုရိသ်ခေါ်၏။ ဥဘော တပ္ပုရိသ်ဟုလည်း ခေါ်ကြ၏။ အမာဒယော ပရပဒေဘိ သုတ်ဖြင့် ပြအပ်သောသမာသ်ကို အမာဒိတပ္ပုရိသ်သမာသ်ခေါ်၏။ သုဒ္ဓတပ္ပုရိသ် သမာသ်ဟုလည်းခေါ်ကြ၏။

၃။ မိဿကတပ္ပုရိသ်သမာသ်သည် အောက်ပါအတိုင်း နှစ်မျိုးပြား၏။

(က) ကမ္မဓာရယမိဿကတပ္ပုရိသ်သမာသ်၊

(ခ) ကမ္မဓာရယဒိဂုမိဿကတပ္ပုရိသ်သမာသ်။

၄။ ကမ္မဓာရယ်သမာသ်သည် နှစ်ပုဒ်အရတူသော်လည်း နောက်ပုဒ်အနက် ပြဋ္ဌာန်းသော တပ္ပုရိသ်သမာသ်လက္ခဏာ ပါဝင်နေ၏။ ''မဟာပုရိသော'' ၌ မဟန္တပုဒ်နှင့် ပုရိသပုဒ်တို့ အရတူသော်လည်း ယောက်ျားဟူသော နောက်ပုဒ် အရသာ ပဓာနဖြစ်၏။ မဟန္တပုဒ်သည် ဝိသေသန (ဂုဏ်) ပုဒ်ဖြစ်၏။ ပုရိသ ပုဒ်သည် ဝိသေသျ (ဂုဏ်ရား) ပုဒ် ဖြစ်၏။ ''မဟာပုရိသော'' ဟု သမာပုဒ် ဖြစ်လာသောအခါ မဟာအရ အမြတ်ဂုဏ်၌သာ ရပ်တန့်မနေဘဲ ပုရိသော ဟူသော ဝိသေသျပုဒ်၏ အနက်ဖြစ်သော ယောက်ျားတိုင်အောင် အရကောက် ရ၏။ ဤသို့ မဟာပုရိသော၌ နှစ်ပုဒ်အရတူသောကြောင့် ကမ္မဓာရယ်သမာသ် လက္ခဏာလည်း ပါဝင်နေ၏။ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် တပ္ပုရိ သမာသ်လက္ခဏာလည်း ပါဝင်နေ၏။ ဤသို့ လက္ခဏာနှစ်မျိုး ပါဝင်နေသော ကြောင့် **''ကမ္မဓာရယမိဿကတပ္ပုရိသ်''** ခေါ်၏။

န + ဗြာဟ္မဏော = အဗြာဟ္မဏော ဟူသော ပုံစံ၌ န-သဒ္ဒါသည် ပုဏ္ဏားတု ဒြပ်ကိုဟော၏။ ဗြာဟ္မဏသဒ္ဒါသည်လည်း အသိမှားနေသူအတွက် ပုဏ္ဏားတုဒြပ်ကိုပင်ဟော၏။ ထိုသို့ နှစ်ပုဒ်အရတူသောကြောင့် တုလျာဓိကရဏ ဖြစ်၏၊ ကမ္မဓာရယ်သမာသ်အမည်ရ၏။

န-သဒ္ဒါသည် ဝိသေသန (ဂုဏ်)ပုဒ်ဖြစ်၏။ ဗြာဟ္မဏသဒ္ဒါသည် ဝိသေသျ (ဂုဏ်ရား)ပုဒ်ဖြစ်၏။ အဗြာဟ္မဏောဟု သမာသ်ပုဒ်ဖြစ်လာသောအခါ ပုဏ္ဏားတု

http://www.dhammadownload.com

ဟူသော နောက်ပုဒ်အနက်ကိုရ၏။ ဤသို့နှစ်ပုဒ်အရတူသောကြောင့် ကမ္မဓာရယ်သမာသ်လက္ခဏာလည်းပါဝင်နေ၏။ နောက်ပုဒ်အနက်ပြဋ္ဌာန်းသောကြောင့် တပ္ပုရိသ်လက္ခဏာလည်းပါဝင်နေ၏။ ထို့ကြောင့် ''အဗြာဟ္မဏော''သည် **''ကမ္မဓာရယမိဿကတပ္ပုရိသ်''** မည်၏။

မှတ်ချက် ။ ။ အမနုဿော၊ အဿမဏော အဘိက္ခု၊ အမိတ္တော စသော ပုံစံများလည်း ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ်ပုဒ်များ ဖြစ်ကြ၏။

၅။ နှစ်ပုဒ်အရတူခြင်း၊ သခ်ျာပုဒ်ရှေ့ရှိခြင်း၊ နောက်ပုဒ်အနက် ပြဋ္ဌာန်းခြင်း ဟူသော လက္ခဏာသုံးပါးနှင့် ပြည့်စုံသော သမာသ်ပုဒ်ကို ''ကမ္မဓာရယဒိဂုမိဿကတပ္ပုရိသ်'' ခေါ်၏။

တိလောကံ – ပုံစံ၌ တိ–ပုဒ်နှင့် လောက–ပုဒ်တို့အရတူသောကြောင့် ကမ္မဓာရယ်သမာသ် လက္ခဏာပါဝင်နေ၏။ တိ–ဟူသော သခ်ျာပုဒ်ရှေးရှိသောကြောင့် ဒိဂုသမာသ်လက္ခဏာလည်းပါဝင်နေ၏။ လောကဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် တပ္ပုရိသ်သမာသ်လက္ခဏာလည်းပါဝင်နေ၏။ ထို့ကြောင့် ''တိလောကံ'' သည် ''ကမ္မဓာရယဒိဂုမိဿက တပ္ပုရိသ်'' သမာသ် ဖြစ်၏။

မှတ်ချက် ။ ။ ဤမိဿက တပ္ပုရိသ်သမာပုဒ်များ၌ ရှေ့ပုဒ်၊ နောက်ပုဒ် နှစ်ခုလုံး၌ ပထမာဝိဘတ်ချည်းသာ ကျသောကြောင့် ''ပထမာတပ္ပုရိသ်သမာသ်'' ဟုလည်းခေါ်ကြ၏။ ဤမိဿက တပ္ပုရိသ်သမာသ် ပုံစံများအတွက် လေ့ကျင့်ခန်းကို ကမ္မဓာရယ်သမာသ်နှင့် ဒိဂုသမာသ်တို့၌ပြခဲ့ပြီ ဖြစ်၍ ထပ်မပြတော့ပါ။

၆။ ရှေ့ပုဒ်၌ ဒုတိယာအစရှိသော ဝိဘတ်ခြောက်မျိုးကျော်ပျောက်၍ နောက်ပုဒ်အနက်ပြဋ္ဌာန်းသော သမာသ်သည် အမာဒိတပ္ပုရိသ်သမာသ်မည်၏။ ''အလုပ်သမား'' ဟူသော မြန်မာစကား၌ အလုပ်သည် ဒြပ်တစ်ခုဖြစ်၏။

http://www.dhammadownload.com

သမားဟူသောစကားသည်လည်း ဒြပ်တစ်ခုဖြစ်၏။ ယင်းဒြပ်နှစ်ခုကို သမာသ်ပေါင်းစပ်လိုက်သောအခါ နောက်ပုဒ်အရ သမား–ကိုသာ အရကောက်ရ၏။ အလုပ်ဟူသောရှေ့ပုဒ်၏အရကို မကောက်ရ၊ တပ္ပုရိသ်သမာသ်၌ ဤသို့နောက်ပုဒ်အရကိုသာယူရသောကြောင့် နောက်ပုဒ်အနက်ပြဋ္ဌာန်းသည်ဟုပြောရ၏။ ကမ္မဓာရယ်၊ ဒိဂုသမာသ်တို့နှင့်မရောနှောသောကြောင့် အမာဒိတပ္ပုရိသ်သမာသ်ကို ''သုဒ္ဓတပ္ပုရိသ်သမာသ်''ဟုလည်း ခေါ်ကြ၏။

၇။ အမာဒိတပ္ပုရိသ်သမာသ်သည် ရှေ့ပုဒ်၌ကျသော ဝိဘတ်ကို အကြောင်းပြု၍ အောက်ပါအတိုင်း ခြောက်မျိုးပြား၏။

(က) ဒုတိယာတပ္ပုရိသ်
(ခ) တတိယာတပ္ပုရိသ်
(ဂ) စတုတ္ထီတပ္ပုရိသ်
(ဃ) ပဉ္စမီတပ္ပုရိသ်
(င) ဆဋ္ဌီတပ္ပုရိသ်
(စ) သတ္တမီတပ္ပုရိသ်

၈။ အမာဒိတပ္ပုရိသ်သမာသ်တွင်

(က) ရှေ့ပုဒ်၌ ဒုတိယာစသော ဝိဘတ်တစ်မျိုးမျိုးကျခြင်း ။
(ခ) နောက်ပုဒ်၌ ပထမာဝိဘတ်ကျခြင်း။

ဤသို့ သမာသ်လက္ခဏာနှစ်ပါးရှိ၏။

၉။ အမာဒိတပ္ပုရိသ်သမာသသ်ပုဒ်ကို နောက်ပုဒ်၏လိင်ဝုစ်အတိုင်း ကွတ္ထိလိင်၊ ပုလ္လိင်၊ နပုံလိင်ဟု လိင်သုံးပါး၊ ဝုစ်နှစ်ပါးဖြင့်ရေးနိုင်၏။

၁၀။ ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ်ကို ကံပုဒ်ကိုငဲ့သော ကံ ပုဒ်ကိုလိုလားသော ဂတ၊ နိဿိတ၊ အတီတ၊ အတိက္ကန္တ၊ ပတ္တ၊ အာပန္နစသော သဒ္ဒါများဖြင့် သမာသ်တွဲစပ်လျက်ရေးသားရ၏။

http://www.dhammadownload.com

၁၁။ မြန်မာအသံထွက်၌ မြေသို့သွားသူ၊ တရားကိုမှီသူ၊ အနက်ကိုမှီသူ၊ ဘဝကိုလွန်သူစသည်ဖြင့် ရှေ့ပုဒ်အဆုံး၌ ''သို့၊ ကို'' ဟူ၍ ဒုတိယာဝိဘတ်သံပါရှိ၏။ နောက်ပုဒ်၌ သွားသူ၊ မှီသူ၊ လွန်သူ စသည်ဖြင့် ကိတ်ကြိယာပုဒ်အသံများ ပါရှိ၏။ ထိုသို့ မြန်မာအသံထွက်ကိုကြည့်လျက် ဒုတိယတပ္ပုရိသ်သမာသ်ပုဒ်ဟု မှတ်သား၍ ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ်ကို ''ဘူမိဂတော'' ဟု သမာသ်ဝိဂြိုဟ်ဝါကျပြုလုပ်ပြီး သမာသ်စပ်သောအခါ ရှေ့ပုဒ်မှဒုတိယာဝိဘတ်ကို ချေဖျက်၍ ''ဘူမိဂတော''ဟု ပါဠိစီကုံးရ၏။

ပုံစံ ။ ။ ဓမ္မကာမော ဓမ္မံ ပရိယေသတိ။

မြန်မာ။ ။ တရားကိုလိုလားသူသည် တရားကိုရှာဖွေ၏။

ဒုတိယာတပ္ပုရိသ်သမာသ်ပုံစံများ

ပါဠို	မြန်မာ
အရညဂတော	တောသို့သွားသူ
အပါယဂတော	အပါယ်သို့သွားသူ
အတ္ထကာမော	အကျိုးကိုလိုလားသူ
ကမ္မကာရော	အလုပ်ကိုပြုလုပ်သူ (အလုပ်သမား)
ကာလာတီတော	အချိန်အခါကိုလွန်သူ
ကုမ္ဘကာရော	အိုးလုပ်သူ
ဒုက္ခပတ္တော	ဆင်းရဲသို့ရောက်သူ
ဓမ္မကာမော	တရားကိုလိုလားသူ
ဓမ္မဓရော	တရားကိုဆောင်ထားသူ
ဓမ္မနိဿိတော	အကြောင်းကိုမှီသောတရား
နိရောဓသမာပန္နော	နိရောဓသို့ရောက်သူ
ပမာဏာတိက္ကန္တော	အတိုင်းအရှည်ကိုကျော်လွန်သူ
ဘဝါတီတော	ဘဝကိုလွန်မြောက်ပြီးသူ

http://www.dhammadownload.com

မုဟုတ္တသုခံ	တစ်ခဏမျှချမ်းသာခြင်း
ရထာရုဇ္ဇော	ရထားကိုတက်စီးသူ
ဝိနယဓရော	ဝိနည်းကိုဆောင်သူ
သုခပတ္တော	ချမ်းသာသို့ရောက်သူ
သောတာပန္နော	အရိယာမဂ်အလျဉ်သို့ရောက်ပြီးသူ
သစ္စဝါဒီ	မှန်သောစကားကိုပြောဆိုလေ့ရှိသူ
သဗ္ဗရတ္တိသောဘနော	အလုံးစုံသောညဉ့်ပတ်လုံး တင့်တယ်
	တော်မူသောဘုရား။

တတိယတပ္ပုရိသ်သမာသ်

၁၂။ ကိတ်ပစ္စည်းဆုံးသောသဒ္ဒါ၊ ပုဗ္ဗ၊ သဒိသ၊ သမသဒ္ဒါ၊ ဥနအနက်ရှိသော သဒ္ဒါ၊ ကလဟ၊ နိပုဏ၊ မိဿ၊ သခိလ စသော တတိယဝိဘတ်အနက်ကို လိုလားသော နောက်ပုဒ်များနှင့် တွဲစပ်လျက် တတိယာတပ္ပုရိသ်သမာသ်ပုဒ်ကို ရေးသားရ၏။

၁၃။ မြန်မာအသံထွက်၌ ''မြားဖြင့်ပစ်အပ်သူ၊ ဘုရားရှင်သည် ဟောတော်မူအပ်သောတရား'' စသည်ဖြင့် ရှေ့ပုဒ်၌ ''ဖြင့်၊ သည်'' ဟူသော တတိယာဝိဘတ်အနက် ကရိဏ်းအသံ၊ ကတ္တားအသံများပါရှိ၏။ နောက်ပုဒ်၌ ''ပစ်အပ်, ဟောအပ်'' စသော ကိတ်ကြိယာအသံများပါရှိ၏။ ထိုမြန်မာအသံထွက်ကို ကြည့်လျက် တတိယာတပ္ပုရိသ်သမာသ်ပုဒ်ဟု မှတ်သား၍ တတိယာတပ္ပုရိသ်ပုဒ်ကို ရှေ့ပုဒ်တွင် တတိယာဝိဘတ်သက်၍ ''အဂ္ဂိနာ ဒဗ္ဗော'' ဟု သမာသ်ဝိဂြိုဟ် ဝါကျပြုလုပ်ပြီး သမာသ်စပ်သောအခါ ရှေ့ပုဒ်မှ တတိယာဝိဘတ်ကို ချေဖျက်လျက် ''အဂ္ဂိဒဗ္ဗော'' ဟု ပါဠိစီကုံးရ၏။

ပုံစံ ။ ။ သီလသမ္မန္နော ဗုဒ္ဓဘာသိတံ ဓမ္မံ သက္ကစ္စံ သုဏာတိ။

မြန်မာ။ ။ သီလနှင့်ပြည့်စုံသူသည် ဘုရားရှင်ဟောတော်မူအပ်သော တရားတော်ကို ရိုသေစွာ နာယူ၏။

http://www.dhammadownload.com

တတိယာတပ္ပုရိသ်သမာသ်ပုံစံများ

ပါဠို	မြန်မာ
အဂ်ိဒမော	မီးလောင်အပ်သောပစ္စည်း
အဿရထော	မြင်းနှင့်ယှဉ်ကပ်သောတရား(မြင်းရထား)
အသိကလဟော	သန်လျက်ဖြင့်ငြင်းခုံခြင်း
ဣဿရကတံ	အစိုးရသူပြုအုပ်သောအလုပ်
ဣစ္ဆာပကတော	အလိုဆိုးနှိပ်စက်အပ်သူ
ဥရဂေါ	ရင်ဖြင့်သွားသောမွေ့
ဧကူနဝီသတိ	တစ်ခုဖြင့်ယုတ်လျော့သောနှစ်ဆယ်(၁၉ခု)
ကာကပေယျာ	ကျီးတို့သောက်ထိုက်သောမြစ်
ခီရောဒနော	နို့ရည်ဖြင့်ရောနှောအပ်သောထမင်း
ဂုဏာဝုမော	ဂုဏ်အားဖြင့်ကြီးမြင့်သူ
ဂုဠောဒနော	တင်လဲဖြင့်ရောနှောအပ်သောထမင်း
ဂုဏာဟီနော	ဂုဏ်အားဖြင့်ယုတ်ညံ့သူ
ဂုဏာဓိကော	ဂုဏ်အားဖြင့်လွန်ကဲသူ
စတုဝဂ်ကရဏီယံ	စတုဝဂ်ပြုထိုက်သောကံ
ဇိနဒေသိတော	ဘုရားသည်ဟောအပ်သောတရား
ဇစ္ဇန္ဓော	ပဋိသန္ဓေအားဖြင့်ကန်းသူ
ဇမ္ဗုဒီပေါ	သပြေပင်ဖြင့် မှတ်အပ်သောကျွန်း
ဇာတိတ္ထဒ္ဓေါ	ဇာတ်အားဖြင့်ခက်ထန်သူ
ဉာဏသမ္ပယုတ္တံ	ဉာဏ်နှင့်ယှဉ်သောစိတ်
ပုညတ္ထိကော	ကောင်းမှုဖြင့်အလိုရှိသူ
ပိယဝိပ္ပယောဂေါ	ချစ်သူနှင့်ကွေကွင်းခြင်း
ပါဒပေါ	ခြေဖြင့်ရေသောက်တတ်သူ
ပကတိမေဓာဝီ	ပင်ကိုအားဖြင့်ပညာရှိသူ

http://www.dhammadownload.com

ပိတုသမော	အဖေနှင့်တူသူ
မာတုသဒိသော	အမိနှင့်တူသူ
မာသပုဗ္ဗော	တစ်လဖြင့်ရှေးကျသူ
မဂ္ဂစိတ္တံ	မဂ်နှင့်ယှဉ်သောစိတ်
မိတ္တသံသဂ္ဂေါ	မိတ်ဆွေနှင့်ရောနှောသူ
ယာဝကာလိကသမ္မိဿံ	ယာဝကာလိကဝတ္ထုဖြင့်ရောနှောအပ်သော အစာ
ဝါစာသခိလော	စကားဖြင့်ပြေပြစ်သူ
ဝါစာနိပုဏော	စကားဖြင့်နူးညံ့သူ
ဝိညူဂရဟိတော	ပညာရှိတို့ကဲ့ရဲ့အပ်သူ
ဝိညုပ္ပသတ္ထော	ပညာရှိတို့ချီးမွမ်းအပ်သူ
သဃံကတံ	ကိုယ်တိုင်ပြုအပ်သောအလုပ်
သပ္ပဒဋ္ဌော	မြွေကိုက်အပ်သူ
သလ္လဝိဒ္ဓေါ	မြားဖြင့်ပစ်ဖောက်အပ်သူ
သတ္ထာရသဒိသော	ဘုရားနှင့်တူသူ
သီလဝိကလော	သီလဖြင့်ချို့တဲ့သူ။

စတုတ္ထီတပ္ပုရိသ်သမာသ်

၁၄။ တဒတ္ထ၊ အတ္ထ၊ ဟိတ၊ ဒေယျ စသော နောက်ပုဒ်များနှင့် သမာသ်တွဲစပ်လျက် စတုတ္ထီတပ္ပုရိသ်သမာသ်ပုဒ်ကို ရေးရ၏။

၁၅။ မြန်မာအသံထွက်၌ ''မိမိဖို့၊ သင်္ဘန်းဖို့အဝတ်၊ သံဃာဖို့ဆွမ်း'' ဟူ၍ အသံထွက်သော စကားရပ်ကို စတုတ္ထီတပ္ပုရိသ်သမာသ်ဟု မှတ်သားလျက် တပ္ပုရိသ်သမာသ်ရေးထုံးအတိုင်း ပါဠိစီကုံးရ၏။

ပုံစံ ။ ။ ပုညတ္ထိကော အတ္တတ္ထံ ပုညံ ကရောတိ။

မြန်မာ။ ။ ကောင်းမှုဖြင့်လိုလားသူသည် မိမိဖို့ ကောင်းမှုကို ပြုလုပ်၏။

http://www.dhammadownload.com

စတုတ္ထီတပ္ပုရိသ်သမာသ်ပုံစံများ

ပါဠိ	မြန်မာ
အတ္တတ္ထံ	မိမိဖို့
အာဂန္ဆကာဘတ္တံ	လည့်သည်တို့ဖို့ထမင်း
ဇေတဒတ္ထော	ဤအရာဖို့အားထုတ်ခြင်း
ဇေတဒတ္ထာ	ဤအရာဖို့ဖြစ်သောစကား
ဇေတဒတ္တံ	ဤအရာဖို့ဖြစ်သော နားထောင်ခြင်း
ကထိနဒုဿံ	ကထိန်သင်္ကန်းဖို့ သင်္ကန်းအဝတ်
ကိမတ္ထံ	အဘယ်ဖို့နည်း
ဂမိကာဘတ္တံ	ခရီးသွားသူတို့ဖို့ထမင်း
စီဝရဒုဿံ	သင်္ကန်းဖို့အဝတ်
စီဝရမူလံ	သင်္ကန်းဖို့အဖိုး
တဒတ္ထော	ထိုအရာဖို့ဖြစ်သော (ကျောင်း)
ပရတ္ထံ	သူတစ်ပါးဖို့
ပါသာဒဒဗ္ဗံ	ပြာသာဒ်ဖို့သစ်သား
ဗုဒ္ဓဒေယျံ	ဘုရားအားလျူထိုက်သော (ပန်း)
ဘိက္ခုသံဃတ္ထော	ရဟန်းသံဃာဖို့ကျောင်း
ဘိက္ခုသံဃတ္ထာ	ရဟန်းသံဃာဖို့ယာဂု
ဘိက္ခုသံဃတ္ထံ	ရဟန်းသံဃာဖို့သင်္ကန်း
ဘတ္တတဏ္ဍုလာ	ထမင်းဖို့ဆန်တို့
ယဒတ္ထော	အကြောင်အရာဖို့ဖြစ်သော (ကျောင်း)
ယာဂုတဏ္ဍုလာ	ယာဂုဖို့ဆန်တို့
လောကဟိတော	လောကဖို့စီးပွား
ဝိရာဂတ္ထာ	အရိယာမဂ်ဖို့ငြီးငွေ့ခြင်း
ဝိမုတ္တတ္ထော	အရိယာဖိုလ်ဖို့အရိယာမဂ်

http://www.dhammadownload.com

သံဃဒေယျံ	သံဃာအားလှူထိုက်သော (သင်္ဃန်း)
သံဃဘတ္တံ	သံဃာဖို့ဆွမ်း
သံဝရတ္ထော	စောင့်ရှောက်ဖို့ဝိနည်း
သမာဓတ္ထံ	သမာဓိဖို့ချမ်းသာ

ပဋ္ဌမိတပ္ပုရိဿသမာသ်

၁၆။ ခွဲခွာခြင်းအနက်ဟော အပဂမနသဒ္ဒါ၊ ကြောက်လန့်ခြင်းအနက်ဟော ဘယသဒ္ဒါ၊ ရှောင်ကြဉ်ခြင်းအနက်ဟော ဝိရတိသဒ္ဒါ၊ လွတ်မြောက်ခြင်းအနက်ဟော မောစနသဒ္ဒါ စသော အပါဒါန်အနက်ကို (ငဲ့သော) လိုလားသော နောက်ပုဒ်များနှင့် သမာသ်တွဲစပ်လျက် ပဋ္ဌမိတပ္ပုရိဿသမာသ်ပုဒ်ကို ရေးရ၏။

၁၇။ မြန်မာအသံထွက်၌ ''မေထုန်မှကင်းသူ၊ မြို့မှထွက်သွားသူ'' စသည်ဖြင့် ရှေးပုဒ်၌ ''မှ၊ က'' ဟူသော အပါဒါန်အနက်သံပါရှိ၏။ နောက်ပုဒ်၌ကင်းသူ၊ ထွက်သွားသူ'' စသည်ဖြင့် ကိတ်ကြိယာအသံများ ပါရှိ၏။ ထိုမြန်မာအသံထွက်ကိုကြည့်လျက် ပဋ္ဌမိတပ္ပုရိဿသမာသ်ဟု မှတ်သား၍ ပဋ္ဌမိတပ္ပုရိဿသမာသ်ပုဒ်တွင် ရှေ့ပုဒ်ကို ပဋ္ဌမိဝိဘတ်ဖြင့်ရေးပြီး ''ဗန္ဓနာ မုတ္တော'' ဟု သမာသ်ဝိဂြိဟ်ဝါကျပြုလုပ်ပြီးနောက် ရှေ့ပုဒ်မှ ပဋ္ဌမိဝိဘတ်ကို ချေဖျက်ကာ ''ဗန္ဓနမုတ္တော'' ဟု သမာသ်ပုဒ်အဖြစ် ပါဠိစီကုံးရ၏။

ပုံစံ ။ ။ ဒုက္ခပ္ပတ္တော သဗ္ဗဘဝနိဿဋ္ဌံ နိဗ္ဗာနံ ပတ္တေတိ။

မြန်မာ။ ။ ဆင်းရဲဒုက္ခရောက်နေသူသည် အလုံးစုံသောဘဝတို့မှ ထွက်မြောက်သော နိဗ္ဗာန်ကို တောင့်တ၏။

ပဋ္ဌမိတပ္ပုရိဿသမာသ်ပုံစံများ

ပါဠိ	မြန်မာ
အမနုဿဘယံ	ဘီလူးဘေး
အဂ္ဂိဘယံ	မီးဘေး

http://www.dhammadownload.com

အကတ္တာမ္ဟိရတိ	မပြုထိုက်သောအလုပ်မှရှောင်ကြဉ်ခြင်း
အာပတ္တိဝုဋ္ဌာနံ	အာပတ်မှထခြင်း
အာဟာရဖံ	အာဟာရကြောင့်ဖြစ်သောရုပ်
ဥက္ကဋ္ဌက္ကဋ္ဌံ	ဥက္ကဋ္ဌထက်လွန်သောစိတ်
ဥတုဖံ	ဥတုကြောင့်ဖြစ်သောရုပ်
ဩမကောမကံ	ဩမကအောက်ယုတ်လျော့သောစိတ်
ကာယဒုစ္စရိတဝိရတိ	ကာယဒုစရိုက်မှရှောင်ကြဉ်ခြင်း
ကမ္မသမုဋ္ဌံ	ကံကြောင့်ဖြစ်သောရုပ်
ကမ္မမုတ္တာ	ကံမှလွတ်သူ
ကမ္မဖံ	ကံကြောင့်ဖြစ်သောရုပ်
ဂါမနိဂ္ဂန်္ဓံ	ရွာမှထွက်သောတော
စိတ္တဖံ	စိတ်ကြောင့်ဖြစ်သောရုပ်
ဓောရဘယံ	ခိုးသူဘေး
ဓရဏိတလုဂ္ဂတော	မြေအပြင်မှတက်သူ
နဂရနိဂ္ဂတော	မြို့မှထွက်သောမင်း
ပလာပါပဂတော	ဖွဲအဖျင်းတို့မှကင်းသောစပါး
ပါပဘီတော	မကောင်းမှုမှကြောက်သူ
ပါပဘီရုကော	မကောင်းမှုမှကြောက်သည်
ပိဏ္ဍပါတပဋိက္ကန္တော	ဆွမ်းခံရာအရပ်မှ ဖဲခဲ့သောရဟန်း
	ဆွမ်းစားရာအရပ်မှ ဖဲခဲ့သောရဟန်း
ဗန္ဓနမုတ္တာ	အညှာမှလွတ်သောထန်းသီး
ဗန္ဓနမောက္ခာ	အနှောင်အဖွဲ့မှလွတ်သူ
မေထုနာပေတော	မေထုန်မှကင်းသူ
ရာဇဘယံ	မင်းဘေး
ရုက္ခဂ္ဂပတိတော	သစ်ပင်ဖျားမှကျသူ

http://www.dhammadownload.com

ဝစီဒုစ္စရိတဝိရတိ	ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်း
ဝနမုတ္တော	တောမှလွတ်သူ
သာသနစုတော	သာသနာတော်မှ ရွေ့လျော့သူ
သဗ္ဗဘဝနိဿဋော	အလုံးစုံသောဘဝတို့မှ ထွက်မြောက်သော
	ရဟန္တာ

ဆဋ္ဌီတပ္ပုရိသ်သမာသ်

၁၈။ သမ္ဓန်အနက်၊ ကမ္မဋ္ဌဆဋ္ဌီ (ကံအနက်၌သက်သောဆဋ္ဌီ) ဝိဘတ်အနက် (ငဲ့သော) လိုလားသော နောက်ပုဒ်များနှင့် သမာသ်တွဲစပ်လျက် ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်ကို ရေးရ၏။

၁၉။ မြန်မာအသံထွက်၌ ''မင်း၏သား'' စသော ပုံစံ၌ ရှေ့ပုဒ်တွင် ''၏'' ဟူ၍ သမ္ဓန်အနက်သံ ပါရှိ၏။ ''သား'' ဟူ၍ နာမနာမ်ပုဒ်အနက်သံ စသည် ပါရှိ၏။ ထိုမြန်မာအသံထွက်ကို ကြည့်လျက် ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်ဟု မှတ်သား၍ ဆဋ္ဌီတပ္ပုရိသမာသ်ပုဒ်တွင် ရှေ့ပုဒ်ကို ဆဋ္ဌီဝိဘတ်ဖြင့်ရေး၍ ''ဖလဿ ရသော'' ဟု တပ္ပုရိသ်ဝိဂြိုဟ်ဝါကျရေးရ၏။ ထို့နောက် ရှေ့ပုဒ်မှ ဆဋ္ဌီဝိဘတ်ကို ချေဖျက်၍ ''ဖလရသော'' ဟု သမာသ်ပုဒ်အဖြစ် ပါဠိစီကုံးရ၏။

မှတ်ချက်။ ရှေ့ပုဒ်၌ ဆဋ္ဌီဝိဘတ်သက်ရသော်လည်း အချို့ပြယုဂ်၌ ယင်း ဆဋ္ဌီဝိဘတ်သည် သမ္ဓန်အနက်၌သက်သော ဆဋ္ဌီဝိဘတ် မဟုတ်ဘဲ ကံအနက်၌သက်သော ဆဋ္ဌီဝိဘတ်တစ်မျိုးလည်းရှိ၏။ ဥပမာ – ''အာစရိယပူဇကော'' ပြယုဂ်ကို ''အာစရိယဿပူဇကော'' ဟု သမာသ်ဝိဂြိုဟ် ပြုရ၏။ အာစရိယဿဟူသော ရှေ့ပုဒ်၌ သ–ဝိဘတ်သည် ကံအနက်၌သက်သော ဝိဘတ်ဖြစ်၏။ ထို့ကြောင့် ''အာစရိယပူဇကော'' ဟူ၍ သမာသ်တွဲစပ်ပြီးနောက် ယင်းအာစရိယပူဇကော သမာသ်ပုဒ်ကို ''ဆရာကိုပူဇော်သူ'' ဟု မြန်မာပြန်ရ၏။ ထိုသို့ မြန်မာပြန်ရသောအနက်ကို ကမ္မဋ္ဌဆဋ္ဌီအနက်ဟု ခေါ်၏။

http://www.dhammadownload.com

ပုံစံ ။ ။ ရာဇပုတ္တော ရထသာလာယံ ဖလရသံ ပိဝတိ။

မြန်မာ။ ။ မင်းသားသည် ဘူတာရုံ၌ သစ်သီးရည်ကို သောက်၏။

ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုံစံများ

ပါဠို	မြန်မာ
အယောပတ္တော	သံသပိတ်
အာစရိယပူဇကော	ဆရာကိုပူဇော်သူ
ကုတ္ထိရုပံ	မိန်းမရုပ်
ဥစ္ဆုရသော	ကြံရည်
ကာယလဟုတာ	စေတသိက်အပေါင်းပေါ့ပါးသည်၏အဖြစ်
ဂုရုကုလံ	ဆရာ့အိမ်
ဇမ္ဗုသာခါ	သပြေခက်
ဇိနဝစနံ	ဘုရားစကားတော်
ဒေဝရာဇော	နတ်မင်း
ဒေဝသခေါ	နတ်တို့၏မိတ်ဆွေ
ဓညရာသိ	စပါးပုံ
နဒီတိတ္ထော	မြစ်ဆိပ်
ပါနီယထာလကံ	သောက်ရေခွက်
ပုလ္လိင်္ဂံ	ယောကျ်ားအသွင်
ပုမ္ဘာဝေါ	ယောကျ်ား၏အဖြစ်
ပုပ္ဖဂန္ဓော	ပန်းနံ့
ပုပ္ဖုယျာနံ	ပန်းဥယျာဉ်
ဖလရသော	သစ်သီးရည်
ဗုဒ္ဓသာဝကော	ဘုရားတပည့်
ဗုဒ္ဓရုပံ	ဘုရားရုပ်ပုံတော်

http://www.dhammadownload.com

ဘိက္ခုသန္တကံ	ရဟန်းပစ္စည်း
မရဏာသတိ	သေခြင်းကိုအောက်မေ့ခြင်း
မိဂါရမာတာ	မိဂါရ၏အမေ
ရထသာလာ	ဘူတာရုံ
ရုက္ခမူလံ	သစ်ပင်၏အနီးအောက် (သစ်ပင်ရင်း)
သာဝကသံဃော	တပည့်အပေါင်း
သုဝဏ္ဏကဋ္ဌာဟံ	ရွှေအိုးကင်း (ရွှေဒယ်)
သပ္ပိကုမ္ဘော	ထောပတ်အိုး
သမုဒ္ဒဃောသော	သမုဒ္ဒရာအော်သံ
ဟတ္ထိပဒံ	ဆင်ခြေရာ

သတ္တမီတပ္ပုရိသ်သမာသ်

၂၀။ မှီရာ၊ တည်ရာ ဩကာသအနက်ဟော သတ္တမီဝိဘတ်ဆုံးနေသော ရှေ့ပုဒ်နှင့် သမာသ်တွဲစပ်လျက် သတ္တမီတပ္ပုရိသ်သမာသ်ပုဒ်ကို ရေးရ၏။

၂၁။ မြန်မာအသံထွက်၌ ''တရား၌မွေ့လျော်သူ၊ တောင်၌နေထိုင်သူ'' စသော ပုံစံများတွင် ရှေ့ပုဒ်၌ ''၌'' ဟူသော ဩကာသအနက်သံပါရှိ၏။ ''မွေ့လျော်သူ၊ နေထိုင်သူ'' ဟု ကိတ်ကြိယာအသံ စသည် ပါရှိ၏။ ထိုမြန်မာအသံထွက်ကိုကြည့်လျက် သတ္တမီတပ္ပုရိသ်သမာသ်ဟု မှတ်သား၍ ရှေ့ပုဒ်ကို သတ္တမီဝိဘတ်ဖြင့်ရေးပြီး ''ဓမ္မေ ရတော'' ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်ဝါကျရေးသားရ၏။ ထို့နောက် ရှေ့ပုဒ်၌ သတ္တမီဝိဘတ်ကို ချေဖျက်၍ ''ဓမ္မရတော'' ဟု သမာသ်ပုဒ်အဖြစ် ပါဠိဝါကျ၌ စီကုံးရေးသားရ၏။

ပုံစံ ။ ။ ဓမ္မရတော ဘိက္ခု ဓမ္မံ နိစ္စံ ဘာဝေတိ။

မြန်မာ။ ။ တရား၌မွေ့လျော်သောရဟန်းသည် တရားတော်ကို အမြဲဖြစ်စေ၏။

http://www.dhammadownload.com

သတ္တမီတပ္ပုရိသ်သမာသ်ပုံစံများ

ပါဠိ	မြန်မာ
အဂီါရပက္ကံ	မီးကျီးခဲ့ကျက်သောအသား
အရညဝါသော	တောခဲ့နေထိုင်ခြင်း
အက္ခမုတ္တော	ကြွေအံကြူးသူ
အာဝါဋကစ္ဆပေါ	တွင်းလိပ်
အာဝါဋမဏ္ဍူကော	တွင်းဖား
ဣတ္ထိမုတ္တော	မိန်းမကြူးသူ
ကာလဝဿံ	အခါခဲ့မိုးရွာခြင်း
ကုစ္ဆိသယော	ဝမ်းခဲ့ကိန်းသောလေ
ကူပမဏ္ဍူကော	တွင်းဖား
ဂါမသူကရော	ရွာဝက်
စက္ခုဝိညာဏံ	စက္ခုပသာဒခဲ့တည်သောဝိညာဏ်
စာရကဗန္ဓေါ	နှောင်အိမ်ခဲ့ဖွဲ့အပ်သူ
ဆာယာသုက္ခော	အရိပ်ခဲ့ခြောက်သောအသား
ဇလဒ္ဒော	ရေခဲ့တည်သောသစ်ပင်
တိတ္ထနာဝါ	ဆိပ်ကမ်းလှေ
ထလဒ္ဒော	ကုန်းခဲ့တည်သောသစ်ပင်
ဒါနာဓိမုတ္တိ	ဒါနခဲ့စွဲမြဲသက်ဝင်ခြင်း
ဒဿနသာဒေါ	မြင်ခြင်းခဲ့သာယာခြင်း
ဓမ္မရတော	တရားခဲ့မွေ့လျော်သူ
ဓမ္မဂါရဝေါ	တရားခဲ့ရိုသေခြင်း
ဓမ္မနိဂ္ဂတိ	ပါဠိတို့ခဲ့ ထုတ်၍ရွတ်ဆိုအပ်သောသဒ္ဒါ
ဓမ္မာဘိရတိ	တရားခဲ့မွေ့လျော်ခြင်း
ဓမ္မရူစိ	တရားခဲ့အလို

http://www.dhammadownload.com

ပက်ဇံ	ညွှန်၌ပေါက်သောကြာ
ပဗ္ဘတဋ္ဌော	တောင်၌တည်သောသစ်ပင်
ဘဝန္တရကတံ	ဘဝတစ်ပါး၌ပြုအပ်သောကံ
မဂ္ဂဋ္ဌော	လမ်း၌တည်သောသစ်ပင်
ရူပသညာ	ရူပါရုံ၌ဖြစ်သောသညာ
ရူပသဋ္ဌေတနာ	ရူပါရုံ၌ဖြစ်သော သဋ္ဌေတနာ
ဝနပုပ္ဖံ	တောပန်း
ဝနစရော	တော၌လှည့်လည်သူ
ဝနမဟိသော	တောကျွဲ
ဝိကာလဘောဇနံ	နေလွဲအခါစားခြင်း
သမုဒ္ဒမဋ္ဌော	သမုဒ္ဒရာဂါး
သိရောရုဟံ	ဦးခေါင်း၌ပေါက်သောဆံပင်

၂၂။ တပ္ပရိသ်သမာသ်၌ အံ စသော ဝိဘတ်အဆုံးရှိသော (အမာဒိဝိဘတ္တန္တ) ပုဒ်က ရှေ့မှာနေ၍ ပထမာဝိဘတ်အဆုံးရှိသော (ပထမာဝိဘတ္တန္တ) ပုဒ်က အမြဲနောက်ကနေရသော်လည်း အံစသော ဝိဘတ်ဆုံးသော ပုဒ်များနောက်၌ နေသော အချို့တပ္ပရိသ်သမာသ်ပုဒ်များလည်း ရှိတတ်၏။ ထိုတပ္ပရိသ်သမာသ်ပုဒ်များကို အမာဒိပရတပ္ပရိသ်သမာသ်ပုဒ်ခေါ်၏။

အမာဒိပရတပ္ပရိသ်သမာသ်ပုံစံများ

ဒုတိယာ။	အစ္ဆန္နံ	အပိုင်းအခြားကိုလွန်သောအမှု
	အတိဝေလော	အခါကိုလွန်သောအရာ
	အတိမာသော	တစ်လကိုလွန်သောအရာ
	အန္ဓတ္ထံ	အနက်သိုအစဉ်လိုက်သောအမည်
	အာပန္နဇိဝိကော	အသက်မွေးခြင်းသို့ရောက်သူ
	ပတ္တဇိဝိကော	အသက်မွေးခြင်းသို့ရောက်သူ

http://www.dhammadownload.com

	ပစ္စက္ခံ	ကွန်ဒြေကိုမှီသောမြင်ခြင်း
		ဝါ–မျက်မှောက်ဖြစ်သောမြင်ခြင်း
တတိယာ။	အဝကောကိလံ	ဥဩမသည် စွန့်ပစ်အပ်သော တော
	အဝမယူရံ	ဥဒေါင်းသည် စွန့်ပစ်အပ်သော တော
စတုတ္ထီ။	ပရိယဂ္ဂ ယနော	သရဂ္ဂ ၁ယ်ခြင်းငှာ ပင်ပန်းခွန်းနယ်သူ
	အလံကမ္မာ	အလုပ်အားစွမ်းနိုင်သူ
	အလံဝစနော	ပြောဆိုခြင်းငှာထိုက်သောမိန်းမ
ပဉ္စမီ။	နိဗ္ဘာနံ	တဏှာမှထွက်မြောက်သောတရား
	နိက္ကိလေသော	ကိလေသာတို့မှထွက်မြောက်သူ
	နိရဂ်ဏော	ကိလေသာအင်္ဂဏမှထွက်မြောက်သူ
	နိက္ကောသမ္ဘီ	ကောသမ္ဘီမြို့မှထွက်သွားသူ
	နိဗ္ဘနော	တဏှာတောမှထွက်သွားသူ
	ပရဟိယျော	ယမန်နေ့မှနောက်နေ့ (တမြန်နေ့)
	ပရောသတံ	တစ်ရာထက်ပိုသည် (တစ်ရာကျော်)
	ပရောသဟဿံ	တစ်ထောင်ထက်ပိုသည် (တစ်ထောင်ကျော်)
	ပရောပဉ္စာသံ	ငါးဆယ်ထက်ပိုသည် (ငါးဆယ်ကျော်)
	ပယျကောာ	အဘိုးထက်မြက်သောအဘိုး (အဘေး)
	ပါစရိယော	ဆရာထက်မြတ်သောဆရာ (ဆရာ့ဆရာကြီး)
ဆဋ္ဌီ။	အန္တောသမာပတ္တိ	သမာပတ်၏အတွင်းဖြစ်သောတရား
	အဒ္ဓမာသံ (မာသဒ္ဓံ)	တစ်လ၏ထက်ဝက်
	အဒ္ဓမလကံ (အာမလကဒ္ဓံ)	သျှိသျှားသီး၏ထက်ဝက်
	အမုကဟာပဏံ	တစ်ကျပ်၏ထက်ဝက် (ပြားငါးဆယ်)
	အမုမာသကံ	တစ်ပဲ၏ထက်ဝက် (၂ ပြား)
	အမုရတ္တံ	ညဉ့်၏ထက်ဝက် (သန်းခေါင်ယံ)

http://www.dhammadownload.com

အဇ္ဇနှံ	ယနေ့
အပရဏ္ဟံ	နောက်နေ့
ဥပရိဂဂ်ံ	ဂဂ်ိုမြစ်၏အထက်အရပ်
ပစ္ဆာရတ္တံ (အပရရတ္တံ)	ည၌၏နောက်ပိုင်း (မိုးသောက်ယံ)
ပုဗ္ဗရတ္တံ	ည၌၏ရှေ့ပိုင်း (ညဉ့်ဦးယံ)
ပုဗ္ဗနှံ	နေ့၏ရှေ့ပိုင်း (နံနက်)
မဇ္ဈန္ဟိကံ	နေ့၏အလယ် (မွန်းတည့်၊ နေ့ယ်ချိန်)
သာယနှံ	နေ့၏နောက်ပိုင်း (ညနေချိန်)
ဟေဋ္ဌာနဒိ	မြစ်၏အောက်အရပ်

အဗျယီဘောသမာသ်နှင့် ခွဲခြားချက်

အစ္စန္တံ၊ နိဗ္ဗာနံတို့၌ အဗျယပုဒ်များ ရှေ့ရှိသောကြောင့် အဗျယီဘော သမာသ်များ ဖြစ်လေသလောဟု ယုံမှားဖွယ်ရှိ၏။ ဥပသာရပုဒ်၊ နိပါတ်ပုဒ် (အဗျယပုဒ်) များ ရှေ့ရှိရုံသာမက အဗျယပုဒ်အနက်ပြဋ္ဌာန်းရမည်ဖြစ်၏။ ထိုသို့ ပြဋ္ဌာန်းရာ၌သာ အဗျယီဘောသမာသ်ဖြစ်၏။

အဗျယပုဒ်များလည်း ဒြပ်အနက်ကို မဟောနိုင်ကြ၊ ''ဥပနဂရံ'' စသော ပြယုဂ်တို့၌ 'ဥပနဂရံ မြို့အနီး' စသည်ကဲ့သို့ အရာဝတ္ထုအထည်ဒြပ်မဟုတ်သော ဂုဏ်အနက်ကိုသာ များသောအားဖြင့် ဟောကြ၏။ ထို့ကြောင့် ''အစ္စန္တံ အပိုင်းအခြားကို လွန်သောအမှု'' စသည်ဖြင့် တစ်စုံတစ်ခုသောဒြပ်ကို ဟောရာ၌လည်းကောင်း၊ ''အပိုင်းအခြားကိုလွန်ခြင်း ကြိယာဟု ကြိယာဒြပ်ကို ဟောရာ၌လည်းကောင်း အတိဥပသာရရှေ့ရှိသော်လည်း ဒုတိယာတပ္ပုရိသ်သာ ဖြစ်သင့်၏။

နိဗ္ဗာနံ လည်း နိဗ္ဗာန်ဟူသော သဘာဝဒြပ်ကို ဟောသောကြောင့် ပဌမီ တပ္ပုရိသ်သမာသ်ပုဒ်၌သာဖြစ်၏။ (ရူပသိဒ္ဓိဘာသာဋီကာ)

http://www.dhammadownload.com

အလုတ္တသမာသ်

သမာသ်စပ်ပြီးသောအခါ ရှေ့ပုဒ်၌ ဝိဘတ်မကျေလျှင် ယင်းသမာသ်ပုဒ်ကို အလုတ္တသမာသ်ခေါ်၏။ ဥပမာ – ပဘင်္ကရော စသော ပုံစံ၌ ပဘင်္ကရော ဟု သမာသ်စပ်ပြီးသော်လည်း ''ပဘံ'' ၌ 'အံ' ဝိဘတ် မကျေပျောက်သောကြောင့်, ပဘင်္ကရောသည် အလုတ္တသမာသ်ဖြစ်၏။

အလုတ္တသမာသ်ပုံစံများ

ပါဠို	မြန်မာ
အတ္တနောပဒံ	အတ္တနောပုဒ်
အန္တေဝါသီ	အနီးနေတပည့်
အန္တေဝါသိကော	အနီးနေတပည့်
အမကန္ဒဒေါ	အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သောဘုရား
ဥရသိလောမော	ရင်၌ပေါက်သောအမွေး
ကဏ္ဍကာဠော	လည်ပင်း၌ပေါက်သောအမဲကွက်
ဂဝံပတိတ္ထေရော	ဂဝံပတိထေရ်
ဇနေသုတော	လူ၌ထင်ရှားသူ
ဇုတိန္ဓရော	အရောင်ကိုဆောင်တတ်သောနေ
ပရဿပဒံ	ပရဿပုဒ်
ပဘင်္ကရော	အရောင်ကိုပြုတတ်သောနေ
ပရတောဃောသော	သူတစ်ပါးထံမှတရားသံ
ပုဗ္ဗနိဝါသော	ရှေး၌နေအပ်ဖူးသောခန္ဓာအစဉ်
ပုဗ္ဗနိဝါသနုဿတိ	ရှေး၌နေအပ်ဖူးသောခန္ဓာအစဉ်ကို အောက်မေ့ခြင်း
ဘယတူပဋ္ဌာနံ	ဘေးအားဖြင့်ထင်ခြင်း
မနသိကာရော	စိတ်၌ပြုခြင်း (နှလုံးသွင်းခြင်း)

http://www.dhammadownload.com

မဇ္ဈေ ကလျာဏံ	အလယ်၌ကောင်းသောတရား
ရဏ္ဍဥ္ဍဟော	ကိလေသာမြူကိုစွန့်တော်မူတတ်သောဘုရား
သရသိဇံ	ရေအိုင်၌ဖြစ်သောကြာ
သဟသာကတံ	အဆောတလျင်ပြုအပ်သောအမှု

ပထမနေ့

၁။ ကမ္မကာရော အဿရထံ အဘိရုဟိတွာ ရထသာလံ ဂစ္ဆတိ။

၂။ မိန်းမကြူးသူသည် မိန်းမရုပ်ကို အမြဲကြည့်လို၏။

၃။ အနီးနေတပည့်သည် နေလွဲအခါစားခြင်းကို ပယ်စွန့်၍ အမြဲ တရားကို နှလုံးသွင်း၏။

ဒုတိယနေ့

၁။ အာစရိယပူဇကော ပုပ္ဖုယျာနံ ဂန္ဒာ ပုပ္ဖာနိ ဝိစိနိတွာ တေဟိ ပုပ္ဖေဟိ အာစရိယံ ပူဇေတိ။

၂။ မြွေကိုက်ခံရသူသည် ဆေးကုသရန် ဆေးဆရာထံသို့သွား၏။

၃။ တရား၌မွေ့လျော်သူသည် ဆရာ့အိမ်သို့သွားပြီး ဘုရား၏ရုပ်ပုံတော်ကို အမြဲ ဖူးမြင်၏။

တတိယနေ့

၁။ ဘိက္ခုနီသံဃော ဇမ္ဗုသာခါယ ရဏ္ဍဥ္ဍဟံ ဗုဒ္ဓံပူဇေတိ။

၂။ ပင်ကိုအားဖြင့် ပညာရှိသူသည် မိတ်ဆွေနှင့်ရောနှောခြင်းကို ပယ်စွန့်၍ အသိဉာဏ်နှင့်ယှဉ်တွဲလျက် ကောင်းမှုကို အမြဲပြုလုပ်၏။

၃။ မှန်သောစကားကို ပြောဆိုလေ့ရှိသူသည် ဝစီဒုစရိုက်ကို ပယ်စွန့်၍ စကားဖြင့် နူးညံ့ခြင်းကြောင့် ပညာရှိတို့ ချီးမွမ်းအပ်သူဖြစ်၏။

http://www.dhammadownload.com

အမှတ် (၅) သင်ခန်းစာ
ဗဟုဗ္ဗီဟိသမာဿပုဒ်ရေးနည်း

၁။ သမာသ်ပုဒ်အနက်ကို မယူရဘဲ သမာသ်ပုဒ်မှ တစ်ပါးသော (အညပုဒ်) အနက်ကို ယူရသောသမာသ်သည် ဗဟုဗ္ဗီဟိသမာသ်မည်၏။

သမာသ်၌ သမာသ်စပ်ထားသောပုဒ်တို့ကို သကပဒ (မိမိပုဒ်) ဟု ခေါ်၏။ သမာသ်စပ်ရာ၌ မပါဝင်ဘဲ ဝိဂြိုဟ်ပြုစဉ်က ပါဝင်ခဲ့သော ယ၊ တ၊ ဧတေ၊ ကမသဒ္ဒါများ၏ စွဲရာအနက်ကို အညပဒ (အညပုဒ်) ဟုခေါ်၏။ သမာသ်စပ်ထားသောပုဒ်မှတစ်ပါးသောပုဒ်ကို အညပုဒ်ဟုခေါ်၏။ သမာသ်စပ်ထားသော ပုဒ်များ၏ အနက်ကို မယူရဘဲ ထိုအညပုဒ်အနက်ကို ယူရသောသမာသ်ကို ဗဟုဗ္ဗီဟိသမာသ်ခေါ်၏။

ဗဟုဗ္ဗီဟိပြယုဂ်၌ ''ဗဟဝေါ + ဝီဟယော + ယဿာတိ ဗဟုဗ္ဗီဟိ'' ဟု ဝိဂြိုဟ်ပြု၏။ ယဿ–အကြင်ယောကျ်ား၏၊ ဗဟဝေါ–များစွာကုန်သော၊ ဝီဟယော–ကောက်စပါးတို့သည်၊ သန္တိ–ရှိကုန်၏၊ ကွတိ–ထို့ကြောင့်၊ သော–ထိုယောကျ်ားသည်၊ ဗဟုဗ္ဗီဟိ–ဗဟုဗ္ဗီဟိမည်၏၊ ဗဟုဗ္ဗီဟိ–များသောကောက်စပါးရှိသော ယောကျ်ား။

ဗဟုဗ္ဗီဟိ သမာသ်ပုဒ်တွင် ဗဟုသဒ္ဒါနှင့် ဝီဟိသဒ္ဒါတို့၏အနက်ကို မယူရဘဲ ထိုသမာသ်ပုဒ်တို့မှတစ်ပါးသော ဝိဂြိုဟ်ပြုရာ၌ ပါဝင်ခဲ့သော ယဿ–အရစွဲယူခဲ့သော ယောကျ်ားဟူသော အညပုဒ်၏အနက်ကိုသာ ယူရ၏။ ထို့အတူ အာဂတသမဏော၊ ဇိတိန္ဒြိယော စသော ပြယုဂ်တို့၌လည်း သမာသ်ပုဒ်အနက်ကို မယူရဘဲ အညပုဒ်အနက်ကိုသာ ယူရ၏။ ဤသမာသ်သည် ဤသို့ ဗဟုဗ္ဗီဟိသဒ္ဒါနှင့်တူသောကြောင့် အနွတ္ထအမည်အားဖြင့် ဗဟုဗ္ဗီဟိသမာသ်မည်၏။ ထို့ကြောင့် ဤသမာသ်၌ အညပုဒ်အနက်ပြဋ္ဌာန်း၏။

http://www.dhammadownload.com

၂။ ဗဟုဗ္ဗီဟိသမာသ်၌ –

(က) အညပုဒ်အနက်ပြဋ္ဌာန်းခြင်း

(ခ) အညပုဒ်၌ ဝိဘတ်ခုနစ်သွယ် တစ်သွယ်သွယ်ကျော်ပျောက်ခြင်း ဤသို့ လက္ခဏာနှစ်ပါးရှိ၏။

၃။ ဝါကျအခိုက်၌ပါရှိသော ယ၊ တ၊ ဧဝ၊ ဣမဟူသော အညပုဒ်သဒ္ဒါဖြင့် စွဲယူရသော (အဘိဓေယျ) အနက်အားလျော်စွာ ဗဟုဗ္ဗီဟိသမာသ်ပုဒ်ကို လိင်သုံးပါး၊ ဝုစ်နှစ်ပါးဖြင့် သင့်လျော်သလိုရေးရ၏။

၄။ မြန်မာအသံထွက်၌ ''လာရောက်သော ရဟန်းရှိသော ကျောင်းတိုက်၊ အောင်အပ်ပြီးသော ဣန္ဒြေရှိသောရဟန်း'' စသည်ဖြင့် ''ရှိ'' ဟူသော စကား ပါရှိလျှင် ဗဟုဗ္ဗီဟိသမာသ်ဟု မှတ်ယူ၍ ဗဟုဗ္ဗီဟိသမာသ်ရေးထုံးအတိုင်း ရေးရ၏။

ပုံစံများ

ဝိဂြိုဟ်ဝါကျ	သမာသ်ပုဒ်	အညပုဒ်အရ
အာဂတာ+သမဏာ+ကုမ္ဘိ	အာဂတသမဏော	(သံဃာရာမော) (ပုံလိင်)
အာဂတာ+သမဏာ+ကုမ္ဘီ	အာဂတသမဏာ	(သာဝတ္ထိ) (ကုတ္ထိလိင်)
အာဂတာ+သမဏာ+ကုမ္ဘိ	အာဂတသမဏံ	(ဇေတဝနံ) (နပုံလိင်)

မှတ်ချက်။ ပါဠိဝါကျစီကုံးသောအခါ သမာသ်ပုဒ်ကိုသာ သုံးစွဲရ၏။ ဝိဂြိုဟ်ဝါကျကို မသုံးစွဲရ။

၅။ ဗဟုဗ္ဗီဟိသမာသ်သည် အောက်ပါအတိုင်း (၁၀) မျိုးပြား၏ –

(က) ဒွိပဒတုလျာဓိကရဏ

(ခ) ဒွိပဒဘိန္နာဓိကရဏ

(ဂ) တိပဒ

(ဃ) နနိပါတပုဗ္ဗပဒ

http://www.dhammadownload.com

(ဂ) ကုန်ပါတပုဗ္ဗပဒ
(စ) သဟပုဗ္ဗပဒ
(ဆ) ဥပမာနပုဗ္ဗပဒ
(ဇ) သခ္ပေါဘယပဒ
(စျ) ဒိသန္တရာဥတ္ထ
(ည) ဗျတိဟာရလက္ခဏာ။

၆။ သမာသ်ပုဒ်နှစ်ခု ဝိဘတ်တူ အရတူသော ဗဟုဗ္ဗီသမာသ်သည် ဒွိပဒ တုလျာဓိကရဏသမာသ်မည်၏။ ဒွိပဒတုလျာဓိကရဏသမာသ်သည် အောက်ပါအတိုင်း ခြောက်မျိုးပြား၏။

(က) ဒုတိယာဗဟုဗ္ဗီဟိ
(ခ) တတိယာဗဟုဗ္ဗီဟိ
(ဂ) စတုတ္ထီဗဟုဗ္ဗီဟိ
(ဃ) ပဉ္စမီဗဟုဗ္ဗီဟိ
(င) ဆဋ္ဌီဗဟုဗ္ဗီဟိ
(စ) သတ္တမီဗဟုဗ္ဗီဟိ။

၇။ ဝိဂြိုဟ်ဝါကျအခိုက်တွင် အညပုဒ်အနက်ကို စွဲယူရာဖြစ်သော ယ၊ တ၊ ဧတ၊ ကမသဒ္ဒါများ၌ ဒုတိယာဝိဘတ်သက်ရသော သမာသ်သည် ဒုတိယာ ဗဟုဗ္ဗီဟိသမာသ်မည်၏။

ဒုတိယာဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
အာဂတသမဏော	လာရောက်သောရဟန်းရှိသောကျောင်းတိုက်
အာဂတသမဏာ	လာရောက်သောရဟန်းရှိသော သာဝတ္ထိ
အာဂတသမဏံ	လာရောက်သောရဟန်းရှိသောဇေတဝန်ကျောင်း
ပဋိပန္နဒ္ဓိကော	သွားသောခရီးသွားသူရှိသောလမ်း
အဘိရုဠ္ဟဝါဏိဇာ	တက်စီးသောကုန်သည်ရှိသောလှေ

http://www.dhammadownload.com

၈။ ဝိဂြိုဟ်ဝါကျအခိုက်တွင် အညပုဒ်အနက်ကို စွဲယူရာဖြစ်သော ယ၊ တ၊ ဇ၊ ဂတ၊ ဣမသဒ္ဒါများ၌ တတိယာဝိဘတ်သက်ရသော သမာသ်သည် တတိယာဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ ဇိတာနိ ဣန္ဒြိယာနိ ယေနာတိ ဇိတိန္ဒြိယော (သမဏော)။

တတိယာဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ကတကိစ္စော	ပြုအပ်ပြီးသောကိစ္စရှိသူ
ဇိတိန္ဒြိယော	အောင်အပ်ပြီးသောဣန္ဒြေရှိသောရဟန်း
ဒိဋ္ဌဓမ္မော	မြင်အပ်သောတရားရှိသူ
ပတ္တဓမ္မော	ရောက်အပ်သောတရားရှိသူ
ပဋိဝိဒ္ဓသဗ္ဗဓမ္မော	ထိုးထွင်းသိအပ်ပြီးသော အလုံးစုံသောတရား ရှိတော်မူသော မြတ်စွာဘုရား
ဝိဇိတမာရော	အောင်အပ်ပြီးသောမာရ်ရှိတော်မူသောဘုရား။

၉။ ဝိဂြိုဟ်ဝါကျအခိုက် အညပုဒ်အနက်ကို စွဲယူရာဖြစ်သော ယ၊ တ၊ ဇ၊ ဂတ၊ ဣမသဒ္ဒါများတွင် စတုတ္ထိဝိဘတ်ရသော သမာသ်သည် စတုတ္ထိဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ ဒိန္နော သုကော်ာ ယဿာတိ ဒိန္နသုကော်ာ (ရာဇာ)။

စတုတ္ထိဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
ဥပနီတဘောဇနော	ကပ်ဆောင်အပ်သောဘောဇဉ်ရှိသောရဟန်း
ဥပဟဋ္ဌဗလိ	ကပ်ဆောင်အပ်သော ပူဇော်ဖွယ်ရှိသောနတ်
ဒိန္နသုကော်ာ	ပေးဆက်အပ်သောအခွန်ရှိသောမင်း

မှတ်ချက်။ စတုတ္ထိဗဟုဗ္ဗီဟိသမာသ်ပုံစံကို မြန်မာပြန်ရာ၌ သမ္ပဒါန်အနက် ထင်ရှားစေရန် ''ရာ'' ဟု ထည့်သွင်းမြန်မာပြန်ရ၏။ ဥပမာ – ''ဒိန္နသုကော်ာ

http://www.dhammadownload.com

အခွန်ကိုပေးရာဖြစ်သောမင်း'' ဟု မြန်မာပြန်ရ၏။ စာစပ်သောအခါ သမ္မဒါန်+သမ္မဒါနီအဖြစ်ဖြင့်စပ်ရမည်။

၁၀။ ဝိဂြိုဟ်ဝါကျအခိုက်တွင် အညပုဒ်အနက်ကို စွဲယူရာဖြစ်သော ယ၊ တ၊ ဇတ၊ ဣမသဒ္ဒါများ၌ ပဋ္ဌမိဝိဘတ်သက်ရသော သမာသ်သည် ပဋ္ဌမိဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ နိဂ္ဂတာ ဇနာ အသ္မာတိ နိဂ္ဂတဇနော (ဂါမော)

ပဋ္ဌမိဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
အပေတာဝိညာဏော	ကင်းသောဝိညာဏ်ရှိသောလူသေကောင်
အပဂတာဘယဘေရဝေါ	ကင်းသောဘေးကြီးဘေးငယ်ရှိသောရဟန္တာ
နိဂ္ဂတဇနော	ထွက်သွားသောလူရှိသောရွာ
နိရယော	ကင်းသောချမ်းသာရှိသောငရဲ
နိက္ကိလေသော	ကင်းသောကိလေသာရှိသောရဟန္တာ။

မှတ်ချက်။ ပဋ္ဌမိဗဟုဗ္ဗီဟိသမာသ်ပုံစံကို မြန်မာပြန်ရာ၌လည်း ပဋ္ဌမိဝိဘတ်အနက်ထင်ရှားစေရန် ''ရာ'' ဟု ထည့်သွင်းပြန်ရ၏။ ဥပမာ – ''နိဂ္ဂတဇနော လူတို့ထွက်သွားရာဖြစ်သောရွာ'' ဟု မြန်မာပြန်ရ၏။ ကြွင်းသောပုံစံတို့ကိုလည်း ထိုနည်းအတိုင်း မြန်မာပြန်ပါ။ ဗဟုဗ္ဗီဟိသမာသ်မှန်းသိအောင် ''ထွက်သွားသော လူရှိသောရွာ'' ဟု ဤကျမ်း၌ မြန်မာပြန်ခဲ့၏။ စာစပ်ရာ၌ အပါဒါန် + အပါဒါနီအပြစ်ဖြင့် စပ်ရ၏။

၁၁။ ဝိဂြိုဟ်ဝါကျအခိုက်တွင် အညပုဒ်အနက်ကို စွဲယူရာဖြစ်သော ယ၊ တ၊ ဇတ၊ ဣမသဒ္ဒါများ၌ ဆဋ္ဌိဝိဘတ်သက်ရသော သမာသ်သည် ဆဋ္ဌိဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ ဆိန္နော ဟတ္ထော ယဿာတိ ဆိန္နဟတ္ထော (ပုရိသော)

http://www.dhammadownload.com

ဆဋ္ဌိဗဟုဗ္ဗိဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
အစိရပက္ကန္တော	မကြာသေးသောဖဲခွာခြင်းရှိသူ
အစိရပဗ္ဗဇိတော	မကြာသေးသောရဟန်းပြုခြင်းရှိသူ
အနန္တဉာဏော	အဆုံးမရှိသောဉာဏ်ရှိတော်မူသောဘုရား
ကဉ္စဒပစ္စယာ	အဝိဇ္ဇာဟူသော အကြောင်းရှိသောသင်္ခါရတရားတို့
ကဉ္စနာမော	ကဉ္စဟူသော နာမည်ရှိသော သိကြား
ကိံပဘဝေါ	အဘယ်တရားဟူသော အမွန်အစရှိသောကိုယ်နည်း
ခမာဓနော	သည်းခံခြင်းဥစ္စာရှိသူ
ခန္တိဗလော	သည်းခံခြင်းဟူသောအားရှိသူ
ခီဏာသဝေါ	ကုန်သောအာသဝေါရှိသောရဟန္တာ
ဂါဏ္ဍီဝဓန္ဝာ	အဆစ်အဖုရှိသောလေးရှိသူ
စတုပ္ပဒေါ	အခြေလေးချောင်းရှိသောသတ္တဝါ
ဇာတဆန္ဒော	ဆန္ဒဖြစ်ခြင်းရှိသူ (ဖြစ်သောဆန္ဒရှိသူ)
ဇာတမာသော	ပြည့်သောတစ်လရှိသောသတို့သား (တစ်လပြည့်ခြင်းရှိသောသတို့သား)
ဆဠဘိညော	ခြောက်ပါးသောအဘိညာဉ်ရှိသောရဟန္တာ
ဆန္ဒဇာတော	ဆန္ဒဖြစ်ခြင်းရှိသူ (ဖြစ်သောဆန္ဒရှိသူ)
ဆိန္နဟတ္ထော	ပြတ်သောလက်ရှိသူ
တပေါဓနော	အကျင့်သာလျှင်ဥစ္စာရှိသူ
တိဒသာ	သုံးဆယ်သောအတိုင်းအရှည်ရှိသောနတ်
တေဝိဇ္ဇာ	သုံးပါးသောဝိဇ္ဇာရှိသူ
ဒသဗလော	ဆယ်ပါးသောအားတော်ရှိသောဘုရား
ဒီဃဇေဏ်ာ	ရှည်သောမြင်းခေါင်းရှိသူ

http://www.dhammadownload.com

ဒွိပဒေါ	နှစ်ပုဒ်ရှိသောသမာသ်
ဒွိဟတ္ထော	နှစ်တောင်ရှိသောပုဆိုး
ဒုဂ္ဂန္ဓံ	စက်ဆုပ်အပ်သောအနံ့ရှိသောအပုပ်ကောင်
ဒုမ္မနော	မကောင်းသောစိတ်ရှိသူ
ဒုဿီလော	မကောင်းသောသီလရှိသူ
ဒုမ္မုခေါ	မကောင်းသောမျက်နှာရှိသူ
နဝင်္သတ္ထုသာသနံ	အင်္ဂါ ၉ ပါးရှိသော ဘုရားရှင်၏အဆုံးအမ
ပစ္စက္ခဓမ္မာ	မျက်မှောက်ပြုအပ်သောတရားရှိသူ
ပစ္စက္ခဓမ္မော	မျက်မှောက်ပြုအပ်သောတရားရှိသူ
ပရိပုဏ္ဏသင်္ကပ္ပေါ	ပြည့်စုံသောအကြံရှိသူ
ပညာဝိသုဒ္ဓိကော	စင်ကြယ်သောပညာရှိသူ
ပဉ္စစက္ခု	ငါးမျိုးသောစက္ခုရှိသောဘုရား
ပဟူတဖိဂ္ဂေါ	ပြန့်ကျယ်သောလျှာရှိတော်မူသောဘုရား
ပီတိသောမနဿသဉ္ဆာတော	လွန်စွာဖြစ်သောပီတိသောမနဿရှိသူ
ဗဟုကုမာရိကံ	များသောသတို့သမီးရှိသောအမျိုး
ဗဟုဒါသိကော	များသောကျွန်မရှိသူ
မဟာပညော	ကြီးသောပညာရှိသူ
မာသဇာတော	ပြည့်သောတစ်လရှိသောသတို့သား
ဝီတရာဂေါ	ကင်းသောရာဂရှိသူ
ဝိမလော	ကင်းသောအညစ်အကြေးရှိသူ
ဝိဒိတဓမ္မော	သိအပ်သောတရားရှိသူ
သဉ္ဆာတပီတိသောမနသော	လွန်စွာဖြစ်သောပီတိသောမနဿရှိသူ
သတ္တာဟပရိနိဗ္ဗုတော	ခုနစ်ရက်ပရိနိဗ္ဗာန်စံခြင်းရှိတော်မူသောဘုရား (ပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်ရှိတော်မူသောဘုရား)
သုဒ္ဓါဓုရော	သဒ္ဓါတူရှိသူ

http://www.dhammadownload.com

သဒ္ဓါပကတိကော	သဒ္ဓါပကတိရှိသူ
သဟသဏာမဓနု	ဗိုလ်ချိန်တစ်ထောင်ဝန်ရှိသောလေးရှိသူ
သုဂန္ဓံ	ကောင်းသောအနံ့ရှိသောစန္ဒကူး
သုမုခေါ	လှသောမျက်နှာရှိသူ
သုသီလော	ကောင်းသောသီလရှိသူ
ဟတ္ထာစ္ဆိန္နော	ပြတ်သောလက်ရှိသူ

မှတ်ချက်။ ဆန္ဒဇာတော စသော ပြယုဂ်တို့၌ ဝဒန္တပုဂ္ဂိုလ်၏ ဆိုလိုသည့် အတိုင်း ဆန္ဒပုဒ်ကို ရှေ့ကထားလိုက ထားနိုင်၏။ ဇာတပုဒ်ကို ရှေ့ကထား လိုကလည်း ထားနိုင်၏။ ထို့ကြောင့် ''ဆန္ဒဇာတော၊ ဇာတဆန္ဒော၊ မာသ ဇာတော၊ ဇာတမာသော၊ ဆိန္နဟတ္ထော၊ ဟတ္ထာစ္ဆိန္နော'' စသည်ဖြင့် ပြယုဂ် နှစ်မျိုးစီရှိနိုင်၏။ ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ကို စာစပ်ရာ၌ သမ္ဗန် + သမ္ဗန္ဓီအဖြစ် ဖြင့် စပ်ရ၏။

၁၂။ ဝိဂြိုဟ်ဝါကျအခိုက်တွင် အညပုဒ်အနက်ကိုစွဲယူရာဖြစ်သော ယ၊ တ၊ ဇ၊ ကမ္မသဒ္ဒါများ၌ သတ္တမီဝိဘတ်သက်ရသော သမာသ်သည် သတ္တမီဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ သမ္ပန္နာနိ သဿာနိ ယသ္မိန္တိ သမ္ပန္နသဿော (ဇနပဒေါ)။

သတ္တမီ ဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
အာကိဏ္ဏမနုဿာ	ရောပြွမ်းသောလူတို့ရှိရာမင်းနေပြည်
ဥပစိတမံသလောဟိတံ	ဆည်းပူးအပ်သောအသားအသွေးရှိရာအရပ်
ဗဟုဖမ္ဗုကံ	များသောသပြေပင်တို့ရှိရာတော
ဗဟုကတ္တုကော	များသောအလုပ်သမားတို့ရှိရာအရပ်
ဗဟုတာပသော	များသောရသေ့တို့ရှိရာကျောင်းသခ်မ်း

http://www.dhammadownload.com

ဗဟုနဒီကော	များသောမြစ်တို့ရှိရာဇနပုဒ်
ဗဟုဘတ္တုကော	များသောအရှင်တို့ရှိရာအရပ်
ဗဟုဿာမိကံ	များသောဥစ္စာရှင်တို့ရှိရာမြို့
သမ္မန္နသသော	ပြည့်စုံသောကောက်စပါးတို့ရှိရာဇနပုဒ်
သုလဘပိဏ္ဍော	ရလွယ်သောဆွမ်းရှိရာအရပ်

မှတ်ချက်။ သတ္တမီဗဟုဗ္ဗီဟိသမာသ်ပုံစံကို မြန်မာပြန်ရာ၌လည်း သတ္တမီဝိဘတ်အနက် ထင်ရှားစေရန် ''ရာ'' ဟု ထည့်သွင်းပြန်ရ၏။ စတုတ္ထီ၊ ပဉ္စမီ၊ သတ္တမီဟူ၍ နာမ်ဝိဘတ်သုံးမျိုးကို မြန်မာပြန်ရာ၌ ''ရာ'' ဟု ထည့်သွင်းပြန်ရခြင်းကြောင့် ရှေးဆရာများက ''ရာသုံးခင်း'' ဟု ဆိုရိုးပြုကြ၏။ သတ္တမီဗဟုဗ္ဗီဟိသမာသ်ကို စာစပ်ရာ၌ အာဓာရ + အာဓေယ်အဖြစ်ဖြင့် စပ်ရ၏။

၁၃။ ဗဟုဗ္ဗီဟိသမာသ်သည် အောက်ပါအတိုင်း နှစ်မျိုးပြား၏။
(က) တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ
(ခ) အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ။

၁၄။ အညပုဒ်အနက်ကိုယူသဖြင့် ဝိသေသနဖြစ်သော သမာသ်ပုဒ်နက်ကိုလည်း ယူပြီးဖြစ်သော ဗဟုဗ္ဗီဟိသမာသ်သည် တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိသမာသ်မည်၏။ ''လဗ္ဘကဏ္ဏမာနယ တွဲလျားကျနေသော နားရှိသော ယောက်ျားကိုခေါ်ခဲ့'' ဟု ဆိုရာ၌ ယောက်ျားကိုခေါ်လျှင် တွဲလျားကျနေသော နားလည်း တစ်ပါတည်းပါလာ၏။ ဤသို့ အညပုဒ်အနက်ဖြစ်သော ယောက်ျားကိုခေါ်ယူသဖြင့် တွဲလျားကျနေသော နားဟူသော ဝိသေသန (ဂုဏ်) ဖြစ်သော သမာသ်ပုဒ်အနက်ကိုလည်း ယူပြီးဖြစ်သောကြောင့် ''လဗ္ဘကဏ္ဏမာနယ'' သည် တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိသမာသ်မည်၏။

၁၅။ အညပုဒ်အနက်ကိုယူသဖြင့် ဝိသေသနဖြစ်သော သမာသ်ပုဒ်နက်ကို မယူနိုင်သောသမာသ်သည် အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိသမာသ်မည်၏။

http://www.dhammadownload.com

''ဗဟုဓနမာနယ များသောဥစ္စာရှိသောယောကျ်ားကိုခေါ်ခဲ့'' ဟု ဆိုရာ၌ ယောကျ်ားကိုခေါ်ယူလာသောအခါ ယောကျ်ားသာပါလာပြီး များသောဥစ္စာတို့ ပါမလာနိုင်ပေ။ ဤသို့ အညပုဒ်အနက်ဖြစ်သော ယောကျ်ားကိုခေါ်ယူသဖြင့် များသောဥစ္စာဟူသော ဝိသေသန (ဂုဏ်) ဖြစ်သော သမာသ်ပုဒ်နက် ပါမလာနိုင်သောကြောင့် ''ဗဟုဓနမာနယ'' သည် အတဂ္ဂါဏသံဝိညာဏဗဟုဗ္ဗီဟိသမာသ်မည်၏။

၁၆။ သမာသ်ပုဒ်နှစ်ပုဒ်ဝိဘတ်မတူ အရမတူသော သမာသ်သည် ဒွိပဒဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ ကေရတ္တိ ဝါသော ယသာတိ ကေရတ္တိဝါသော။

ဒွိပဒဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
ဥဘတောဗျဉ္ဇနကော	နှစ်ပါးသောကံကြောင့်ဖြစ်သောဗျည်းရှိသူ
ကေရတ္တိဝါသော	တစ်ညဉ့်မျှနေခြင်းရှိသူ
ခဂ္ဂဟတ္ထော	လက်၌သန်လျက်ရှိသူ
ဆတ္တပါဏိ	လက်၌ထီးရှိသူ
ဒါနဖ္ဌာသယော	အလှူ၌အလိုရှိသူ
ဒါနာဓိမုတ္တိကော	ဒါန၌စွဲမြဲစွာသက်ဝင်ခြင်းရှိသူ
ဒဏ္ဍပါဏိ	လက်၌တုတ်ရှိသူ
ဗုဒ္ဓဘတ္တိကော	ဘုရား၌ဆည်းကပ်ခြင်းရှိသူ
ဝဇိရပါဏိ	လက်၌ဝရဇိန်ရှိသူ
သမာနဝါသော	တူသောလူနှင့်တကွနေခြင်းရှိသူ
သတ္ထပါဏိ	လက်၌လက်နက်ရှိသူ
သတ္ထဟတ္ထော	လက်၌လက်နက်ရှိသူ
သဒ္ဓမ္မဂါရဝေါ	သူတော်ကောင်းတရား၌ရိုသေခြင်းရှိသူ

http://www.dhammadownload.com

၁၇။ နာမ်ပုဒ်သုံးပုဒ်ကို တွဲစပ်ထားသော ဗဟုဗ္ဗီဟိသမာသ်သည် တိပဒ ဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ သြဏီတော ပတ္တတော ပါဏိ ယေနာတိ သြဏီတပတ္တပါဏိ။

တိပဒ ဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
သြဏီတပတ္တပါဏိ	သပိတ်မှဖဲအပ်သောလက်ရှိတော်မူသောဘုရား
ဓမ္မာဓိဂတဘောဂါ	တရားသဖြင့်ရအပ်သောစည်းစိမ်ရှိသူတို့
ပရက္ကမာဓိဂတသမ္ပဒါ	လုံ့လကြောင့်ရအပ်သော ပြည့်စုံခြင်းရှိသော ယောဂျများတို့
မတ္တဗဟုမာတင်္	အမုန်ယစ်သော များစွာသောဆင်တို့ရှိရာတော
သီဟပုဗ္ဗဒ္ဓကာယော	ခြင်္သေ့၏ရှေ့ထက်ဝက်ကိုယ်ကဲ့သို့သော ကိုယ်ရှိတော်မူသောဘုရား။

၁၈။ နနိပါတ်ပုဒ်ကို ရှေ့ကထား၍ သမာသ်တွဲစပ်သော ဗဟုဗ္ဗီဟိသမာသ်သည် နနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ်မည်၏။

ပုံစံ။ နတ္ထိ ဘိက္ခု ယတ္ထာတိ အဘိက္ခုကော။

နနိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
အပုတ္တကော	သားမရှိသူ
အပဂတ္ဋပုဂ္ဂလော	ပြိုင်ဘက်ရှိတော်မမူသောဘုရား
အဘိက္ခုကော	ရဟန်းမရှိသောကျောင်း
အသမော	တူသူရှိတော်မမူသောဘုရား

http://www.dhammadownload.com

အနာသဝါ	အာသဝေါမရှိသောရဟန္တာတို့
အနုတ္တရော	လွန်မြတ်သူရှိတော်မမူသောဘုရား
အဝုဋ္ဌကော	မိုးရွာခြင်းမရှိသောဇနပုဒ်
အသံဝါသော	အတူနေခြင်းမရှိသူ
အဟေတုကော	ဟိတ်မရှိသောတရား
အနန္တံ	အဆုံးမရှိသောဝိညာဉ်

၁၉။ ကုနိပါတ်ပုဒ်ကို ရှေ့ကထား၍ သမာသ်တွဲစပ်သော ဗဟုဗ္ဗီဟိသမာသ်သည် ကုနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ်မည်၏။

ကုနိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
ကုဒါရာ	စက်ဆုပ်အပ်ကုန်သောမယားရှိသူတို့
ကုပုတ္တာ	စက်ဆုပ်အပ်ကုန်သောသားရှိသူတို့
ကုဝတ္ထာ	စက်ဆုပ်အပ်ကုန်သောအဝတ်ရှိသူတို့

၂၀။ သဟသဒ္ဒါကို ရှေ့ကထား၍ သမာသ်တွဲစပ်သော ဗဟုဗ္ဗီဟသမာသ်သည် သဟပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ်မည်၏။ ဤသမာသ်၌ သဟကို ''သ'' ပြုရ၏။ ယ၊ တ၊ ဇတ၊ ဣမဟူသော အညပုဒ်၌ ပထမာဝိဘတ်ဖြင့်ရှိစေရ၏။ အညပုဒ်၌ ပထမာဝိဘတ်သက်လျက် အညပုဒ်နှင့်တွဲဘက်ကြိယာကို ကတ္တား+ကြိယာအဖြစ် စပ်ရသော ဗဟုဗ္ဗီဟိသမာသ်ကို ပထမာဗဟုဗ္ဗီဟိခေါ်၏။ ထို့ကြောင့် ဒွိပဒတုလျာဓိကရဏဗဟုဗ္ဗီဟိသမာသ်သည် နာမ်ဝိဘတ် (၇)မျိုး အားလျော်စွာ ပထမာဗဟုဗ္ဗီဟိ၊ ဒုတိယာဗဟုဗ္ဗီဟိ၊ တတိယာဗဟုဗ္ဗီဟ စသည်ဖြင့် (၇) မျိုး ပြား၏ဟု မှတ်ပါ။

ပုံစံ။ သဟ ဝိတက္ကေန ယော ဝတ္တတီတိ သဝိတက္ကော။

http://www.dhammadownload.com

သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
သဝိတက္ကော	ဝိတက်နှင့်တကွဖြစ်သောတရား
သဟေတုကော	ဟိတ်နှင့်တကွဖြစ်သောတရား
သကိလေသော	ကိလေသာတို့နှင့်တကွဖြစ်သောတရား
သဥပါဒါနော	ဥပါဒန်တို့နှင့်တကွ ဖြစ်သောတရား
သပရိဝါသော	အခြံအရံနှင့်တကွ ဖြစ်သူ
သပ္ပဋိကာ	ပဋိနှင့်တကွဖြစ်သောတရားတို့
သပ္ပစ္စယာ	အကြောင်းတို့နှင့်တကွဖြစ်သော တရားတို့
သမူလုဒ္ဓတော	အမြစ်နှင့်တကွ နှုတ်အပ်သောသစ်ပင်

၂၁။ ဥပမေယျ သဘာဝထင်ရှားပေါ်လွင်စေရန် ကွဝ–သဒ္ဒါထည့်သွင်း၍ သမာသ်တွဲစပ်သော ဗဟုဗ္ဗီဟိသမာသ်သည် ဥပမာနပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်မည်၏ ဤဥပမာနပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ်၌ ပထမာဝိဘတ်အနက်၊ ဆဋ္ဌီဝိဘတ်အနက် နှစ်မျိုးရှိနိုင်၏။

ပုံစံ။ (က) နိက္ကြော ကွဝ ပရိမဏ္ဍလော အယန္တိ နိက္ကြောဝပရိမဏ္ဍလော (ပထမာ)

(ခ) သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ သုဝဏ္ဏဝဏ္ဏော (ဆဋ္ဌီ)

ပထမာဝိဘတ်အနက်ဥပမာန ပုဗ္ဗပဒ ဗဟုဗ္ဗီဟိပုံစံများ

ပုံစံ	မြန်မာ
အတ္ထဘူတော	အနက်သဖွယ်ဖြစ်တော်မူ၏
အန္ဓဘူတော	အကန်းကဲ့သို့ဖြစ်သောလူမိုက်
ကာလသူရော	ကျီးကဲ့သို့ရဲရင့်သူ

http://www.dhammadownload.com

စက္ခုဘူတော	မျက်လုံးကဲ့သို့ဖြစ်တော်မူသောဘုရား
တန္တာကုလကဇာတာ	ချည်ထွေးကဲ့သို့ဖြစ်သောသတ္တဝါအပေါင်း
ဓမ္မဘူတော	တရားသဖွယ်ဖြစ်တော်မူ၏
နိဂ္ဂြောဓပရိမဏ္ဍလော	ပညောင်ပင်ကဲ့သို့ထက်ဝန်းကျင်ဝိုင်းသော
ဗြဟ္မဘူတော	မြတ်သောမဂ်တရားသဖွယ်ဖြစ်တော်မူ၏
မုဉ္ဇပဗ္ဗဇာဘူတော	မြူဆန်မြက်၊ ပြိန်းမြက်ကဲ့သို့ဖြစ်သော စက်ဆုပ်အပ်သော မိစ္ဆာအယူ
သခ်ံပဏ္ဍရော	ခရုသင်းကဲ့သို့ပြုံသောသူ

ဆဋ္ဌိဝိဘတ်အနက်ဥပမာနပုဗ္ဗပဒဗဟုဗ္ဗီဟိပုံစံများ

ပုံစံ	မြန်မာ
ဏှေဇယော်	ဏှေသားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော သလုံးမြင်းခေါင်းရှိတော်မူသောဘုရား
နာဂဂတိ	ဆင်ပြောင်၏သွားခြင်းနှင့်တူသောသွားခြင်း ရှိတော်မူသောဘုရား
နာဂဝိက္ကမော	ဆင်၏ကြွလှမ်းခြင်းနှင့်တူသော ကြွလှမ်းခြင်း ရှိတော်မူသောဘုရား
ဗြဟ္မဿရော	ဗြဟ္မာမင်း၏အသံနှင့်တူသော အသံရှိတော်မူသော ဘုရား
သီဟဂတိ	ခြင်္သေ့၏သွားခြင်းနှင့်တူသောသွားခြင်းရှိတော် မူသောဘုရား
သီဟ ဟနု	ခြင်္သေ့၏မေးနှင့်တူသော မေးရှိတော်မူသော ဘုရား
သီဟပုဗ္ဗဒ္ဓကာယော	ခြင်္သေ့၏ရှေ့ပိုင်းကိုယ်နှင့်တူသောကိုယ်ရှိတော် မူသောဘုရား

http://www.dhammadownload.com

သီဟဝိက္ကမော ခြင်္သေ့၏ကြွလှမ်းခြင်းနှင့်တူသော ကြွလှမ်းခြင်းရှိတော်မူသောဘုရား

သုဝဏ္ဏဝဏ္ဏော ရွှေအဆင်းနှင့်တူသောအဆင်းရှိတော်မူသော ဘုရား

၂၂။ ဝါသဒ္ဒါအနက်၌ သဒ္ဒါသဒ္ဒါနှစ်ခုပါရှိသော ဗဟုဗ္ဗီဟိသမာသ်သည် သဒ္ဒေါဘယဗဟုဗ္ဗီဟိသမာသ်မည်၏။ ဤသမာသ်၌ ယ၊ တ၊ ဇ၊ ဣမသဒ္ဒါများကို မထည့်ရ၊ ဝါသဒ္ဒါသည် အညပုဒ်ဖြစ်၏။

ပုံစံ။ ဒွေ ဝါ တယော ဝါ ပတ္တာ ဒွိတ္တိပတ္တာ။

သဒ္ဒေါဘယပဒဗဟုဗ္ဗီဟိသမာသ်ပုံစံများ

ပုံစံ	မြန်မာ
ဇကယောဇနဒ္ဝိယောဇနာနိ	တစ်ယူဇနာ၊ နှစ်ယူဇနာတို့
ဆပ္ပဉ္စဝါစာ	ခြောက်ခွန်း၊ ငါးခွန်းသောစကားတို့
ဒွိတ္တိပတ္တာ	နှစ်သပိတ်၊ သုံးသပိတ်တို့
ဒွိဟတီဟံ	နှစ်ရက်၊ သုံးရက်
သတ္တဒ္ဒမာသာ	ခုနစ်လ၊ ရှစ်လတို့

၂၃။ အထောင့်အရပ်မျက်နှာကိုညွှန်ပြသော ဗဟုဗ္ဗီဟိသမာသ်သည် ဒိသန္တရာဠတ္ထဗဟုဗ္ဗီဟိသမာသ်မည်၏။

ရှင်းလင်းချက်

အန္တရံ (မဇ္ဈိမသီမံ) အာရာတိ ဂဏ္ဌာတီတိ အန္တရာလံ။

အလယ်အပိုင်းအခြားကိုယူတတ်သောကြောင့် ''အန္တရာလ'' မည်၏။

ဒိသာနံ အန္တရာဠံ ဒိသန္တရာဠံ အရပ်နှစ်ခုတို့၏ အလယ်အကြား (အထောင့်အရပ်) သည် ဒိသန္တရာဠမည်၏။ ဒိသန္တရာဠံအတ္ထောယသာတိ ဒိသန္တရာဠတ္ထော အရပ်နှစ်ခုတို့၏အလယ်စပ်ကြားအနက်ရှိသော သမာသ်သည်

http://www.dhammadownload.com

ဒိသန္တရာဥတ္ထဗဟုဗ္ဗီဟိမည်၏။ (အန္တရာပုဒ်၊ အာ–ပုဗ္ဗရာဓာတ်၊ အန္တရာရမ္ဘ ရကို လပြုချ၍ ပြီး၏၊ လ–ငယ်နှင့် ဥကြီး အတူတူပင်ဖြစ်၏။)

ပုံစံ။ ပုဗ္ဗဿာစ ဒက္ခိဏာဿာ စ ယဒန္တရာဥန္တိပုဗ္ဗဒက္ခိဏာ။

ဒိသန္တရာဥတ္ထဗဟုဗ္ဗီဟိပုံစံများ

ပုံစံ	မြန်မာ
ပုဗ္ဗဒက္ခိဏာ	အရှေ့တောင်ထောင့်အရပ်
ပုဗ္ဗုတ္တရာ	အရှေ့မြောက်ထောင့်အရပ်
အပရဒက္ခိဏာ	အနောက်တောင်ထောင့်အရပ်
ပစ္ဆိမုတ္တရာ	အနောက်မြောက်ထောင့်အရပ်

၂၄။ သမာသ်အချင်းချင်း ဆန့်ကျင်ဘက်အနက်ကိုညွှန်ပြသော ဗဟုဗ္ဗီဟိသမာသ်သည် ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိသမာသ်မည်၏။

ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိပုံစံများ

ပုံစံ	မြန်မာ
ကေသာကေသိ	ဆံပင်တို့ကိုဆွဲကိုင်၍ဖြစ်သောရန်ပွဲ
ဒဏ္ဍာဒဏ္ဍိ	တုတ်တို့ဖြင့်ရိုက်နှက်၍ဖြစ်သောရန်ပွဲ
မုဋ္ဌာမုဋ္ဌိ	လက်သီးချင်းထိုး၍ဖြစ်သောရန်ပွဲ

ရှင်းလင်းချက်

ကေသာကေသိပုံစံ၌ ကေသာသဒ္ဒါတစ်ခုသည် တစ်ဘက်ရန်သူ၏ ဆံပင်ကို ဟော၏။ အခြားကေသာ သဒ္ဒါတစ်ခုသည် တစ်ဘက်ရန်သူ တစ်ယောက်၏ဆံပင်ကိုဟော၏။ ထို့ကြောင့် သမာသ်ပုဒ်အချင်းချင်း ဆန့်ကျင်ဘက်အနက်ကို ညွှန်ပြသောကြောင့် ''ကေသာကေသိ'' သည် ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိသမာသ်ဖြစ်၏။

http://www.dhammadownload.com

ပထမနေ့

၁။ ဆိန္နဟတ္ထော ပုရိသော ပဏ္ဏံ လိခတိ။

၂။ လောကဒ္ဒ ကင်းသော ကိလေသာရှိသော (ကိလေသာကင်းသော) ပုဂ္ဂိုလ်သည် ဒုစရိုက်မှုကို မပြုလုပ်၊ ထို့ကြောင့် အကယ်၍ ငြိမ်းအေးမှု ချမ်းသာကို ခံစားလိုလျှင် လူအားလုံးသည် ကိလေသာကင်းသူ ဖြစ်ရာ၏။

၃။ ကိလေသာရှိသောသူသည် မကောင်းမှုကို ပြုလုပ်၏။ ထို့ကြောင့် သူသည် သံသရာဒ္ဒ ကျင်လည်နေစဉ် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းကို ခံစားရ၏။

ဒုတိယနေ့

၁။ သတ္ထဟတ္ထော စောရော နဒီယာ မဇ္ဈေ အဘိရုဇ္ဈဝါဏိဇံ နာဝံ ဝိလုမ္ပတိ။

၂။ ကာမဂုဏ်ဒ္ဒ လိုလားသော ဆန္ဒရှိသော ယောဂျားသည် များသော သတ္တိသမီးရှိသော အိမ်ကို ရှာဖွေ၍ ထိုအိမ်ဒ္ဒ နှစ်ရက် သုံးရက်နေ၏။

၃။ ဤလောကဒ္ဒ ကြီးကျယ်သော ပညာရှိသောလူသည် အဆုံးမရှိသော ဉာဏ်ရှိတော်မူသော ဘုရားရှင်၏ တရားတော်ကို အရှိအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏။

တတိယနေ့

၁။ အန္ဓဘူတော ဗာလော ကာကသူရော ဟုတွာ ပါပံ ကရောတိ။

၂။ ကောင်းသောသီလရှိသော မိန်းမသည် ပြည့်စုံသော ကောက်စပါးရှိရာ အရပ်ဒ္ဒ လူအဖြစ်ကိုရ၏။

၃။ ပင်ကိုသဒ္ဓါတရားရှိကြသော လူတို့သည် ကောင်းသောအနုံရှိသော ပန်းဖြင့် ပရိနိဗ္ဗာန်ဝင်စံတော် ခုနစ်ရက်ရှိနေသော ဘုရားရှင်ကို ပူဇော်ကြပြီ။

http://www.dhammadownload.com

အမှတ် (၆) သင်ခန်းစာ
ဒွန်သမာသ်ပုဒ်ရေးနည်း

၁။ အဗျယီဘော၊ ကမ္မဓာရယ်စသော အခြားသမာသ်များ၌ နှစ်ပုဒ်စီတွဲစပ်သော်လည်း အရကောက်သောအခါ သမာသ်ပုဒ်အရ အနက်တစ်မျိုးကိုသာ ကောက်ယူရ၏။ အနက်တစ်မျိုးသာ ပြဋ္ဌာန်း၏၊ ဤဒွန်သမာသ်၌ကား သမာသ်စပ်ထားသော နှစ်ပုဒ်လုံး၏အနက်ကို အရကောက်ရ၏၊ နှစ်ပုဒ်လုံး၏အနက်က ပြဋ္ဌာန်း၏၊ ဤသို့ အနက်တစ်မျိုးသာမဟုတ်ဘဲ အနက်နှစ်မျိုးလုံးကို အစုံလိုက်ကောက်ယူရသောကြောင့် ဤသမာသ်သည် ဒွန္ဒသဒ္ဒါနှင့်တူ၏။ ဤသို့ ဒွန္ဒသဒ္ဒါနှင့်တူသောကြောင့် ဤသမာသ်ကိုလည်း အန္ဓတ္ထအမည်အားဖြင့် ဒွန်သမာသ်ခေါ်၏။

၂။ ထိုဒွန်သမာသ်သည် အောက်ပါအတိုင်း နှစ်မျိုးပြား၏။

(က) ကွတရီတရယောဂဒွန်

(ခ) သမာဟာရဒွန်

မှတ်ချက်။ ကွတရီတရယောဂဒွန်ကို အသမာဟာရဒွန်ဟုလည်း ခေါ်ကြ၏။

၃။ အခြားအနက်တစ်မျိုးသည် အခြားအနက်တစ်မျိုးနှင့် ယှဉ်စပ်ခြင်း၊ အခြားအနက်တစ်မျိုးကို ပေါင်းယူခြင်းသည် ကွတရီတရယောဂဒွန်မည်၏။ ''သမဏဗြာဟ္မဏာ'' ၌ သမဏသဒ္ဒါသည် ရဟန်းဟူသော အနက်တစ်မျိုးကိုသာ ဟောသည်မဟုတ်၊ ပုဏ္ဏားဟူသော အနက်တစ်မျိုးကိုလည်း ဆည်းယူ၏၊ ဗြာဟ္မဏသဒ္ဒါသည်လည်း ပုဏ္ဏားဟူသော အနက်တစ်မျိုးကိုသာ ဟောသည်မဟုတ်၊ ရဟန်းဟူသော အနက်တစ်မျိုးကိုလည်း ဆည်းယူ၏၊ ဤသို့ပေါင်းယူခြင်းကို ''ကွတရီတရယောဂဒွန်'' ခေါ်၏။ သမဏသဒ္ဒါဗြာဟ္မဏသဒ္ဒါတို့၏ အပြန်အလှန် ဆည်းယူခြင်းကြိယာကို ထွန်းပြလိုသောကြောင့် ''သမဏော၀

http://www.dhammadownload.com

ဗြာဟ္မဏောစ'' ဟူသော ဝိဂြိုဟ်ဝါကျ၌ စသဒ္ဒါကို ထည့်သွင်းပြရခြင်း ဖြစ်၏။ ဤကဲ့သို့တရီတရယောဂဒွန်သမာသ်၌ အစိတ်အစိတ် အနက် ပြဋ္ဌာန်းသောကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့်သာ ရုပ်ရှိနေရမည်။ ထို့ကြောင့် ပါဠိစီကုံးသောအခါ ဗဟုဝုစ်ဝိဘတ်ဖြင့်သာ ရေးရမည်။

မှတ်ချက်။ ဒွန်သမာသ်၌ နှစ်ပုဒ်သာမက သုံးပုဒ်၊ လေးပုဒ် စသည်ဖြင့် သမာသ်တွဲစပ်နိုင်၏။

၄။ ဒွန်သမာသ်၌ သမာသ်ပုဒ်နှစ်ပုဒ်လုံး၏ အနက်က ပြဋ္ဌာန်းသောကြောင့် သမာသ်စပ်ပြီးသောအခါ အနက်တစ်မျိုးကိုသာ အရကောက်ရခြင်း သည် သမာသ်၏ လက္ခဏာဖြစ်သည်ဟူသော စကားရပ်နှင့် ဆန့်ကျင်သည်ဟု ထင်မှတ်ဖွယ်ရှိ၏။ အမှန်မှာ မဆန့်ကျင်ပါ၊ သမဏဗြာဟ္မဏာပုံစံ၌ အထက်ကရှင်းပြခဲ့သည့်အတိုင်း သမဏသဒ္ဒါသည် ရဟန်းဟူသော ရိုးရာအနက်အပြင် ပုဏ္ဏားဟူသော အနက်တစ်မျိုးကိုလည်း တစ်ပြိုင် နက် ဟောနိုင်၊ ပေါင်းယူနိုင်၏။ ဗြာဟ္မဏသဒ္ဒါသည်လည်း ပုဏ္ဏား ဟူသော ရိုးရာအနက်အပြင် ရဟန်းဟူသော အနက်တစ်မျိုးကိုလည်း တစ်ပြိုင်နက် ဟောနိုင်၊ ပေါင်းယူနိုင်၏။ ဤသို့ သမဏသဒ္ဒါ၏ ဟော နက်နှစ်ခုကိုပင် ဗြာဟ္မဏသဒ္ဒါက ဟော၏။ ဗြာဟ္မဏသဒ္ဒါ၏ ဟောနက် နှစ်ခုကိုပင် သမဏသဒ္ဒါက ဟော၏။ ထိုသို့ သဒ္ဒါနှစ်ခု၏ ဟောနက် တူနေသောကြောင့် အနက်တစ်မျိုးကိုသာ အရကောက်ရခြင်း (ဧကတ္တ) သည် သမာသ်၏ လက္ခဏာဖြစ်သည်ဟူသော စကားနှင့် မဆန့်ကျင်ပါ။

၅။ ဒွန်သမာသ်၌ အောက်ပါအတိုင်း လက္ခဏာနှစ်ပါးရှိ၏။

(က) ရှေ့ပုဒ် နောက်ပုဒ်တို့၌ ပထမာဝိဘတ်ကျရခြင်း၊

(ခ) နှစ်ပုဒ်လုံးအနက်ပြဋ္ဌာန်းပြီးအရကွဲခြင်း။

၆။ ဒွန်သမာသ်တွဲသောအခါ ရှေ့ပုဒ်၊ နောက်ပုဒ် ဝိဘတ်တူမှ သမာသ်တွဲစပ် ရ၏၊ ဝုစ်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဒွန်သမာသ်တွဲစပ်နိုင်၏။

http://www.dhammadownload.com

ဝုစ်တူပုံစံ (က) သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။

(ခ) သမဏာ စ ဗြာဟ္မဏာစ သမဏဗြာဟ္မဏာ။

ဝုစ်မတူပုံစံ။ သမဏာ စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။

၇။ ဒွန်သမာသ်ပုဒ်ကို ပါဠိစီကုံးသောအခါ အမြတ်ဟော၊ အယုတ်ဟော သဒ္ဒါတို့တွင် အမြတ်ဟောသဒ္ဒါကို ရှေ့ကထားရ၏။

ပုံစံ။ သာရိပုတ္တ မောဂ္ဂလ္လာနာ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့၊

မာတာပိတရော	မိဘတို့
ဒေဝမနုဿာ	နတ်လူတို့
ပိတာပုတ္တာ	သားအဘတို့။

မှတ်ချက်။ ဒွန်သမာသ်၏အလယ်၌ မာတု စသော ရှေ့ပုဒ်၏အဆုံး ဥ–သရကို အာပြုရ၏။

၈။ သရအနည်းအများနှစ်မျိုးတွင် အချို့နေရာ၌ သရနည်းသောပုဒ်ကို ရှေ့ကထားရ၏။

ပုံစံ။ စန္ဒသူရိယာ လနေတို့

နိဂမဇနပဒါ နိဂုံးဇနပုဒ်တို့

၉။ အ၊ အာဆုံးသောပုဒ်နှင့် က္က၊ ဉ္ဇ၊ ဉ၊ ဦဆုံးသော ပုဒ်များကို ဒွန်သမာသ်တွဲစပ်ရာတွင် အချို့နေရာ၌ ''က္က၊ ဉ္ဇ၊ ဉ၊ ဦဆုံးသောပုဒ်ကို ရှေ့ကထားရ၏။

ပုံစံ။ အင်္ဂါဓိပမာ မီး၊ အခိုးတို့

အသိဓမ္မံ သန်လျက်ကာ (မြှားကာ)

စက္ခုသောတံ မျက်စိ နား

ဓာတုလိင်္ဂါနိ ဓာတ်၊ လိင်တို့

ဓနုကလာပံ လေး၊ တောင့် (မြှားပုံး)

http://www.dhammadownload.com

၁၀။ အ–အက္ခရာဆုံးသောပုဒ်ချင်း သမာသ်တွဲစပ်ရာတွင် အချို့နေရာဝယ် အစဉ် သရပါသောပုဒ်ကို ရှေ့ကထားရ၏။

ပုံစံ။ အတ္ထဓမ္မာ အကျိုးအကြောင်းတို့
အတ္ထသဒ္ဒါ အနက်သဒ္ဒါတို့
သဒ္ဒတ္ထာ သဒ္ဒါအနက်တို့

၁၁။ သရျံသဒ္ဒါတို့ကို ဒွန်သမာသ်တွဲစပ်ရာတွင် နည်းသောသရျံသဒ္ဒါကို ရှေ့ကထားရ၏။

ပုံစံ။ ဒုကတိကံ နှစ်ခုအပေါင်း၊ သုံးခုအပေါင်း
တိကစတုက္ကံ သုံးခုအပေါင်း၊ လေးခုအပေါင်း။

အသမာဟာရ (ကွတရီတရယောဂ) ဒွန်ပုံစံများ

ပါဠို	မြန်မာ
အတ္ထဓမ္မာ	အကျိုးအကြောင်းတို့
အတ္ထသဒ္ဒါ	အနက်သဒ္ဒါတို့
အဂ္ဂိဓူမာ	မီး အခိုးတို့
ခတ္တိယဗြာဟ္မဏာ	မင်းပုဏ္ဏားတို့
ဂတိဘုဒ္ဓိဘုဇပဋဟရဂကရဏယာ	သွားခြင်း၊ သိခြင်း၊ စားခြင်း၊ ရွတ်ဆိုခြင်း၊ ဆောင်ခြင်း၊ ပြုခြင်း၊ အိပ်ခြင်းအနက် ရှိသောဓာတ်တို့
စန္ဒိမသူရိယာ	လနေတို့
စန္ဒသူရိယာ	လနေတို့
ဇာနိပတိ	မယားလင်တို့
ဇယမ္ပတိကာ	မယားလင်တို့
ဒေဝမနုဿာ	နတ်လူတို့
ဆေတ္တဂိဟိနိ	ဓာတ်လိင်တို့

http://www.dhammadownload.com

ပိတာပုတ္တာ	သားအဘတို့
ဗြာဟ္မဏဂဟပတိကာ	ပုဏ္ဏားသူကြွယ်တို့
မာတာပိတရော	မိဘတို့
သမဏဗြာဟ္မဏာ	ရဟန်းပုဏ္ဏားတို့
သဒ္ဒတ္ထာ	သဒ္ဒါအနက်တို့
သာရိပုတ္တမောဂ္ဂလ္လာနာ	သာရိပုတ္တရာမောဂ္ဂလ္လာန်တို့။

၁၂။ သစ်ပင်အောက်၌ ကြွေကျလျက် ပြန့်ကျဲနေသော များစွာသော ပန်းပွင့်တို့ကို တစ်စုတစ်ပုံတည်းဖြစ်အောင် ကောက်ယူစုပုံထားသကဲ့သို့ အနက်ဒြပ်ပေါင်းများစွာကို တစ်ခုတည်း တစ်နက်တည်းဖြစ်အောင် စုပေါင်းဆောင်ပြခြင်းသည် သမာဟာရဒွန်မည်၏။ ''စက္ခု စ သောတဉ္စ စက္ခုသောတံ'' ပုံစံ၌ စက္ခုအရ မျက်စိဒြပ်ကို ရ၏။ သောတအရ နားဒြပ်ကိုရ၏။ ဤသို့ နှစ်ပုဒ်အနက်ပြဋ္ဌာန်းသော်လည်း အမျိုးအစား သီးခြားစီ ကွဲပြားနေသော မျက်စိနှင့်နားကို ''စက္ခုသောတံ (မျက်စိနား)'' ဟု တစ်ခုတည်း၊ တစ်နက်တည်းဖြစ်အောင် စုပေါင်းပေး၏။ ဤသို့ စုပေါင်းပေးသည်ကို ''သမာဟာရဒွန်'' ခေါ်၏။ သမာဟာရဒွန်၌ အပေါင်းအနက်ပြဋ္ဌာန်းသောကြောင့် ဧကဝုစ်ဝိဘတ်တစ်မျိုးဖြင့်သာ ရုပ်ရှိစေရ၏။ ပါဠိစီကုံးရာ၌ ဧကဝုစ်ဝိဘတ်ဖြင့်သာ ရေးရ၏။ လိင်အားဖြင့် နပုံလိင်တစ်မျိုးဖြင့်သာ ရေးရ၏။

၁၃။ သမာဟာရဒွန်သမာသ်တွဲစပ်ရာ၌ တွဲစပ်ချင်သလို တွဲစပ်၍မရနိုင်ပေ။ တထာ ဒွန္ဒေ စသောသုတ်၏ သတ်မှတ်ချက်အရ သတ္တဝါ၏ကိုယ်အင်္ဂါအနက်ဟော သဒ္ဒါချင်း၊ တူရိယာ၏အစိတ်အင်္ဂါအနက်ဟော သဒ္ဒါချင်း ယာဉ်၏ အစိတ်အင်္ဂါအနက်ဟောသဒ္ဒါချင်း၊ စစ်တပ်၏ အစိတ်အင်္ဂါအနက်ဟော သဒ္ဒါချင်း၊ ငယ်သောသတ္တဝါအနက်ဟော သဒ္ဒါချင်း အထူးထူး အဖုံဖုံ ဆန့်ကျင်ဘက်ဖြစ်သော သတ္တဝါအနက်ဟော သဒ္ဒါချင်း၊ လက္ခဏာကွဲပြားလျက် ကိစ္စတူအနက်ဟောသဒ္ဒါချင်းသာ တွဲစပ်ရ၏။

http://www.dhammadownload.com

သမာဟာရဒွန်သမာသ်ပုံစံများ

ပါဠိ	မြန်မာ
စက္ခုသောတံ	မျက်စိ နား
မုခနာသိကံ	ခံတွင်း နှာခေါင်း
ကဏ္ဏနာသံ	နား နှာခေါင်း
ဟနုဂီဝံ	မေး လည်ပင်း
ပါဏိပါဒံ	လက် ခြေ
ဆဝိမံသလောဟိတံ	အရေ အသား အသွေး

မှတ်ချက်။ ဟတ္ထပါဒါ၊ မံသလောဟိတာနိတို့သည် ကွတရိတရယောဂဒွန်သမာသ်ပုဒ်တို့ဖြစ်၏။

တူရိယင်္ဂတ္ထပုံစံ

ပါဠိ	မြန်မာ
ဂီတဝါဒိတံ	သီဆို တီးမှုတ်ခြင်း
သမ္မတာဠံ	မောင်းတီးခြင်း လက်ခုပ်တီးခြင်း
သခ်ပဏဝဠိဏ္ဍိမံ	ခရာသင်း၊ ထက်စည်၊ ပတ်သာ။

ယောဂ္ဂင်္ဂတ္ထပုံစံ

ဖာလပါစနံ	ထွန်သွား၊ နှင်တံ (ထုယ်သွား၊ နှင်တံ)
ယုဂနင်္ဂလံ	ထမ်းပိုး၊ ထွန်တုံး

သေနင်္ဂတ္ထပုံစံ

ဟတ္ထိအဿံ	ဆင် မြင်း
ရထပတ္တိကံ	ရထား ခြေလျင်စစ်သား
အသိဓမ္မံ	သန်လျက်မြှားကာ
ဓနုကလာပံ	လေး တောင့်

http://www.dhammadownload.com

ခုဒ္ဒဇန္တုကတ္ထပုံစံ

ဥံသမကသံ	မှတ် ခြင်း
ကုန္ထကိပိလ္လိကံ	ပိုးရွ ခြပုန်း
ကီဋ္ဌပဋ္ဌင်္	ပေါက်ဖတ် နှံကောင်
ကီဋ္ဌသရိသပံ	ပေါက်ဖတ် ကင်း

ဝိဝိဓဝိရူဒ္ဓပုံစံ

အဟိနကုလံ	မြွေ မြွေပါ
ဗိဠာရမူသိကံ	ကြောင် ကြွက်
ကာကောလူကံ	ကျီး ခင်ပုပ်
သပ္ပမဏ္ဍူကံ	မြွေ ဖား
ဂရုဠသပ္ပံ	ဂဠုန် နဂါး

ဝိသဘာဂတ္ထပုံစံ

သီလပညာဏံ	သီလပညာ
သမထဝိပဿနံ	သမထဝိပဿနာ
နာမရူပံ	နာမ်ရုပ်
ဟိရောတ္တပ္ပံ	အရှက်အကြောက်
သတိသမ္ပဇညံ	သတိသမ္ပဇဉ်
လောဘမောဟံ	လောဘ မောဟ
ဒေါသမောဟံ	ဒေါသ မောဟ
အဟိရိကာနောတ္တပ္ပံ	အဟီရိက အနောတ္တပ္ပ
ထိနိမိဒ္ဓံ	ထိန မိဒ္ဓ
ဥဒ္ဓစ္စကုက္ကုစ္စံ	ဥဒ္ဓစ္စ ကုက္ကုစ္စ

http://www.dhammadownload.com

အညောညလိင်္ဂဝိသေသိတပုံစံ

ဒါသီဒါသံ	ကျွန်မိန်းမ ကျွန်ယောကျ်ားများ
ကုတ္ထိပုမံ	မိန်းမ ယောကျ်ားများ
ပတ္တစီဝရံ	သပိတ် သင်္ကန်း
သာခါပလာသံ	သစ်ခက် သစ်ရွက်

သင်္ချာပရိမာဏတ္ထပုံစံ

ဧကဒုကံ	ဧကက ဒုက
ဒုကတိကံ	ဒုက တိက
တိကစတုက္ကံ	တိက စတုက္က
စတုက္ကပဉ္စကံ	စတုက္က ပဉ္စက
ဒီဃမဇ္ဈိမံ	အရှည်အလတ်

ပစနစဏ္ဍာလတ္ထပုံစံ

ဩရဓိဿုကရိကံ	ဆိတ်သတ်သမား ဝက်သတ်သမား
သာကုဏိကမာဂဝိကံ	ငှက်မုဆိုး သားမုဆိုး
သပါကစဏ္ဍာလံ	ခွေးသားစားသူ စဏ္ဍာလ
ပုက္ကုသဆဝဒုဟကံ	ဘင်ကျုံးသမား သူကောင်ဖုတ်သမား
ဝေနရထကာရကံ	နှီးရွေသမား သားရေနယ်သမား

ဒိသတ္ထပုံစံ

ပုဗ္ဗာပရံ	အရှေ့အနောက်အရပ်
ပုရတ္ထိမ ပစ္ဆိမံ	အရှေ့အနောက်အရပ်
ဒက္ခိဏုတ္တရံ	တောင်မြောက်အရပ်
အဓရုတ္တရံ	အောက်အထက်အရပ်

http://www.dhammadownload.com

၁၃။ ဝိဘာသာရုက္ခတိဏာ စသော သုတ်၏သတ်မှတ်ချက်အရ သစ်ပင်ဟော သဒ္ဒါချင်း၊ မြက်ဟောသဒ္ဒါချင်း၊ သားကောင်ဟောသဒ္ဒါချင်း၊ ဥစ္စာဟော သဒ္ဒါချင်း၊ စပါးဟောသဒ္ဒါချင်း၊ ဇနပုဒ်အနက်ဟော သဒ္ဒါချင်း သမာ ဟာရဒွန္ဒ သမာသ်တွဲစပ်ရ၏။ သမာသ်ပုဒ်ကို ကေဝုစ်၊ ဗဟုဝုစ် နှစ်မျိုးလုံးဖြင့် ရေးနိုင်၏။

သစ်ပင်ဟောသဒ္ဒါပုံစံ

အဿတ္ထကပိတ္ထံ	ညောင်ဗုဒ္ဓဟေပင် သီးပင်
အဿတ္ထကပိတ္ထာ	ညောင်ဗုဒ္ဓဟေပင် သီးပင်တို့
အမ္ဗပနသံ	သရက်ပင် ပိန္နဲပင်
ခဒိရပလာသံ	ရှာပင် ပေါက်ပင်
ဝေဿကဏ္ဏကံ	မျောက်ငိုပင် အင်ကြင်းပင်

မြက်ဟောသဒ္ဒါပုံစံ

ဥသီရဗီရဏံ	ပန်းရင်း မြက်မွှေး
မုဉ္ဇပဗ္ဗဇံ	ဖြူဆံမြက် ပြိတ်မြက်
ကာသကုသံ	သက်ကယ်မြက် သမန်းမြက်

သားကောင်ဟောသဒ္ဒါပုံစံ

အဇေဠကံ	ဆိတ် သိုး
ဟတ္ထိဂဝဿဝဠဝံ	ဆင် နွား မြင်း မြည်းမ
ဂေါမဟိံသံ	နွား ကျွဲ
ဧဏေယျဝရာဟံ	တောဆိတ်နက် ဝက်
သီဟဗျဂ္ဃတရစ္ဆံ	ခြင်္သေ့ ကျား အောင်း

http://www.dhammadownload.com

ဥစ္စာဟောသဒ္ဒါပုံစံ

ဟီရညသုဝဏ္ဏံ	ငွေ ရွှေ
ဇာတရူပရဇတံ	ရွှေ ငွေ
မဏိမုတ္တာသင်္ခဝေဠုရိယံ	ပတ္တမြား ပုလဲ ခရုသင်း ကြောင်မျက်ရွှဲ

စပါးဟောသဒ္ဒါပုံစံ

သာလိယဝံ	သလေးစပါး မုယောစပါး
တိလမုဂ္ဂမာသံ	နှမ်း ပဲနောက် ပဲကြီး

ဇနပုဒ်အနက်ဟောသဒ္ဒါပုံစံ

ကာသိကောသလံ	ကာသိတိုင်း ကောသလတိုင်း
အင်္ဂမာဂဓံ	အင်္ဂတိုင်း မဂဓတိုင်း
ဝဇ္ဇိမလ္လံ	ဝဇ္ဇီတိုင်း မလ္လာတိုင်း

အချင်းချင်း ဆန့်ကျင်ဘက်သဘောရှိသော အနက်ဟော သဒ္ဒါပုံစံ

ကုသလာကုသလံ	ကုသိုလ် အကုသိုလ်
သာဝဇ္ဇာနဝဇ္ဇံ	အပြစ်ရှိသောတရား အပြစ်မရှိသောတရား
ဟီနပဏီတံ	အယုတ် အမြတ်
ကဏှသုက္ကံ	အမည်းအဖြူ
သုခဒုက္ခံ	ဆင်းရဲချမ်းသာ
ပဋိဃာနုနယံ	မုန်းခြင်း ချစ်ခြင်း
ဆာယာတပံ	အရိပ် နေပူ
အာလောကန္ဓကာရံ	အလင်းအမှောင်
ရတ္တိန္ဒိဝံ	ည၌နေ့
အဟောရတ္တံ	နေ့ည၌

http://www.dhammadownload.com

၄င်္ဂေါသဒ္ဒါပုံစံ

ဟံသဗက်	ဟင်္သာ ဥဗျိုင်း
ကာရဏ္ဍစက္ကဝါက်	ဝမ်းဘဲ စက္ကဝါက်
မယူရကောဉ္စ	ဥဒေါင်း ကြိုးကြာ
သုကသာလိက်	ကျေး သာလိကာ

ပထမနေ့

၁။ သမဏာဗြာဟ္မဏာ ကာသိကောသလေ ဒေဝမနုဿာနံ သမထ ဝိပဿနံ ဒေသေန္တိ။

၂။ မင်းပုဏ္ဏားတို့သည် ရွှေငွေကို ကျွန်မိန်းမ ကျွန်ယောကျ်ားတို့အား ပေးကြ၏။

၃။ မိဘတို့သည် မိမိရင်၌ဖြစ်သောသားကို နွေညှာ်ပတ်လုံး အိမ်၌သာ နေစေကြ၏။

ဒုတိယနေ့

၁။ ဗြဟ္မဏဂဟပတိကာ စန္ဒိမသူရိယာနံ ပဘာယ ကယဝိက္ကယံကရောန္တိ။

၂။ အင်္ဂတိုင်းမဂဓတိုင်းက လူတို့သည် အပြစ်ရှိသောတရား၊ အပြစ်မရှိသောတရားကို မိမိ၏အသိဉာဏ်ဖြင့် သိကြ၏။

၃။ ဝဇ္ဇီတိုင်းမလ္လာတိုင်းကလူတို့သည် မိမိ၏ဥယျာဉ်၌ သရက်ပင်၊ ပိန္ဒေပင်ကို စိုက်ပျိုးကြ၏။

တတိယနေ့

၁။ ဝါဏိဇာ ဂေါမဟိသဥ္စေဝ အဇေလကဉ္စ ပေါသေတွာ ဝိက္ကိဏန္တိ။

၂။ လယ်သမားတို့သည် လယ်ကိုထွန်ယက်ခြင်းငှာ ထွန်သွား၊ နှင်တံကို ဝယ်ယူကြ၏။

၃။ ဤလောက၌ ဇနီးမောင်နှံတို့သည် အလုပ်လုပ်ပြီး ရွှေငွေကို ရှာဖွေကြ၏။

သမာသ်ပြီး၏။

http://www.dhammadownload.com

အခန်း (၃)
တဒ္ဓိတ်နာမ်

နာမ်ပုဒ်နှင့် ''သား၊ သမီး'' အမျိုးအနွယ် စသောအနက်ကို ဟော (ညွှန်ပြ) သော ဏစသော တဒ္ဓိတ်ပစ္စည်းများ ယှဉ်တွဲထားသောပုဒ်သည် တဒ္ဓိတ်နာမ်မည်၏။

